# မိုမို

တက္ကသိုလ်အိပ်မက်



design : ba ho htoon

ဆောင်း၏နံနက်ခင်းမို့ သွေ့ခြောက်အေးမြနေသည်
ကန်သုံးဆင့်ရေပြင်သည် နေခြည်အောက်တွင် တောက်ပ
သည်။ ကန်ရေပြင်ကို ဖြတ်တိုက်လာသည့် လေနုအေးကြော
နေခြည်နွေးနွေးအောက်မှာပင် အေးစိမ့်နေသယောင်ရှိသည်

စာသင်ဆောင် (၃) မှ ဘောလီဘောကွင်းရှိရာပင်
အဆောင်ရှိရာဘက်သို့ လာရာလမ်းတွင် ကန်သုံးဆင့် ရေပြ
ကို ငေးမောရင်း ကန်ဘောင်ပေါ်မှ လျှောက်လာရသည်
'လင်းလင်း'သဘောကျသည်။ နွေဦးသို့ရောက်လျှင် ကံ့ကေ
တွ ပွင့်ကြတော့မည်။ ပုသိမ်တက္ကသိုလ်မြေမှာ နွေဦးရာ

ပိုမိုး - တုယ

သည့် အလှဆုံးဟု လင်းလင်း ထင်မိသည်။ ပိတောက်နှင့် ငုရွှေဝါတို့ဖြင့် တက္ကသိုလ်မြေသည် ဝင်းထိန်လင်းလက်နေမြဲပင်။

ကန်စောင်းတွင် တည်ရှိသော စားသောက်ဆိုင်များ၏ အရှေ့မှ ငုစပ်ရွှေဝါတွေ၏ အလှကို တမ်းတမိသည်။ နွေဦးမှာတော့ ပန်းမျိုးစုံရနံ့များနှင့် တက္ကသိုလ်မြေသည် မွှေးပျံ့နေတတ်သည်။

တက္ကသိုလ်တွေဟာ ဘာဖြစ်လို့ ဒီလောက်လှ၊ ဒီလောက်မွှေးရတာလဲ မသိဘူး။ လင်းလင်းဘာသာ ဒီမေးခွန်းကို ခဏခဏမေးကြည့်မိသည်။

ပန်းအကြွေတွေ ပြန့်ကြဲနေသော ကန်စောင်းမှာ လမ်းလျှောက်ရတိုင်း ရင်ထဲမှာ ကြည်နူးမိသလိုလို လွမ်းမောတသ မိသလိုလို ...

မနက်စောစောဆိုလျှင် လင်းလင်း လမ်းလျှောက်လာတတ်သည်။ ကန်စောင်းပေါ်မှ လမ်းလျှောက်လာရတာကို





သဘောကျသည်။ ကန်စောင်းထိပ်ဆုံးမှ လူငယ် အချစ်နှင့် ငြိမ်းချမ်းရေးကဖီးမှာ လက်ဖက်ရည်တစ်ခွက်မှာပြီး စိမ်ခံသောက်တတ်သည်။ တစ်ခါတစ်ရံ သူငယ်ချင်းတွေမပါဘဲ တစ်ယောက်တည်းနေရခြင်းကို လင်းလင်း သဘောကျသည်။ လင်းလင်းက အတွေးသမား ...

ပုသိမ်တက္ကသိုလ်တစ်ခုလုံးသည် ဆောင်းဦးနေခြည်အောက်မှာ တောက်ပနေသည်။ ဘာသာရပ်အလိုက် ဘောလီဘောပြိုင်ပွဲတွေ ရှိသည်မို့ အားကစားဝတ်စုံ ရောင်စုံတွေဖြင့် ခုန်ပေါက်မြူးကြွနေကြသည်။ ဆောင်းရောက်တိုင်း အားကစားပွဲတော်တွေဖြင့် တက်ကြွစည်ကားနေတတ်သည်။

အသင်းလိုက် ဘောလီဘော အားကစားသမားတွေ ပွဲမဝင်မီ လေ့ကျင့်စမ်းသပ်နေပုံက ပျော်စရာ အားရစရာကောင်းလှသည်။ အသင်းလိုက် အားကစားပြိုင်ပွဲအမျိုးမျိုးကို လိုက်ပြီးအားပေးရတာ ပျော်စရာလည်း ကောင်းသည်။ နှလုံးတုန် ရင်ခုန်စရာလည်း ကောင်းသည်။

ဘယ်လိုခံစားမှုမျိုးနှင့်ပဲဖြစ်ဖြစ် အားကစားပွဲတိုင်းမှာ လင်းလင်း ရှိနေတတ်သည်။

လင်းလင်းတို့ မြန်မာစာက အားကစားသမားတွေဖြစ်သည့် ကိုဝင်းညွန့်နှင့် ကိုအေးမိုးတို့ကို လင်းလင်း သဘောကျသည်။ သူတို့က မဟာတန်းက အစ်ကိုကြီးတွေပေမယ့် လင်းလင်းတို့လို ဂုဏ်ထူးတန်း ပထမနှစ် ကျောင်းသူလေးတွေနှင့်လည်း ရင်းရင်းနှီးနှီးရှိသည်။

ဌာန၏ကျက်သရေဆောင်တွေအဖြစ် ဆရာ၊ ဆရာမတွေက ချစ်ခင်အရေးပေးသလို လင်းလင်းတို့လို အတန်းငယ်သူတွေကလည်း အားကိုးချစ်ခင်ကြသည်။

တခြားမေဂျာက လူတွေက ကိုဝင်းညွန့်တို့ကို အဘိုးကြီးတွေဟု နောက်ပြောင်လျှင် လင်းလင်းနှင့် စကားများတော့သည်။ ဘယ်သူတွေဘာပြောပြော ကိုကြီးဝင်းညွန့်တို့ကတော့ အပြုံးမပျက်။ သည်လိုဆိုပြန်တော့လည်း ကိုကြီးဝင်းညွန့်ကို ပြုံးအလှပိုင်ရှင်ဟု နောက်ပြောင်ကြပြန်သည်။





ဒီနေ့ မြန်မာစာအသင်းနှင့် ရူပဗေဒအသင်း။

လူအုပ်နှင့် အားပေးရလျှင် ပိုပြီးအားတက်စရာကောင်းသည်မို့ သူငယ်ချင်းတွေကို လိုက်ရှာနေမိသည်။ လင်းလင်းတို့ မြန်မာစာက ကျောင်းသားတွေ တစ်ယောက်စနှစ်ယောက်စ တွေ့နေပြီ။

"လူနည်းလိုက်တာ …ဘယ်များရောက်နေကြလဲ မသိဘူး၊ အားပေးမယ့်သူမရှိရင် ဒုက္ခပဲ"

စိုးရိမ်စိတ်နှင့် ရေရွတ်လိုက်သည်။

"အင့် …အမယ်လေး"

နှုတ်မှယောင်၍ အော်လိုက်မိသည်။ လူတစ်ယောက်နှင့် ဝင်တိုက်မိပြီး လင်းလင်း ချော်ကျသွားသည်။ ခြေထောက်အတော်နာသွားသည့်အတွက် ရုတ်တရက်မထနိုင်။

"ဆောရီးပဲ …သိပ်နာသွားလား"

မော့အကြည့်မှာ သူ့မျက်ဝန်းအကြည့်နှင့် ဆုံသည်။ ထက်မြက်စူးရှသော မျက်ဝန်းအစုံက လင်းလင်းကို လွှမ်းခြုံ

ဖမ်းစားထားလိုက်သလိုပါပဲလား။

ထရန့်အားယူနေသည့် လင်းလင်းကို လက်ကမ်းပေးသည်။ လင်းလင်း ငေးကြည့်နေဆဲမှာပင် လင်းလင်းလက်ကို ဖျတ်ခနဲ ဆုပ်ကိုင်ကာ မထူပေးလိုက်သည်။

"လျှောက်နိုင်ပါ့မလား"

"လျှောက်နိုင်မှာပါ"

ကြိုးစားပြီး ထောက်ကြည့်ပေမယ့် ခြေထောက်က တော်တော်လေးနာနေသည်။

"မရဘူးထင်တယ်၊ ကျွန်တော် အဆောင်ကို ပြန်ပို့ပေးရမလား"

နာရီကိုငုံ့ကြည့်ပြီး ပြောလိုက်သည်။

"အချိန်မီပါသေးတယ်၊ ကျွန်တော့်မှာ ဆိုင်ကယ်ပါတယ်လေ"

သည်တော့မှ သူ့အဝတ်အစားကို သတိထားမိသည်။ အားကစားဝတ်စုံအနီရောင် အဖြူရောင်ဘောင်းဘီနှင့် မြန်မာ





စာအသင်းနှင့် ယှဉ်ပြိုင်မည့် သချာအသင်းက အားကစားသမား တစ်ဦးပေပဲ။

"ဟင့်အင်း ….လင်းလင်းမပြန်ဘူး၊ လင်းလင်းတို့အသင်းကို အားပေးမလို့"

"ဪ …မြန်မာစာကျောင်းသူလား"

လင်းလင်း ခေါင်းညိတ်ပြလိုက်သည်။

"ဖြည်းဖြည်းလျှောက်သွားမယ်"

"ကျွန်တော် တွဲပို့မယ်"

"အို …မတွဲပါနဲ့၊ ရတယ်"

အားတင်း၍ ခြေထောက်လိုက်ပေမယ့် အတော်ပင်နာကျင်သွားသည်။ လင်းလင်း ပြန်၍မပြောနိုင်မီပင် လင်းလင်း၏လက်မောင်းကို တွဲဖက်ပြီးသားဖြစ်နေသည်။

ဘော်လီဘောကွင်းနား ရောက်လာသည်နှင့် လင်းလင်းတို့ မြန်မာစာအဖွဲ့သားတွေနှင့် ဆုံသည်။ သူတို့လည်း လူစုမိနေပြီ။ လင်းလင်းတို့နှစ်ယောက်ကိုကြည့်ပြီး

အံ့ဩနေကြသည်။

"လင်းလင်း ...ဒီမှာပဲနေခဲ့တော့မယ်"

"ခြေထောက်သိပ်နာနေတာပဲ၊ အဆောင်ပြန်သင့်တယ်၊ ကျွန်တော်လိုက်ပို့မယ်"

"မပြန်ဘူး၊ ကိုကြီးဝင်းညွန့်တို့ကို အားပေးရဦးမှာ"

"သိပ်ခေါင်းမာပါလား"

"အားကစားပွဲဆိုရင် အမြဲအားပေးနေကျ"

"ကိုယ်တို့ကို အားပေးမှာလား"

"အားမပေးနိုင်ပါဘူး၊ ကိုယ့်မြန်မာစာပဲ အားပေးမှာပေါ့"

"ကိုမိုး ...လာတော့လေ၊ ပွဲစတော့မယ်"

သချာအားကစားသမားတွေ အနားရောက်လာပြီး သူ့ကိုဆွဲခေါ်သွားသည်။

"လင်းလင်း ဘယ်လိုဖြစ်လာတာလဲ၊ သင်္ချာကို အားပေးမလို့လား"





ကိုကြီးဝင်းညွန့်နှင့် ကိုကြီးအေးမိုးတို့က လင်းလင်းကို ပြုံးစနဲ့နဲ့နှင့် စသည်။

"ဝေးသေး ...ကိုယ့်မြန်မာစာပဲ အားပေးမှာပေါ့၊ အားပေးချင်လွန်းလို့သိလား ခြေနာနေတာတောင် မပြန်ဘဲ ဇွတ်ပေနေတာ"

"မသိပါဘူး၊ သချာနဲ့တွဲလာလို့"

"သူက လင်းလင်းကို ဝင်တိုက်မိတာကိုး"

"သြော် ...ဒီလိုလား"

ကိုကြီးဝင်းညွန့်တို့ ယူပေးသည့် ကုလားထိုင်တစ်လုံးမှာ ဝင်ထိုင်လိုက်သည်။

နှစ်ဘက်အသင်းမှ အားကစားသမားတွေ ကွင်းထဲပြေးဆင်းလာကြပြီ။ အပြန်အလှန် လက်ဆွဲနှုတ်ဆက်နေကြပြီ။ ဘောလီဘောကွင်းတစ်ခုလုံး အားပေးမည့် ကျောင်းသားကျောင်းသူတွေနှင့် ပြည့်လျှံနေသည်။

"ကိုမိုး ...ကိုမိုး ...ကိုမိုးရေ ကြိုးစားလိုက်စမ်း"

သချာၤကျောင်းသား၊ ကျောင်းသူတွေ နှုတ်ဖျားမှာ အများဆုံးကြားရသည့်အသံ။

"ကိုမိုးဆိုတာ သူကိုး"

စိတ်ထဲက ရေရွတ်လိုက်မိသည်။

"ဒီနေ့ မိုးထွဋ် အရမ်းကောင်းနေတယ်"

လင်းလင်းတို့နားမှ သချာၤကျောင်းသူတွေ မှတ်ချက်ချကြသည်။

"သူ့နာမည်က မိုးထွဋ်တဲ့လား"

အရပ်မြင့်မြင့်၊ အသားလတ်လတ်၊ နှာတံပေါ်ပေါ်၊ မျက်ဝန်းတောက်တောက်များနှင့် အားကစားသမား တစ်ယောက်၏ အသွင်သဏ္ဍာန်နှင့် လိုက်ဖက်ညီညွတ်သည် ဟု လင်းလင်း ကောက်ချက်ချသည်။

"ကိုကြီးဝင်းညွန့် ...ကိုကြီးအေးမိုး"

လက်ခုပ်တီးရလွန်း၍ လက်ဝါးတွေ ကျိန်းစပ်နေသည်။ အသံကုန်ဟစ်ရ၍ လည်ချောင်းတွေနာလာသည်။





သူ့ဘက်ကိုယ့်ဘက် အပြိုင်အဆိုင် အော်ဟစ်အားပေးရသည်။

"ဆပ်ဘင်ဝင်အောင်လုပ်ပါ"

လင်းလင်းအသံက စူးစူးရှရှ ရှိလာသည်မို့ မိုးထွဋ် လှည့်ကြည့်သည်။ လင်းလင်းတို့အသင်း ရှုံးနေ၍ မျက်စိမျက်နှာပျက်ပျက်နှင့် အတင်းအော်ဟစ်နေသည့် လင်းလင်းနှင့်သူ မျက်လုံးချင်းဆုံသွားသည်။ အံ့ဩသလိုကြည့်ပြီး မျက်လုံးတစ်ဖက် မှိတ်ပြသည်။

အနားမှာရှိနေသည့် နွယ်ဦးက လင်းလင်းကို လက်ကုတ်လိုက်သည်။

"နင့်ကို မျက်စိမှိတ်ပြနေတယ်"

လင်းလင်း မကြားဟန်ဆောင်နေလိုက်သည်။

"လင်းလင်းတော့ ဓာတ်လမ်းတွေ ဖြစ်နေပြီထင်တယ်"

"အသာနေစမ်း ...တို့အသင်းရှုံးလို့ စိတ်ညစ်နေရ

တဲ့အထဲ"

"လင်းလင်းက သချာ်ကို အားပေးနေလို့ဖြစ်မှာပေါ့"

"အပိုတွေလာပြောမနေနဲ့၊ လင်းလင်းအကြောင်း သိသားနဲ့"

အားကစားပွဲတိုင်းမှာ လင်းလင်း အားမပေးခဲ့တာမရှိ။ ရှေ့ဆုံးက လင်းလင်း ရှိနေတတ်သည်။ အသံစူးစူးနှင့် အော်ဟစ်အားပေးတတ်သည်။ တစ်ဘက်အသင်းက အားပေးသည့် ကျောင်းသားကျောင်းသူတွေက လင်းလင်းနှင့် အဖွဲ့သားတွေကို ကြည့်မရကြ။

အားကစားပွဲတွေ နိုင်လျှင် ကိုကြီးဝင်းညွှန့်တို့နှင့် အတူ သစ္စာတည်လက်ဖက်ရည်ဆိုင်မှာ ရှိနေတတ်သလို အားကစားပွဲ ရှုံးလျှင်လည်း အားကစားသမားအဖွဲ့နှင့်အတူ ရောင်ဒိုတတ်သည်။ သုံးလေးရက်လောက် ခေါင်းထဲကမထွက်တော့။ စားမဝင်၊ အိပ်မပျော်ဖြစ်တတ်သည်။





အားကစားသမားတွေကလည်း လင်းလင်းနှင့် အဖွဲ့မပါလျှင်မပြီး၊ အတင်းလိုက်ခေါ်တတ်သည်။

"မြန်မာစာကျောင်းသား အဘိုးကြီးတွေပါ၊ မြန်မာစာကျောင်းသား အဘိုးကြီးတွေပါ၊ ဖရက်ရှာတွေကိုမနိုင်လို့ ရှုံးကြပြီတဲ့ဗျို့"

သချာ်အသင်းဘက်က ခပ်လှောင်လှောင် ကျောင်းသားတွေက ဝိုင်းလှောင်သည်။ သည်သီချင်းကို ထပ်တလဲလဲဆိုနေသည်။

"မြန်မာစာကျောင်းသား ကောင်းစားပါတယ် ... မြန်မာစာကျောင်းသား ကောင်းစားပါတယ် ...အဘိုးကြီးလို့ ခေါ်သော်ငြား ...ဖရက်ရှာလေးနဲ့ညား"

လင်းလင်းတို့ အတန်းသား ကိုအောင်ကျော်မိုးက အငြိမ့်ထဲက သီချင်းကို ပြန်ဆိုနေသည်။ မြန်မာစာအားကစားသမားတွေက မဟာတန်းကျောင်းသား သက်ကြီးဝါကြီးတွေများသည်ဆိုကာ အဘိုးကြီးတွေဟု တခြားမေဂျာတွေက

လျှောင်ပြောင်တတ်ကြသည်။ အနုပညာစင်တင်ပွဲတုန်းက ကိုအောင်ကျော်မိုး ခေါင်းဆောင်သော မြန်မာစာလှူပြက်တွေက သံချပ်စပ်ပြီး အင်္ဂလိပ်စာက ဖရက်ရှာမလေးတွေ မခံချင်အောင် ပြန်လည်ချေပထားသည်။

ခေါင်းဆောင်တိုက်စစ်မှူးဖြစ်နေသည့် သချ်ာကျောင်းသား ကျောင်းသူအများစု ဖိ၍အားပေးနေသော သူ့ကို လင်းလင်း ကြည့်မရ။

"အဟုတ်ကြီးမထင်နဲ့ …ဘာမှဖြစ်မလာဘူး … ဘာမှဖြစ်မလာဘူး"

လင်းလင်းတို့အုပ်စုက သူ့လှုပ်ရှားမှုတိုင်းမှာ လိုက်ရှုံ့ချနေကြသည်။ သူက ကစားရင်း လင်းလင်းတို့ဘက်ကို လှည့်ကြည့်ပြီး ပမာမခန့် ပြုံးလိုက်သည်။

"ဟွန်း …မုန်းလိုက်တာ၊ သေလိုက်"

နောက်ဆုံးတော့ ကိုမိုးတို့ သချ်ာအသင်းက ကပ်၍အနိုင်ရသွားသည်။ အစွမ်းကုန် ကြိုးစားရင်း ရှုံးခဲ့ရသော





ကိုကြီးဝင်းညွန့်တို့အုပ်စု အားကစားသမားတွေ ဖြစ်ပေမယ့် ကြံ့ကြံ့မခံနိုင်။ မျက်ရည်တွေ စီးကျနေသည်။ လင်းလင်းလည်း ကိုကြီးတို့အုပ်စုနှင့် အတူရောငိုခဲ့ရသည်။ ကိုကြီးဝင်းညွန့်တို့အုပ်စုနှင့် သစ္စာတည်မှာ ထိုင်နေတုန်း သူတို့အုပ်စုရောက်လာသည်။

"ခြေထောက်နာနေတုန်းပဲ မဟုတ်လား၊ ဆေးခန်းလိုက်ပို့ပေးမယ်လေ"

သူက လင်းလင်းကို ဂရုတစိုက်မေးသည်။

"ဟင့်အင်း …မလိုပါဘူး"

"ကျွန်တော့်ကို စိတ်ဆိုးနေတာလား"

လင်းလင်း ပြန်မဖြေ။ ခေတ္တမျှ အဖြေကိုစောင့်နေပြီး လင်းလင်း၏ စိတ်အခြေအနေကို နားလည်သွားသည်မို့ လှည့်ထွက်သွားသည်။ ကျောခိုင်းထားသည့်ကြားမှပင် တစ်ဘက်ဝိုင်းတွင်ရှိနေသော သူ့အသံကို ကြားနေရသည်။ သူ့ကို လင်းလင်း မုန်းနေသည်။

အားကစားနှင့် ပတ်သက်လျှင် လင်းလင်းက မေဂျာ စွဲကြီးသည်။ တကယ်တော့ လင်းလင်း တစ်ယောက်တည်း မဟုတ်ပါ။ ကျောင်းသားကျောင်းသူတိုင်း အတူတူပါပဲ။ မေဂျာ စွဲကြီးကြသည်ပင်။ တစ်ဆောင်တည်း၊ တစ်ခန်းတည်း သူငယ်ချင်းချင်းပင် မေဂျာစွဲစိတ်ဓာတ်နှင့် မခေါ်ချင်၊ မပြောချင်ကြတော့ ....

"မိုးထွန်းသာ မပါရင် တို့နိုင်မှာ၊ ငါတော့ အဲဒီကောင့်ကို ကြည့်လို့မရဘူး"

နွယ်ဦးက မကျေမနပ်နှင့် တဖွဖွပြောသည်။

"ဟုတ်တယ်၊ လင်းလင်းလည်း မုန်းတာပဲ"

"သူက မနှစ်က သချာကင်းတဲ့၊ ပုံစံကတော့ အဖြောင့်သား"

"ကင်းမကလို့ ဘာပဲဖြစ်ဖြစ် ကြည့်မရပါဘူး"

ထိုနေ့က လင်းလင်းကျော် မတတ်နိုင်တော့။ ခြေထောက်ထော့နင်း ထော့နင်းနှင့်မို့ ကိုကြီးအေးမိုး ဆိုင်ကယ်





နှင့် အဆောင်ပြန်ရသည်။ ခြေထောက်က တဖြည်းဖြည်း ယောင်လာသည်။ နာကျင်မှုဝေဒနာကလည်း ပြင်းထန်လာသည်။ မတတ်သာသည့်အဆုံး ဆရာဝန်မကြီး ဒေါ်ခင်ခင်စီ ဆေးခန်းကို သွားရသည်။

"ဆိုက်ကားနဲ့ သွားရမှာပဲ"

"မိုးထွန်းပါလား ...နင့်နောက်လိုက်လာတာနဲ့ တူတယ် လင်းလင်း"

"မဖြစ်နိုင်တာ"

နွယ်ဦးနှင့် အချေအတင်ပြောဆိုနေစဉ်မှာပင် မိုးထွန်းဆိုင်ကယ်က လင်းလင်းတို့ဆိုက်ကားနှင့် ယှဉ်ရပ်လိုက်သည်။

"လင်းလင်းရဲ့ ခြေထောက်က အခြေအနေကို သတင်းလာမေးတာ၊ လင်းလင်းတို့ ဆေးခန်းသွားတယ် ပြောလိုက်လို့၊ ကျွန်တော် လိုက်ပို့ပေးမယ်လေ"

"နေပါစေ၊ ဆိုက်ကားနဲ့သွားပါ့မယ်"

"လင်းလင်း ...ကျွန်တော့်ကို စိတ်ဆိုးနေလို့လား"

"ရှင့်ကို ဘာဖြစ်လို့ စိတ်ဆိုးရမှာလဲ"

"ဟို ...ဟို ကျွန်တော့်ကြောင့် လင်းလင်းတို့အသင်း ရှုံးသွားတယ်ဆိုပြီး လင်းလင်းက မေဂျာစွဲသိပ်ကြီးတာဆို"

လင်းလင်းအကြောင်းကို သူဘယ်လိုသိနေပါလိမ့်။

"ကျွန်မ စိတ်ဆိုးနေတာကို ရှင်ဘယ်လိုလုပ်သိလဲ"

"ကျွန်တော်သိပါတယ်"

"ကိုယ့်မေဂျာနိုင်အောင် ကစားဖို့ကလည်း ရှင့်တာဝန်ပဲ၊ ကိုယ့်မေဂျာမနိုင်လို့ စိတ်ဆိုးဖို့ကလည်း ကျွန်မ အခွင့်အရေးပဲ၊ ရှင်နဲ့ကျွန်မနဲ့ ဘာမှမဆိုင်ဘူး၊ လင်းလင်း သွားတော့မယ်"

"ကျွန်တော်လည်း လိုက်ခဲ့မယ်"

သူ့ကို လင်းလင်း ဆက်မပြောတော့။ ဆိုက်ကား ဆရာကိုသာ ဆက်၍ထွက်ခွာစေခဲ့သည်။

"ကိုမိုးထွန်းက သိပ်တော်တာပဲနော်၊ ကိုမိုးထွန်းသာ မပါရင် နွယ်ဦးတို့အသင်းနိုင်မှာ"





ဒေါက်တာ ဒေါ်ခင်ခင်စီ ဆေးခန်းမှာ လူနာတွေပြည့် နေသည်။ သည်ဆေးခန်းက ပုသိမ်မှာ လူနာအများဆုံး။ ဆရာဝန်မကြီး ဒေါ်ခင်ခင်စီက ဆေးလိုက်သည်။ စိတ်ရှည်ပြီး သဘောကောင်းသည်။

ဆေးခန်းအပြင်မှာ ထိုင်စောင့်နေကြရင်း နွယ်ဦးက စကားမရှိစကားရှာပြောသည်။

"ကိုမိုးထွန်းလို တိုင်းလက်ရွေးစင်တစ်ယောက်ပါနေ တော့လည်း ရှုံးတာမဆန်းပါဘူး"

"နွယ်ဦးတို့အသင်းလည်း ကောင်းပါတယ်၊ ကိုကြီး ဝင်းညွန့်တို့က လက်ရွေးစင်တွေအတိုင်းပါပဲ၊ ကိုကြီးဝင်းညွန့် ကမှ ဘက်စုံတော်တာ၊ အားကစားအမျိုးမျိုးကို တတ်တာ"

"ကိုကြီးဝင်းညွန့်က အသက်ကြီးပြီလေ၊ လူငယ်တွေ ကလည်း သိပ်အားမကိုးရသေးဘူး"

လင်းလင်းကတော့ ယောင်ကိုင်းနေသော သူ့ခြေ ထောက်ကို ငုံ့ကြည့်ပြီး စိတ်မသက်မသာဖြစ်နေသည်။

ကျောင်းတွေပျက်ဦးတော့မည်။ ကျောင်းပျက်မှာကိုတော့ လင်းလင်း စိုးရိမ်သည်။

“လင်းလင်းခြေထောက်က အရမ်းယောင်နေတယ် နော်၊ ကျွန်တော့်ကြောင့်ဖြစ်ရတာ ကျွန်တော် စိတ်မကောင်းဘူး”

လင်းလင်း မျက်နှာထားက အလိုလိုတင်းမာနေသည်။ ခြေထောက်အတွက် စိတ်ပျက်မိခြင်းနှင့် ဘော်လီဘောပွဲရှုံး၍ နာကြည်းကြေကွဲနေမိခြင်း။ နွယ်ဦးကတော့ ကြားထဲကနေပြီး အားနာနေပုံရသည်။ သည်အတွက် ကိုမိုးထွဋ်နှင့် အလိုက်သင့် စကားပြောနေခြင်းဖြစ်သည်။

“နောက်နေ့ဆိုရင် ဆေးခန်းသွားဖို့လာခေါ်ပါ့မယ်”

“ရပါတယ်”

လင်းလင်းဆီက ကျေနပ်လောက်သည့် တုံ့ပြန်မှုမရပေမယ့် သူ စိတ်ပျက်ပုံမရ။ အပြန်မှာလည်း လင်းလင်းဆိုက်ကားနှင့်အတူ ဆိုင်ကယ်ကို ယှဉ်စီးလာသည်။





“ဒီသချာလေးကလည်း ဘာစိတ်ကူးနဲ့ လင်းလင်းကို ဒီလောက်ဂရုစိုက်နေတာလဲမသိဘူး”

ပြုံးစစနဲ့ နွယ်ဦး ဆိုသည်။

“မသိဘူး …နွယ်ဦး မြင်တဲ့ကြားတဲ့အတိုင်းပဲ”

“သူကြည့်ရတာ သိပ်အားနာတတ်ပုံရတယ်၊ သူက သချာမှာတော့ စူပါပဲ”

“ဘာစူပါလဲ”

“အားကစားမှာရော၊ အနုပညာမှာရော၊ ကင်းဖြစ်တာရော၊ စာတော်တာရောပေါ့ကွယ်။ ဟာ …အခုမှတွေးမိတယ် လင်းလင်းလိုချင်တဲ့ အရည်အသွေးတွေ အပြည့်ပဲ”

တော်ရုံယောကျ်ားလေးတွေကို အံထင်မကြီးတတ်။ လင်းလင်းရွေးချယ်မည့် ယောကျ်ားအတွက် အရည်အချင်းသတ်မှတ်ချက်တွေက များသည်။ အားကစားထူးချွန်ဖို့ စာတော်ဖို့ ပါပါသည်။

“ဟုတ်သားပဲ၊ လင်းလင်းကြိုက်တဲ့ အရည်အချင်း

တွေ သူ့မှာရှိသားပဲ''

ရယ်ရယ်မောမောနှင့် ပြန်ပြောလိုက်သည်။

''၂၀၀၄ ခုနှစ်ကတော့ လင်းလင်းရဲ့နှစ်ပဲပေါ့''

သူငယ်ချင်းတွေက ဝိုင်းပြီးစကြသည်။ လင်းလင်းက တော့ ယောင်နေသော သူ့ခြေထောက်ကလေးကို ကြည့်ပြီး မဲ့ပြုံးလေးပြုံးလိုက်သည်။

× × × ×





''စက်ဘီးပေါ်ကိုတောင် တက်လို့ရပါ့မလား''

ခြေထောက်နာနေသည့်ကြားမှ အားကစားပွဲကို သွားချင်သေးသည်။ သည်တစ်ပွဲရှုံးလျှင် လင်းလင်းတို့အသင်း ထွက်ရတော့မည်။

''ကျွန်တော် လင်းလင်းကိုလာခေါ်တာ''

''လင်းလင်း စက်ဘီးနဲ့ သွားပါ့မယ်''

''စက်ဘီးပေါ်ကို တက်လို့မှမရဘဲ''

နွယ်ဦး ဝင်ပြောသည်။

''ဒီမှာ ကိုမိုးထွဋ် ...လင်းလင်း ခြေထောက်အတွက်

ရှင့်မှာတာဝန်ရှိတယ်လို့ မခံစားပါနဲ့''

''ဟာဗျာ ...ဒီလိုလဲ မဟုတ်ပါဘူး၊ ကျွန်တော်က လင်းလင်းကို မြင်မြင်ချင်း ခင်မင်ချင်လို့ပါ''

အံ့သြစွာနှင့် သူ့ကို မော့ကြည့်လိုက်သည်။ စူးရှသော သူ့မျက်ဝန်းများက လင်းလင်းကို လွှမ်းခြုံထားလိုက်သည်။ စူးရှတောက်ပသောမျက်ဝန်းများ လင်းလင်း သဘောကျလှော့ ရှိသည့် မျက်ဝန်းမျိုး ...

× × × ×





လင်းလင်း ခြေထောက် အခြေအနေကြောင့် ဒေါက်တာ ခင်ခင်စီဆေးခန်းသို့ သုံးရက်ဆက်တိုက်သွားရသည်။ ဆေးခန်းကို သူလာခေါ်သည့်အခါတိုင်း လင်းလင်း ငြင်းချင်ပေမယ့် မငြင်းရက်။ သူကလည်း ဖွဲ့ကောင်းလွန်းသည်။

သချ်ာအားကစားသမားမို့ မေဂျာစွဲကြီးလှသော လင်းလင်းအနေနှင့် ကြည့်မရခဲ့။ လင်းလင်း၏ တင်းမာသော ဆက်ဆံရေးများကို သူ၏ အလျှော့ပေးခြင်းတို့က လွှမ်းခြုံ အနိုင်ယူသွားခဲ့လေသည်လားမသိ။ တဖြည်းဖြည်းနှင့်

လင်းလင်းစိတ်တွေ ပျော့ပျောင်းသွားတော့သည်။

နံနက်တိုင်း လင်းလင်းအဆောင်ရှေ့မှာ နှင်းဆီဖူး အနီရဲရဲလေးတစ်ပွင့် လာထားလေ့ရှိသည်။ လင်းသို့ မိုးဆိုသည့် စာတမ်းလေး ချိတ်ဆွဲထားသည်။

နှင်းဆီပန်းဖူး နီနီရဲရဲလေးက သူဆောင်ရွက်သမျှထဲတွင် လင်းလင်းစိတ်ကို အနူးညွတ်စေဆုံးပင်။ ကိုးရီးယားရုပ်ရှင်ကားတွေထဲမှာ ဆည်းဆာရင်ခုန်သံကို လင်းလင်းအကြိုက်ဆုံး။ ဆည်းဆာရင်ခုန်သံထဲမှ ဆန်းမီထံသို့ လာပို့ထားသည့် ဒါရိုက်တာရင်၏ နှင်းဆီဖူးရဲရဲလေးကို လင်းလင်းအစွဲမက်ဆုံးပင်။

အိပ်မက်ထဲ၌ လင်းလင်း အဆောင်ရှေ့မှာ နှင်းဆီဖူးရဲရဲတစ်ပွင့်ကို မြင်မက်ခဲ့ဖူးသည်။ သည်နှင်းဆီဖူးလေးသာ ပါမလာလျှင် လင်းလင်း၏ စိတ်ကိုဖမ်းစားနိုင်မည်မဟုတ်။

"တို့ လင်းလင်းကို ချစ်နေပြီ"

သူ့အသံက တည်ငြိမ်နေသလို လင်းလင်း ဘက်က





လည်း အံ့သြစရာမရှိတော့ပါ။ ဖွင့်မပြောပေမယ့် သံယောဇဉ်ကာလတွေ ကြာခဲ့ပြီမို့ ရင်ထဲတွင် ချစ်ခြင်းတို့ သန္ဓေတည်ခဲ့ပြီဖြစ်ကြောင်းကို နှစ်ဦးစလုံး နားလည်ကြပါသည်။

"သိသားပဲ၊ ပြောစရာလိုသေးလား"

မပွင့်တပွင့် ပြန်ဖြေလိုက်သည်။

"လင်းလင်းကော …တို့ကို …"

"ဖြေစရာလိုသေးလား"

လင်းလင်း လက်ကလေးကို ဆုပ်ညှစ်လိုက်သည်။

"လင်းလင်းဟာ တို့ရဲ့အိပ်မက်ဦးပဲ"

"မိုးကလည်း လင်းလင်းရဲ့ တက္ကသိုလ်အိပ်မက်"

ခေတ္တမျှ ငြိမ်သက်သွားပြီးမှ လင်းလင်း ပြန်ပြောလိုက်သည်။

"တက္ကသိုလ်အိပ်မက်"

လင်းလင်း စကားလုံးအတိုင်း လိုက်ပြီး ရေရွတ်လိုက်သည်။

"မလှဘူးလား မိုး"

"လှတယ်၊ အရမ်းလှတယ်၊ ဒါပေမယ့် အဓိပ္ပာယ်ကို သိချင်တယ်"

"အဓိပ္ပာယ်က ရှင်းနေတာပဲ၊ တက္ကသိုလ်မှာတွေ့ရလိမ့်မယ်လို့ လင်းလင်း မျှော်လင့်ထားတဲ့ အိပ်မက်ကလေးပေါ့"

လင်းလင်း ရှင်းပြပေမယ့် သူ ကျေနပ်ပုံမပေါ်။

"တက္ကသိုလ်မှာပဲ မက်တဲ့အိပ်မက်လို့ ဆိုလိုတာလား၊ တက္ကသိုလ်က ထွက်ခွာသွားရင် ပျောက်ပျက်သွားမှာလားဟင်"

မော့အကြည့်မှာ သူ့သံသယမျက်ဝန်းတွေကို တွေ့ရသည်။ စာတော်၍ အားကစားမှာထူးချွန်သော ယောကျ်ား တစ်ယောက်ဖြစ်ပါလျက် အချစ်နှင့်ပတ်သက်လျှင် အားငယ်တတ်လွန်းသည်။ အချစ်နှင့်ပတ်သက်လျှင် ကလေးလေး တစ်ယောက်လို အပြစ်ကင်းစင်နေတတ်သည့်ပုံမျိုး။ သည်





အချက်တွေကပဲ သူ့အပေါ် လင်းလင်း၏စိတ်ကို တိမ်းညွှတ်စေခဲ့သည်ပင်။

ယောက်ျားတစ်ယောက်ထံမှ အပြစ်ကင်းစင်ရှင်းသန့်သည့် ချစ်ခြင်းမေတ္တာမျိုးကိုပဲ လင်းလင်း တောင့်တခဲ့သည် မဟုတ်ပါလား။

"တက္ကသိုလ်မှာ စမက်ပြီး တစ်သက်လုံး ဆက်မက်သွားမယ့်အိပ်မက်၊ ထာဝရအိပ်မက်ချစ်သူ"

"အိပ်မက်ဆိုတာ မတည်မြဲဘူးနော်"

လင်းလင်း ပြုံးလိုက်သည်။

"တကယ့်ဘဝမှာ မရနိုင်တဲ့အရာတွေထက် လှပလို့ အိပ်မက်လို့ခေါ်တာ"

"လှပေမယ့် အိပ်မက်က တကယ်မဟုတ်ဘူး၊ ကြာရှည်မခံဘူး၊ လင်းလင်းရဲ့ တက္ကသိုလ်အိပ်မက်ဖြစ်ရမှာကို ကြောက်တယ်"

သူ အလေးအနက်ပြောနေသည်ကို နားထောင်ရင်း

မေမေ့ကို သတိရလိုက်သည်။ မေမေ့အတွက်တော့ အိပ်မက်က တကယ့်ဘဝထက် ကြာရှည်ခံလွန်းလှသည်။ အိပ်မက်က တကယ့်ဘဝကို လွှမ်းမိုးနိုင်လွန်းလှသည်။ မေမေသည် တကယ့်ဘဝမှာ အသက်ရှင်နေထိုင်ပြီး အိပ်မက်၌ မွေ့ပျော်လွင့်ပါးနေသူ။

"မေမေကျတော့ အိပ်မက်ကို တကယ်ထင်နေတာ၊ မတွေ့နိုင်တော့တဲ့ လူတစ်ယောက်ကို အိပ်မက်အဖြစ် ဖန်ဆင်းပြီး ယူချင်နေတာ၊ တချို့လူတွေမှာ အိပ်မက်ဟာ ဘဝထက်နိုင်မြဲတယ်"

"လင်းလင်းရဲ့မေမေ ဟုတ်လား"

လင်းလင်း ခေါင်းညိတ်သည်။ မေမေ၏ ထာဝရဆွေးမြည့်လွမ်းမောရိပ်လွှမ်းသော မျက်ဝန်းများကို မြင်ယောင်လာသည်။

"ဟုတ်တယ်၊ တက္ကသိုလ်အိပ်မက်ကို ထာဝရမက်နေသူလေ၊ တက္ကသိုလ်အိပ်မက်ဆိုတဲ့ စကားကို မေမေ့ဆီက





ရခဲ့တာ"

မေမေ့ဒိုင်ယာရီကို ခိုးဖတ်ရင်း သည်စကားလုံးက လင်းလင်းရင်ထဲမှာ စွဲထင်နေခဲ့သည်။ ဘဝတစ်လျှောက်လုံး သက်မဲ့အရုပ်ကလေးတစ်ရုပ်လို လှုပ်ရှားနေခဲ့သော မေမေ့အကြောင်းကို သိလာရသည်နှင့်အမျှ မေမေ့ခံစားမှုတွေကို ရှာဖွေကြည့်မိသည်။ ဖေဖေ့အချစ်အပေါ် မေမေ၏ ဥပေက္ခာတို့ကို သတိပြုမိလာသည်။

မေမေ့အနေနှင့် တရားသလား၊ မတရားသလားဆိုတာ လင်းလင်း မဆုံးဖြတ်တတ်ပေမယ့် မေမေ့နှလုံးသားကို လွှမ်းမိုးချုပ်ကိုင်ထားသည့် တက္ကသိုလ်အိပ်မက်ကိုတော့ လင်းလင်း စိတ်ဝင်စားလှသည်။ ယခုတော့ လင်းလင်းကိုယ်တိုင်ပင် တက္ကသိုလ်အိပ်မက်ကို တပ်ငြိစပြုလာပါပြီကော။

သူ၏တက္ကသိုလ်အိပ်မက် 'မိုး'ကို ငဲ့ကြည့်လိုက်သည်။ ခေတ်လူငယ်တို့၏ ထက်မြက်ချောမောသော ရုပ်အသွင်အပြင်ရှိနေသည်။ လင်းလင်း၏ တက္ကသိုလ်အိပ်မက်က

လင်းလင်းကို ဘ၀တစ်လျှောက်လုံး လွှမ်းမိုးဖမ်းစားထားတော့မည်ဟု နားလည်လိုက်သည်။ ဘုရား …ဘုရား ငါလည်း မေမေ့လိုများ အိပ်မက်ထဲမှာပဲ နေရလေမလားမသိ။

"လင်းလင်းကို ဘယ်တော့မှ ပစ်မသွားနဲ့နော်"

အတွေးလွန်နေရာမှ လွှတ်ခနဲ ပြောလိုက်မိသည်။

"အခုမှ အချစ်ကို ဖွင့်ဟခွင့်ရတာ၊ ပစ်တဲ့အကြောင်းတွေ မပြောပါနဲ့လား"

"လင်းလင်းလေ …မေမေ့လို အိပ်မက်ထဲမှာ မနေချင်ဘူး"

"လင်းလင်းရဲ့ မေမေအကြောင်းက စိတ်ဝင်စားစရာပဲနော်"

"ဟုတ်တယ်၊ မေမေ့ကိုကြည့်ရတာ ပဟေဠိသိပ်ဆန်တာပဲ"

မေမေ၏ လှပနှစ်လိုဖွယ်ကောင်းသော်လည်း ဟန်ဆောင်မှုသက်သက် အပြုံးများကို ဖျတ်ခနဲ မြင်ယောင်





လိုက်သည်။ ဘုရား …ဘုရား လင်းလင်းလည်း သူနဲ့သာ ကွဲသွားရင် တစ်သက်လုံး ဟန်ဆောင်နေသွားရမှာလား …

"လင်းလင်းတို့ မေမေကို သူချစ်သူက ပစ်သွားတာလားဟင်"

"လင်းလင်းလည်း သေသေချာချာတော့ မသိဘူး၊ သူ့ရဲ့ တက္ကသိုလ်အိပ်မက်ကို ထာဝစဉ်တမ်းတရင်း ဘ၀ကာလတွေကို ကုန်ဆုံးစေတာကိုပဲသိတယ်"

"ဩော်"

"မေမေ့ကိုသနားတယ်၊ ဖေဖေ့ကိုလည်း သနားတယ်၊ ဘယ်သူမှားသလဲဆိုတာလည်း မသိဘူး"

"မေမေ့ရဲ့ တက္ကသိုလ်အိပ်မက်ကိုကော မသနားဘူးလား"

"သူ့အကြောင်းကိုမှ လင်းလင်း မသိရတာ၊ ဒါတွေ မပြောတော့ဘူးနော်၊ မိုးဟာ လင်းလင်းရဲ့ တက္ကသိုလ်အိပ်မက်ပါပဲ"

"လင်းလင်းဟာ တို့ရဲ့ အိပ်မက်ဦးပါ၊ ဘဝ တစ်သက်တာအတွက် အိပ်မက်ဦးပါ"

× × × ×





ဒီနေ့ 'မိုး' ကိုကိုအောင်နဲ့ လက်ထပ်ရတယ်။ တကယ့်ဘဝထဲက မိုး သေဆုံးသွားပါပြီ။ မိုးကိုယ်မိုးတော့ လူ့လောကထဲက အပြီးတိုင်မြုပ်နှံသေဆုံးသွားပြီလို့ သတ်မှတ်လိုက်တယ်လေ။ မိုးသေပြီ …မိုးသေပြီ …မိုးကို မောင် ဒီလောကမှာ ဘယ်လိုမှရှာဖွေတွေ့ရှိနိုင်မှာ မဟုတ်တော့ဘူး။ မိုး ရှုံးတာပါ မောင်၊ မောင်ဟာ မိုးကို ဘယ်တုန်းကများ ရှာဖွေခဲ့ဖူးလို့လဲ။

မောင်သာ မိုးကို တန်ဖိုးထားမယ်ဆိုရင် မောင်ဟာ မိုးရဲ့ တက္ကသိုလ်အိပ်မက် ဖြစ်သွားမှာမဟုတ်ဘူး။ အခုတော့

မောင်ဟာ မိုးရဲ့ တက္ကသိုလ်အိပ်မက် ဖြစ်သွားပြီမို့ မိုးကလည်း အိပ်မက်ကမ္ဘာမှာပဲ မောင်နဲ့အတူ မွေ့ပျော်တော့မယ်။

ကိုကိုအောင်ဟာ မိုးကို ပိုင်ရလို့ ပျော်နေလိုက်တာ။ မိုးရဲ့စိတ်ကိုသာသိရင် သူနာကြည်းမှာပဲ။ မိုးကို သူ ဘယ်တော့မှမနိုင်ဘူး။ မပိုင်ဘူး။ မိုးက အိပ်မက်နတ်သမီးဖြစ်သွားပြီ။ မိုးကို မနိုင်ချင်၊ မပိုင်ချင် မိုးနဲ့ပတ်သက်ရင် ဥပေက္ခာတွေသာ ကြွင်းခဲ့တဲ့ မောင့်ကို အိပ်မက်ကမ္ဘာထဲမှာ ရှာတော့မှာလေ ...

မိုးနဲ့မောင် တည်ဆောက်ခဲ့တဲ့ တက္ကသိုလ်အိပ်မက်တွေဟာ ကမ္ဘာတည်သရွေ့ ရှိနေမှာပါ။

နှစ်ပေါင်းများစွာ ကြာညောင်းခဲ့ပြီမို့ ဒိုင်ယာရီ၏ စာရွက်တွေက ဟောင်းနွမ်းဝါကျင်နေပြီ။ စာရွက်ကြားမှာ ပန်းပွင့်ပန်းလွှာလေးများ၊ စွယ်တော်ရွက်ခြောက်လေးများ ...

မေမေ၏ လှပဝိုင်းစက်သော လက်ရေးများ။

ဒိုင်ယာရီကို စဖတ်ရသည့်အချိန်က မေမေ့ကို သနား





လှသည်။ သူ့ဘဝတစ်လျှောက်လုံးတွင် မြင်တွေ့ခဲ့ရသော မေမေ့အပြုံး၏ ဟန်ဆောင်မှု၊ အသက်မပါမှုကို နားလည်လာသည်။

မေမေ့ဒိုင်ယာရီကို ခိုးထားလိုက်ပြီး ခဏခဏပြန်ဖတ်သည်။ မိန်းမတစ်ယောက်၏ လက်ထပ်သည့်နေ့မှာ ရေးသည့် မှတ်တမ်းတဲ့လေ။ လက်ထပ်သည့်နေ့မှာပင် ဘဝကို သင်္ဂြိုဟ်မြှုပ်နှံလိုက်သည့် မိန်းမသားတစ်ဦး။ အိပ်မက်များ၌သာ မွေ့ပျော်နေတော့မည့် မိန်းမသားတစ်ဦး။ သည်မိခင်မှ လင်းလင်းကို မွေးဖွားခဲ့သည်လေ။

ခဏခဏဖတ်ပြီး ခဏခဏတွေးတောရင်မောခဲ့ရသည့် ဒိုင်ယာရီကို 'မိုး' နှင့်ကျမှ လင်းလင်း တစ်ကြိမ်ထပ်ဖတ်မိပြန်ပြီ။

ဒိုင်ယာရီကို အသာပိတ်ပြီး ခေါင်းအုံးအောက်မှာထားလိုက်သည်။ ဂုဏ်ထူးတန်းဝင်အောင် ကြိုးစားရဦးမည်။ ကျောင်းစာအုပ်ကို လှမ်းယူလိုက်ရသည်။ စာအုပ်နှင့်မျက်နှာ

အပ်ထားသော်လည်း စိတ်တွေက ပျံ့လွင့်နေသည်။

'အိပ်မက်ဦး'ဆိုသည့် ချစ်ဦးသူ 'မိုး'၏စကားကို ကြားယောင်သည်။ ရင်ထဲမှာ ကြည်နူးလိုက်ရသည်ဖြစ်ခြင်း။ အင်း …မေမေလည်း ချစ်သူတွေ့စမှာတော့ လင်းလင်းလိုပဲ ကြည်နူးခဲ့မှာပါပဲလေ။ လင်းလင်းလည်း မေမေ့လိုပဲ အိပ်မက်ထဲမှာပဲ နေရမှာလားဟင်။ လင်းလင်းကတော့ မနေနိုင်ဘူး မေမေ၊ မောင့်ကို အိပ်မက်အဖြစ်မခံနိုင်ဘူး …

လင်းလင်းတစ်ယောက်တည်း စိတ်ထဲက ပြောနေမိသည်။ စာအုပ်ဆီသို့ အာရုံဝင်စားအောင် ကြိုးစားရပြန်သည်။ မေမေက သူ့ကို တက္ကသိုလ်ဆရာမလေး ဖြစ်စေချင်သည်။

"မေမေ မဖြစ်ခဲ့ရတဲ့ဘဝကို သမီးကိုဖြစ်စေချင်တယ်"

ကျောင်းပိတ်ရက် မေမေနှင့်ဆုံတိုင်း တဖွဖွပြောတတ်သည်။

"မေမေက အမ်အေတက်ခွင့်မရလို့လားဟင်"





လင်းလင်း ပြန်မေးစဉ်က မေမေ့မျက်နှာ ညှိုးသွားတာကို အမှတ်ရသည်။

"တက်ခွင့်ရပါတယ်၊ ဒါပေမယ့် မေမေက အိမ်ထောင်ကျနေပြီလေ၊ တက်ခွင့်ရတယ်ဆိုတာလည်း နှစ်အတော်ကြာမှ သိရတာပါ။ သမီးတို့ဖေဖေက မေမေ့ကို အဝေးကြီးကိုခေါ်သွားပြီး ပုသိမ်နဲ့ အဆက်အသွယ်ပြတ်အောင် ဖန်တီးခဲ့တာကိုး"

လင်းလင်းကို ရှင်းပြနိုက်မှာ မေမေ့အသံတွေတုန်ပြီး နာကြည်းခံစားမှုတွေ ပြင်းထန်နေတတ်သည်။

"ဖေဖေက မေမေ့ကို သိပ်ချစ်လို့ပေါ့ မေမေရယ်"

"သူ့မှာပဲ အချစ်ရှိသလား သမီး၊ မေမေ့မှာလည်း အချစ်ရှိတာပဲ"

မေမေ့အကြောင်းတွေကိုသာ တဝဲလည်လည် စဉ်းစားနေမိသည့်အတွက် စာအုပ်ကို ပိတ်ပစ်လိုက်ရသည်။ ပြီးတော့ မေမေ့ဒိုင်ယာရီထဲမှ သီချင်းစာရွက်ကလေးကို ထုတ်

ကြည့်လိုက်သည်။

အချစ်ဆုံး 'မိုး' သို့ မောင့်ရဲ့အနုပညာလက်ဆောင်။ သီချင်းအမည်ကို 'ချစ်သူမြို့တော်' ဟု နာမည်တပ်ထားသည်။

တက္ကသိုလ် ××× မြကျွန်းသာသည် ××× အချစ်တို့၏ ဆုံစည်းရာ×××သစ္စာတရားတို့၏ ဖြစ်တည်မွေးဖွားရာ ချစ်သူမြို့တော် ××× ချစ်သူမြို့တော်ပါ ××× ကြိုဆိုခြင်းနဲ့ နှုတ်ဆက်ခြင်းသည် ××× မြကျွန်းညို့ရဲ့ ယဉ်ကျေးမှုပါ ××× ဒီတော့လည်း ဆုံစည်းမှုအဆုံးမှာ ××× ချစ်သူတို့များ ××× ခွဲခွာနှုတ်ဆက် ××× ဘဝခရီးဆက်ခဲ့တာ ××× ကုသိုလ်ကြမ္မာမမီပါခဲ့ ×××တက္ကသိုလ်ရဲ့ ဟိုမှာဘက်ကမ်းနဲ့ ဒီမှာဘက်ကမ်းပမာ ×××ဝေးကွာလှမ်းလို့ ×××ဘဝခြား ××× ကမ္ဘာခြင်းချားခဲ့ကြတာ ×××

သို့ပါသော်လည်း ××× အတိတ်ကချစ်ခြင်း ကြင်နာခြင်းတွေသည် ×××တက္ကသိုလ်တို့ကျောင်း ×××ချစ်သူမြို့ဟောင်းမှာ ×××ကျန်နေဆဲပါ ×××ရှိနေဆဲပါ ×××ချစ်သူ





ခြေရာ ×××ထင်နေဆဲပါ ×××ချစ်သူပြုံးပန်း ပွင့်လန်းနေဆဲပါ ××× ကံ့ကော်ရနံ့ ×××သင်းပျံ့ပျံ့မှာ ချစ်သူကိုယ်နံ့ ××× သင်းပျံ့ပျံ့မှာ ×××လွင့်မျောနေဆဲ မွှေးနေဆဲပါ ×××

ဥဩငှက်ငယ် ××× အသိမကြွယ်ပေမယ့် ××× တစ်နှစ်တစ်ခါ ပြန်လာတတ်သေးတာ ××× ကံ့ကော်ပွင့်ပန်းစိန်ပန်းနီပြာ ××× ချစ်သူကိုယ်စား ×××မမေ့ရက်အား ××× နွေရက်များမှာ ×××တစ်နှစ်တစ်ခါ ပြန်လာတတ်သေးတာ ×××ချစ်သူဝေလေ့ဟောင်း ×××မေ့ကောင်းစရာမရှိပါဘဲလျက် (မေ့ရက်တယ်)[၂] ချစ်သူသမိုင်း ×××မော်ကွန်းကျောက်စာတွေသည် ××× ဒဏ္ဍာရီကဲ့သို့ ဆွေးမြည့်မှာပဲ စိုးရွံ့မိပါတယ်××××

တေးစာသားလေးတွေကို ဖွဖွလေးလိုက်ဆိုရင်း စာရွက်ကလေးကို ရင်ဘတ်ပေါ် တင်ထားလိုက်သည်။ မေမေ့ချစ်သူက မေမေ့အတွက် ရေးဖွဲ့ခဲ့သည့် လက်ဆောင်။ နှလုံးသွေးနှင့် ရေးခဲ့သည်မို့ စကားလုံးတွေက ပြောင်မြောက်

သည်။

စန္ဒရားကို ကိုယ်တိုင်တီး၍ မေမေ သီဆိုခဲ့သည့် သီချင်းများ ...

မေမေ့သီချင်းသံတွေကို ဖေဖေသည် မည်သို့သော သံမဏိနှလုံးသားနှင့် နားဆင်ခဲ့လေသည်မသိ။

မေမေတို့ ချစ်သူနှစ်ယောက်ရဲ့ ခြေရာတွေဟာ ပုသိမ်တက္ကသိုလ်မှာ ရှိနေဆဲဖြစ်ပေမည်ပေါ့။

ကံ့ကော်နံ့သင်းသည့် တက္ကသိုလ်လေညှင်းထဲမှာ လည်း ချစ်သူ့ကိုယ်နံ့တွေ သင်းပျံ့နေဆဲဖြစ်မည်ပေါ့။

ဒဏ္ဍာရီဆန်လွန်းသည့် တက္ကသိုလ်၏ ချစ်ဇာတ်လမ်း တွေမှာ လင်းလင်းတို့နှစ်ယောက်ရဲ့ အချစ်တွေကော ဒဏ္ဍာ ရီလို ဆွေးမြည့်သွားလေမည်လား။ အချစ်၏ စတင်မွေးဖွား ခြင်း၌ပင် တွေးတောရခြင်းများဖြင့် မွန်းကျပ်ပင်ပန်းလှပါဘိ ခြင်း။

မောင်ကော လင်းလင်းလိုပဲ တွေးနေမှာလား။ 'မိုး'





ကို လင်းလင်း စိတ်ထဲက အလိုလို အခေါ်အဝေါ် ပြောင်းပြီး သား ဖြစ်နေပြီ။ မေမေ့ဒိုင်ယာရီထဲကလို မောင်တဲ့လေ။ အို ...ဘာပဲဖြစ်ဖြစ် ဒီည လင်းလင်း အိပ်ပျော်အောင် အိပ်လိုက်ဦးမည်။ နံနက်လင်းသည်နှင့် မောင့်ရဲ့ ချစ်ပန်း ငုံနီနီရဲရဲလေးကို ဝင်းတံခါးဝမှာ တွေ့ရဦးမည်လေ။

× × × ×

မောင့်ကို မိုး စိတ်တိုတယ်။ ဒီထက်ပိုပြောရရင် မောင့်ကို မိုး မုန်းတယ်။ မောင်နဲ့ပတ်သက်ရင် မိုး မခံစားနိုင်တော့ဘူး။

မိုးဆီကို မနက် ၆ နာရီခွဲ အရောက်လာမယ်ဆိုတဲ့ မောင့်စကားတွေဟာ မတည်ပါလား။ မိုးကလွဲရင် မောင်အရာရာကို အလေးအနက်ထားတယ်လို့ မိုး ခံစားရတယ်။ မောင်နဲ့ပတ်သက်ရင် 'မိုး'စိတ်တွေ သိမ်ငယ်လိုက်တာ …

ဒီနေ့တစ်နေ့လုံး မောင်မလာဘူး။ မလာနိုင်တဲ့ အကြောင်းကိုလည်း ဖြေရှင်းချက်မပေးဘူး။

ပိုးမိုး - တာယ

မောင်ရယ် ...မိုးရဲ့စိတ်တွေကို နာကျင်ခံစားစေတဲ့ ဝေဒနာတွေကို ဖန်တီးပေးဖို့များ မောင်ဟာ မွေးဖွားလာတာ လားကွယ် ...

ဌာနမှာ မောင်ရှိနေတယ်။ ဆရာမတွေနဲ့အတူ သွား လာလှုပ်ရှားနေတဲ့ မောင့်အကြောင်းတွေ ကြားနေရတယ်။ 'မိုး'ဆီကို လာတွေ့နိုင်လောက်တဲ့ တစ်စက္ကန့်လောက် အချိန် လေးတောင် မရှိတော့ဘူးလား မောင်ရယ် ...

ဒီညနေလည်း မောင် ရောက်မလာဘူး။ မောင်တို့ ဌာနမှာ မနက်ဖြန် ဆရာကန်တော့ပွဲရှိတယ်ဆို၊ ဆရာကန်တော့ ပွဲကို မောင်ပဲ ဦးဆောင်ဦးမှာမဟုတ်လား။ မောင်က သီချင်းဆို ဦးမှာတဲ့။ သီချင်းတိုက်ရဦးမယ်။ အခမ်းအနား ပြင်ဆင်ရဦး မယ် ...

ဘာပဲဖြစ်ဖြစ် 'မိုး'ကိုတော့ လာတွေ့ဖို့ကောင်းတယ်။ မောင့်ကို 'မိုး' ချစ်ရတာ အားငယ်လိုက်တာ ...

'မိုး'ဟာ မောင်နဲ့မပတ်သက်ခဲ့ရင် အကောင်းသား။

မိုမို - တယ



အချိန်ရတိုင်း မေမေ့ဒိုင်ယာရီအဟောင်းလေးကို လင်းလင်း ဖတ်ဖြစ်သည်။ မောင့်ကိုချစ်မိသည့် အချိန်ကစ ပြီး သည်ဒိုင်ယာရီလေးကို နေ့တိုင်းလိုလို ဖတ်ဖြစ်သည်။

အချစ်သည် ပျော်ရွှင်ကြည်နူးမှုတို့ကိုသာ ဆောင် ကြဉ်းလာတတ်သည်မဟုတ်။ သောကမျက်ရည်တို့ကိုလည်း လက်ဆောင် ဆက်သလာတတ်သည်။ မျက်ရည်နှင့် သောက ဆိုတာ ချစ်သူ့လက်ဆောင်ပါပဲ ...

အချစ်မှာ မျက်ရည်နဲ့ကင်းရင် ဘယ်မှာ စိုပြည်လန်း ဆန်းနိုင်မှာလဲ။ သောကနဲ့ကင်းရင် ဘယ်မှာ နွေးထွေးမှုရှိနိုင် မှာလဲ။ ချစ်သူတွေရဲ့ အချစ်ဟာ မျက်ရည်တွေ၊ သောကတွေ နဲ့ တောက်ပနေမြဲပါ ...

မျက်ရည်စတွေကို ယုယစွာသုတ်ပေးရင်း မျက်ရည် သုတ်ရန် လက်ကိုင်ပဝါလှလှလေးတွေ ဝယ်ပေးရင်း ပြော တတ်သည့် မောင့်စကားချိုချိုတွေမှာ နစ်မျောကျေနပ်ခဲ့ရတာ အခါခါ။

မိုမို - တယ

တကယ်တော့ ဆတ်ဆတ်ကြဲမလေး လင်းလင်း တစ်ယောက် ပျားရည်မြစ်ထဲ ကျနေသည့် ယင်ကောင်ဘဝ သို့ ကူးပြောင်းခဲ့ပါပြီကော။

သုံးလေးရက်လောက် ပျောက်နေသော မောင့်ကို မျှော်ရင်း လင်းလင်း မချိမဆန့် ခံစားရသည်။ အဆောင်ကို မှန်မှန်လာတတ်သော နုထွေးရည်းစား ကိုမင်းမင်းနှင့် ယှဉ် ကြည့်ကာ ကိုယ့်ဘဝကိုကိုယ် မကျေမနပ်ဖြစ်ရသည်။

ကြာတော့လည်း မောင်နှင့်ပတ်သက်လာလျှင် လင်း လင်းနှလုံးသားက မခံစားနိုင်တော့ပြီ။

မောင့်ကို ဥပေက္ခာပြုနိုင်အောင် ကြိုးစားရသည်။ မနက်တိုင်း၊ ညနေတိုင်း အဆောင်ကို လာလေ့မရှိသော ချစ်သူတစ်ဦးအဖြစ် သက်မှတ်လိုက်ရပြီ။

"လင်းလင်းရေ ...ဧည့်သည်"

လင်းလင်းတို့အသင်း ဆရာကန်တော့ပွဲအတွက် ကိုကြီးဝင်းညွန့်၊ ကိုကြီးအေးမိုးနှင့် ကိုမင်းမင်းတို့ လာတာပဲ





ဖြစ်မည်။ စာဖတ်နေရာမှ ကပိုကရို မပြင်မဆင်နှင့် အဆောင် ပြင်သို့ ထွက်လာခဲ့သည်။

မျှော်လင့်မထားသော မောင့်ကို တွေ့လိုက်ရတော့ လင်းလင်း ရင်တွေခုန်သွားသည်။ အဆောင်နေပုံသဏ္ဌာန် အတိုင်း မပြင်မဆင်ထွက်လာသော လင်းလင်းကိုကြည့်ပြီး...

"ချစ်သူနဲ့လာတွေ့တဲ့ပုံကလည်း ကြည့်ပါဦး"

"ရှင့်ကို မျှော်လင့်ထားတာမှ မဟုတ်တာ၊ ကိုမင်း မင်းတို့ပဲ လာမယ်လို့ထင်တာ"

"အို ...တို့က မင်းချစ်သူပဲ၊ မျှော်လင့်ထားရ မှာပေါ့"

"ရှင်က မျှော်လင့်ချင်စရာမှ မကောင်းတာ၊ လင်းလင်းဆီကို မောင်မရောက်တာ ဘယ်လောက်ကြာပြီလဲ"

"သိပ်မကြာသေးပါဘူး၊ ဆရာကန်တော့ပွဲအတွက် အလုပ်ရှုပ်နေလို့လေ"

လင်းလင်းအနေနှင့် အလေးအနက်ထား ပြောသော်

လည်း မောင်ကတော့ ဘာမှမဖြစ်သလို ပေါ့ပေါ့ပါးပါးပင်။ အဲဒါက မောင့်အကျင့်။

"ဆရာကန်တော့ပွဲနဲ့ လင်းလင်းက ဘယ်ဟာပို အရေးကြီးသလဲ"

"ဟာ ...လင်းလင်းက အဓိပ္ပာယ်မရှိတဲ့ မေးခွန်းတွေမေးနေပြန်ပြီ၊ ဆရာကန်တော့ပွဲက အရေးကြီးတာပေါ့၊ ဌာနရဲ့ ဆောင်ရွက်ချက်ပဲ"

"မောင်တို့ဌာနမှာ ဆရာကန်တော့ပွဲအတွက် ဝိုင်းလုပ်မယ့် ကျောင်းသားဆိုလို့ မောင်တစ်ယောက်ပဲရှိသလား"

သုံးလေးရက်လောက် ရန်တွေ့ရန် အားယူထားသော စကားတွေကို ဆက်တိုက်ပြောချလိုက်သည်။

"မသိဘူး၊ ဝိုင်းလုပ်တဲ့လူတွေ ရှိပါတယ်၊ မလုပ်တဲ့ လူတွေလည်းရှိတာပေါ့၊ မောင်ကတော့ ဌာနရဲ့တာဝန်ကို မောင့် တာဝန်လို့ သဘောထားတယ်"

"လင်းလင်းကို တနင်္လာနေ့မနက် ခြောက်နာရီမှာ





ချိန်းထားတာကော သတိရရဲ့လား"

"ရပါတယ်"

"ဒါဖြင့် ...ဘာကြောင့် ..."

"ဆရာတွေနဲ့ ချိန်းထားလို့ပေါ့"

"ဆရာတွေမှာ ချိန်းစရာကျောင်းသားဆိုလို့ မောင် တစ်ယောက်ပဲရှိသလား"

"အိုကွာ ...မောင်က ဆရာတွေနဲ့ ရင်းနှီးတာကိုး"

အမှုစစ်သလို စစ်နေသည့်အတွက် စိတ်မရှည်တော့ ဟန်နှင့် ခပ်ဆတ်ဆတ်ပြန်ဖြေသည်။

"အားကစားပွဲဆိုလည်း မောင်ပဲ၊ ဆရာကန်တော့ပွဲ ဆိုလည်း မောင်ပဲ၊ မောင်မယ်သစ်လွင်ကြိုဆိုပွဲဆိုရင်လည်း မောင်မပါမပြီး၊ ကျောင်းကပွဲကျတော့လည်း ..."

"တော်ပါတော့ လင်းလင်းရာ၊ ကိုယ့်ဌာန ... ကိုယ့် တက္ကသိုလ်ရဲ့ ကိစ္စတွေကို ဆောင်ရွက်တာ ဂုဏ်ယူစရာ မဟုတ်ဘူးလား၊ အရက်သောက်၊ ဖဲရိုက်နေတာမှ မဟုတ်

တာ''

လင်းလင်း စိတ်ဆိုးနေ၍လည်း သူ့မှာ ထူးခြား ထိခိုက်ဟန်မပြ။ ခပ်ပျော်ပျော်၊ ခပ်ပြုံးပြုံး မျက်နှာထားနှင့် မောင့်ကို ကြည့်မရ။ လူတစ်ဖက်သား စိတ်ထိခိုက်ရ သလောက် သူကတော့ ဥပေက္ခာများစွာနှင့် ပျော်ပျော်ရွှင်ရွှင် ပေါ့ပေါ့ပါးပါး ရှိနေသည်။

လင်းလင်း မျက်နှာစူပုတ်နေသည်။ သူက ရယ်လိုက်ပြီး ...

''ဟေး ...မျက်နှာကြီး စူပုတ်မထားနဲ့ကွာ၊ အလှပြင်မထားလို့ မလှရတဲ့အထဲ''

လင်းလင်း မေးဖျားလေးကို ဆွဲမလိုက်သည်။

လင်းလင်းက ဆတ်ခနဲ ပုတ်ချလိုက်သည်။

''ဆောင်းဦးရဲ့ ညနေခင်းက သိပ်လှတာပဲ၊ တို့ နှစ်ယောက် လမ်းအတူတူလျှောက်ရအောင်၊ ပန်းနံ့တွေ သင်းနေတာပဲ''





''ဒီအတိုင်းလိုက်ခဲ့မယ်''

''ဟာ ...ဒီအတိုင်းတော့ မလိုက်ခဲ့နဲ့၊ မောင်က ဒီလောက်သန့်နေချောနေတာ လူတွေက လင်းလင်းကို ဝိုင်းပြီး ကဲ့ရဲ့ရင် မောင်ခံနိုင်မှာ မဟုတ်ဘူး''

မောင်က နောက်နောက်ပြောင်ပြောင် ပြောခြင်းဖြစ် ပေမယ့် ချစ်သူက မလှဘူးဆိုသည့်အတွက် လင်းလင်း မကျေ နပ်နိုင်ပေ။

''အကျီမလဲရင် မလိုက်ရဘူးလား''

''လှလှပပ သပ်သပ်ရပ်ရပ်ကလေး လုပ်ပါ၊ ရုပ်က လေးက ချောချင်ရက်သားနဲ့''

''ဟင့်အင်း ...လင်းလင်းနဲ့တွဲသွားလို့ မောင့်မှာ သိက္ခာကျတယ်ဆိုရင် လင်းလင်း မလိုက်တော့ဘူး''

လင်းလင်းဘက်က အလျှော့မပေးလျှင် မောင့်ဘက် က လိုက်လျောရမည်ပေါ့။

''တကယ်မလိုက်ဘူးလား''

"တကယ်မလိုက်ဘူး"

လင်းလင်းစကားအဆုံးမှာ ဆိုင်ကယ်ကို စက်နှိုးပြီး ထွက်သွားသည်။ ဖြတ်သွားဖြတ်လာ သူငယ်ချင်းအဆောင်သူတွေ မြင်နေကြားနေကြသည့် အချိန်မှာ လင်းလင်းအပေါ် အလျှော့မပေးသည့် သူ့အပြုအမူအတွက် လင်းလင်း ရှက်မိသည်နှင့်အမျှ နာကြည်းထိခိုက်ရပြန်သည်။ သူငယ်ချင်းတွေကြားမှာမို့ ဘာမှမဖြစ်သလို ဟန်ဆောင်ခဲ့ရသည်။

"မင်းရဲ့ ကိုမိုးထွင့် လာတယ်မဟုတ်လား၊ တွေ့လိုက်တယ်လေ၊ မင်းတို့နှစ်ယောက် အပြင်ထွက်ကြမယ်ထင်နေတာ"

နွယ်ဦး ဆီးပြောတော့ ပိုဝမ်းနည်းလာသည်။

တင်းထားသည့်ကြားမှ မျက်ရည်ဝဲချင်လာသည်။ လင်းလင်းအကြောင်းကိုသိသော နွယ်ဦးက အခြေအနေကို ရိပ်မိလိုက်ပါပြီ။

"တစ်ယောက်ကလည်း လွန်ကဲ၊ တစ်ယောက်ကလည်း ပေါ့ပေါ့တန်တန်ဆိုတော့ ခဏခဏစိတ်ကောက်ကြ၊ စကားများကြနဲ့ပေါ့၊ ကိုယ်ချစ်မိတဲ့ လူတစ်ယောက်ရဲ့ စရိုက်ကို နားလည်ခံစားနိုင်ရမယ်၊ ခွင့်လွှတ်နိုင်ရမယ်"

နွယ်ဦးစကားက မှန်နေပေမယ့် လင်းလင်း လက်မခံချင်။

"ဟိုနေ့က ကိုမိုးထွင့် ဘာဖြစ်လို့မလာဖြစ်တာတဲ့လဲ အဖြေရပြီလား"

"လင်းလင်းနဲ့ချိန်းထားတာကိုတောင် သတိမရတော့ဘူး"

"ဖြစ်ရလေခြင်း …ကဲ အခုလဲ စိတ်ကောက်ခဲ့ပြန်ပြီမဟုတ်လား၊ ဒုတိယနှစ်မှာ ဂုဏ်ထူးတန်းဝင်ဖို့က အရေးကြီးတယ်၊ စာဖတ်ကြမယ်"

စာကို ဖွင့်နှစ်ပြီး ဖတ်နေသည့်ကြားမှပင် သူ့ဆိုင်ကယ်သံကို နားစွင့်နေမိသည်။ သူများ လင်းလင်းကို တစ်ကျော့ ပြန်ချော့လာလိမ့်မည်လား။

အို …ဝေးပါသေး၊ သစ္စာတည်လက်ဖက်ရည်ဆိုင် လောက်ရောက်သည်နှင့် လင်းလင်းကို သူမေ့လောက်ပါချေပြီ။

မေမေ့ဒိုင်ယာရီလေးကို ဖွင့်ဖတ်လိုက်မိပြန်သည်။ လင်းလင်း၏ ခံစားမှုတွေက မေမေ့ခံစားမှုတွေနှင့် တဖြည်းဖြည်းတူလာသည်။

*ကျွန်မရဲ့ဘဝမှာ မောင်နဲ့သာ မဆုံတွေ့ခဲ့ဖူးဆိုရင် မျက်ရည်ပွင့်တို့ရဲ့ ဖြစ်တည်မှုသမိုင်းကို သိခွင့်ကြုံမှာ မဟုတ်ဘူး။ သောကတွေနဲ့ ရင်းနှီးကျွမ်းဝင်စေတဲ့ မောင့်ကို ကျွန်မဘာကြောင့် မမုန်းနိုင်ရတာတဲ့လဲ။*

*သူ့ကို ဥပေက္ခာပြုနိုင်တဲ့နေ့ဟာ ကျွန်မဘဝရဲ့ အချမ်းမြေ့ဆုံးနေ့ရက်များ ဖြစ်မှာပါပဲ။*

မေမေ့စာသားတွေကို ဖတ်ပါများတော့ မေမေရေးခဲ့သည်ဟုမထင်တော့။ လင်းလင်းကိုယ်တိုင် ရေးခဲ့သည်ဟုသာ ထင်မြင်လာမိသည်။

ပိုမိုး - တလေ



ဒိုင်ယာရီစာအုပ်ကလေးကို ရင်ဘတ်ပေါ်တင်ပြီး မေမေဆိုလေ့ရှိသည့် တက္ကသိုလ်အိပ်မက်သီချင်းကို ခပ်တိုးတိုး လေး ဆိုနေမိသည်။

ကံ့ကော် ×××အင်ကြင်း ×××ပိတောက်နံ့သင်း ××× ငုပွင့်ရွှေဝါ ဝေဆာလန်းဆန်း ×××စိန်ပန်းပြာဝါ ×××မြေမှာကြဲလို့ ××× ပန်းမွှေ့ရာ ×××ချစ်သူကင်းလို့ ××× မောင့်အတွက်တော့ တက္ကသိုလ်လွမ်းချင်း ×××

ချစ်သူမြင်လှည့် ×××မြင်လှည့်စမ်းပါ ××× ချစ်သူကြင်လှည့် ×××ကြင်လှည့်စမ်းပါ ×××ပန်းတွေလန်းလန်း ပန်းအကြွေနွမ်းနွမ်း ×××ချစ်သူလာလမ်း မျှော်လို့မှန်း ××× ကန်သုံးဆင့်ရေပြာပြာ ×××တမ်းမက်ခဲ့ဖူး ×××လှိုင်းဂယက်လွန့်လူး ×××တို့နှစ်ဦးကို ကြိုဆိုနေဆဲပါ ×××

ပန်းနံ့သင်း၍ စိန်ပန်းပြာရွှေ ××× ပန်းအကြွေပေါ်မှာ ×××အတူတူလျှောက်လှမ်း ×××မငြူစူနှစ်ယောက်မှန်း ×××မောင့်ပခုံးပါးဝယ် ×××ချစ်သူမှီတွယ် ×××လေဝယ်

ပိုမိုး - တလေ

လွင့်ပါး ××× ဆံနွယ်များကို ×××ယုယရှိုက်နမ်း ××× အနှ အလှချစ်ခြင်း သမုဒ္ဒယမျက်ဝန်းနဲ့သာ ×××သာမောစွာ ××× ကဗျာတောအလှမှာ ××× ချစ်မိခဲ့ဖူး ×××ချစ်ခဲ့ဖူးသည့် တက္ကသိုလ်အိပ်မက်များစွာ ××××

× × × ×





သည်နေ့ကို လင်းလင်း မေ့မရ။ မနက်မိုးလင်းက တည်းက မောင်နှင့်အတူ ပုသိမ်မြို့ပေါ်မှာ ဘုရားတွေ လျှောက်ဖူးကြသည်။ ခရီးအတန်ငယ်ဝေးသည့် ရွှေကြည်ဦး ကိုလည်း ရောက်သည်။

"ရွှေကြည်ဦးဘုရားကို ချစ်သူစုံတွဲတွေလာရင် ကွဲ တတ်တယ်ဆို၊ အဲဒါ လင်းလင်း ကြားဖူးလား"

"မကြားဖူးဘူး၊ ဒါကြောင့် လင်းလင်းကို ခေါ်လာ တာလား"

"မောင်ကတော့ ကိုယ်နဲ့သိတဲ့ ကောင်မလေးတော်

တော်များများကို ခေါ်လာတာပဲ''

သူ့ဘက်က နောက်ပြောင်ပြောတတ်ပေမယ့် လင်းလင်းဘက်က တကယ်ထင်တတ်သည်။ သူ အမှန်တွေ ပြောနေလေသလားဆိုသည့် သံသယများဖြင့် မပြုံးနိုင်တော့။

''ဟေး ...ဘာဖြစ်သွားတာလဲ၊ တစ်နေ့လုံး ပျော်နေပြီးမှ စိတ်မကောက်နဲ့ကွာ၊ လင်းလင်းပျော်ရင် မောင်ပျော်တယ်''

မောင့်အပြောလေး တစ်ချက်ကောင်းရုံနှင့် လင်းလင်း ပျော်သွားရပြန်သည်။

အဆောင်ကို လင်းလင်းပြန်ရောက်တော့ နွယ်ဦးတို့ အုပ်စု ဝိုင်းဖွဲ့စကားပြောနေကြသည်။

''တို့မြန်မာစာဌာနကို ပါမောက္ခအသစ် ပြောင်းလာပြီတဲ့''

နွယ်ဦး၏ စကားသံကို တစ်ပိုင်းတစ်စ ကြားလိုက်ရသည်။





''ဦးလင်းထွဋ်တဲ့''

ပပက ဝင်ထောက်သည်။

''မြင်ဖူးပြီလား''

နွယ်ဦးကမေးသည်။

''မေလေးတို့နဲ့ ခင်တယ်လေ၊ ဒါနဲ့ အိမ်ကို တစ်ခါ လိုက်သွားဖူးတယ်''

ပပ ပြန်ဖြေသည်။ သူတို့အားလုံး မြန်မာစာကျောင်းသူများ ဖြစ်ကြသည်။

''ပါမောက္ခကို စာမေးရင်ရမလားမသိဘူး''

''ဘာလဲ ...မေးချင်လို့လား၊ မေလေးတို့နဲ့ လိုက်သွားလေ''

မေဇော်၏အမေးကို နွယ်ဦး ပြန်ဖြေလိုက်သည်။

''ဂုဏ်ထူးတန်းဝင်ချင်တော့ မသိတဲ့စာတွေကို မေးချင်တယ်၊ ဒါပေမယ့် မသွားရဲပါဘူး၊ ကြောက်တယ်''

ဆရာ၊ ဆရာမတွေကို ကြောက်သည့်သူတွေထဲမှာ

နွယ်ဦးက ထိပ်ဆုံးကဖြစ်သည်။ စာလည်းမေးချင်၊ ကြောက်လည်းကြောက်နှင့် ဘယ်သူနှင့်မှ ရင်းရင်းနှီးနှီး မရှိခဲ့ကြ။ သည်အထဲမှာ လင်းလင်းလည်း ပါသည်။

"ဆရာမကြီး ဒေါ်သန်းသန်းမြင့်ဆီမှာပဲ သွားမေးကြတာပေါ့၊ ဆရာမနဲ့က ရင်းနှီးပြီးသားလေ"

"မေလေးကိုတော့ ချီးကျူးတယ်၊ ဆရာ၊ ဆရာမတွေနဲ့ ရင်းနှီးအောင် ပေါင်းတတ်တယ်"

လင်းလင်း ဝင်ပြီး မှတ်ချက်ချလိုက်သည်။

"လင်းလင်းရဲ့ မိုးထွဋ်ဆိုရင် သူတို့သချာမှာ ဆရာ၊ ဆရာမတွေနဲ့ သိပ်ရင်းနှီးတာ၊ ပါမောက္ခဆရာကြီး ဦးသောင်းရှိန်ကဆိုရင် သား ...သားနဲ့ ပါးစပ်ဖျားက မချဘူး"

"ဆရာကြီးက ရန်ကုန်ကပြောင်းလာမှာဆို"

"ဟုတ်တယ်၊ ဇာတိကတော့ ပုသိမ်ကလို့ပြောတာပဲ၊ သူ့ယောက္ခမတွေ ဒီမှာရှိတယ်တဲ့"

"အေးလေ ...ဘယ်ပါမောက္ခပဲလာလာ တို့တစ်တွေ





ဂုဏ်ထူးတန်းဝင်အောင် ကြိုးစားရမှာပဲ"

မေဇော်က အဆုံးသတ်စကားဆိုပြီး လူစုခွဲလိုက်ကြသည်။

"မေလေးတို့ ဝါဝါတို့အဖွဲ့ကတော့ ဆရာကြီးဆီမှာ သွားမေးကြတယ်၊ ဆရာကြီးက စာပေလေ့လာပုံ လေ့လာနည်းတွေနဲ့ စာမေးပွဲအတွက် ပြင်ဆင်ဖတ်ရှုပုံနည်းတွေ ပေးလိုက်တယ်တဲ့"

အားလုံး လူစုခွဲပြီးနောက် နွယ်ဦးက တိုးတိုးကပ်ပြောသည်။

"တို့က ဆရာ ဆရာမတွေနဲ့ ရင်းနှီးတဲ့ပါရမီ မပါဘူး၊ ကိုယ့်ဆရာမို့လို့ စိတ်ထဲကရိုသေပေမယ့် မသွားရဲဘူး၊ အသစ်ပြောင်းလာမယ့် ဆရာကြီးကို အကူအညီပေးချင်ပါတယ် ဘာကူလုပ်ပေးရမလဲပေါ့လေ"

စိတ်ထဲမှာရှိသည့်အတိုင်း လင်းလင်း ပြောလိုက်သည်။

၄၄

"ဒီနေရာမှာ ရှင့်အဆက် မိုးထွင့်ဆီက နည်းတောင်းပါလား၊ သူက ဆရာတိုင်းနဲ့ခင်တယ်လေ"

"ဩော် ...ဆရာတွေနဲ့ခင်မှာပေါ့၊ ချစ်သူတစ်ယောက်လုံးကိုပစ်ပြီး ဆရာတွေနားမှာ အချိန်ပြည့်နေတာကိုး၊ ဌာနကိစ္စတိုင်းမှာ ဦးဆောင်တာကိုး"

သူ့အကြောင်းကို ပြောရတိုင်းပင် လင်းလင်း စိတ်တိုသည်။ ချစ်သူနှစ်ဦး အတူလမ်းလျှောက်လာရင်း ဆရာကြီးဦးသောင်းရှိန်နှင့်တွေ့လျှင် လင်းလင်းကိုထားခဲ့ပြီး ဆရာကြီးနှင့် သွားစကားပြောတတ်သည်။ ပြီးတော့ လက်ဖက်ရည်ဆိုင်မှာ ထိုင်စောင့်နေသည့် လင်းလင်းကို မေ့ထားခဲ့ပြီး ဆရာကြီးနှင့် မြို့ထဲထွက်သွားတတ်သည်။ မိုးချုပ်မှ မြို့ထဲကပြန်လာသည်။

ဆရာကြီးကို ဆေးခန်းလိုက်ပို့ပေးပြီး ဆရာကြီး၏ကိစ္စအဝဝကို ဆောင်ရွက်ပေးရင်း လင်းလင်းကို မေ့သွားသည်တဲ့လေ။





"နည်းတော့ယူသင့်တယ် လင်းလင်း"

နွယ်ဦး အကြံပြုချက်ကို လက်ခံရမလိုဖြစ်နေပြီ။

× × × ×

"လင်းလင်းတို့ဌာနကို ပါမောက္ခအသစ် ပြောင်းလာပြီတဲ့၊ ဦးလင်းထွန်းတဲ့"

လူငယ်၊ အချစ်နှင့်ငြိမ်းချမ်းရေးမှာ ဆုံမိကြသည်နှင့် လင်းလင်း စကားစလိုက်သည်။

"တချို့ကျောင်းသားကျောင်းသူတွေကတော့ ဆရာကြီးအိမ်ကို သွားလည်ကြတယ်၊ လိုအပ်တဲ့အကူအညီတွေ ပေး ကြတယ်၊ လင်းလင်းတို့ကလည်း ဆရာကြီးကို ခင်ချင်ပါတယ်၊ အကူအညီပေးချင်ပါတယ်၊ ဒါပေမယ့် သွားရမှာ ကြောက်တယ်"

ပိုမိုး - တာယ

"ကြောက်ရင်မသွားနဲ့ပေါ့"

"ဆရာကြီးနဲ့ရင်းနှီးတော့ ကိုယ်မသိတဲ့စာတွေကို မေးနိုင်တာပေါ့၊ လင်းလင်းက ဂုဏ်ထူးတန်းတက်မှာဆိုတော့ ရင်းနှီးချင်တာပေါ့"

"မောင့်လောက် ကိုယ်တို့ပါမောက္ခဆရာကြီး ဦးသောင်းရှိန်နဲ့ ရင်းနှီးတာရှိမလား၊ တစ်ခါမှ စာမမေးဖူးပါဘူး၊ ဂုဏ်ထူးတန်းဝင်အောင် သင်သမျှစာတွေ လိုက်ကျက်တာပဲ"

လင်းလင်းပြောသမျှကို စိတ်ဝင်စားဟန်မရှိသည့်အတွက် စိတ်တိုချင်လာသည်။

"မောင့်ကိုတော့ နှယ်ဦးတို့က သိပ်ချီးကျူးတာ၊ ဆရာတိုင်းနဲ့ ရင်းနှီးအောင်နေနိုင်လို့တဲ့လေ"

မောင် မျက်မှောင်ကုတ်ပြီး စဉ်းစားဟန်ပြုသည်။

"ဆရာတွေနဲ့ ရင်းနှီးအောင်လုပ်တဲ့ နည်းပညာမရှိပါဘူး၊ စေတနာက အရင်းခံပါ၊ ဌာနရဲ့ကိစ္စမှန်သမျှကို တတ်





စွမ်းသမျှ ပါဝင်တော့လည်း အလိုလိုရင်းနှီးသွားတာပေါ့၊ ဆရာတွေနဲ့ ရင်းနှီးပေမယ့် မောင်က ဘာအခွင့်အရေးမှ ယူတာ မဟုတ်ဘူး"

"လင်းလင်းက အခွင့်အရေးယူချင်တယ်လို့ ဆိုလိုတာလား"

"မဆိုလိုပါဘူး၊ မောင့်အကြောင်းပဲပြောတာပါ၊ သူများအကြောင်း မပြောပါဘူး၊ လင်းလင်းတို့မေဂျာမှာလည်း ဆရာတွေက ကိုကြီးဝင်းညွန့်တို့၊ ကိုကြီးအေးမိုးတို့ကို ချစ်တာ ဌာနကိစ္စတိုင်းမှာ အနစ်နာခံပြီး ပါဝင်လို့ဖြစ်မှာပေါ့"

"လင်းလင်းတို့လို မပျက်မကွက်အားပေးတဲ့လူတွေကိုကော ဆရာတွေက မချစ်ဘူးလား"

"ပင်ပန်းနေဦးမယ်၊ သိပ်အားမပေးနဲ့"

သူ့ကို ဒေါသမျက်ဝန်းများဖြင့် ပြန်ကြည့်ပေမယ့် သူကတော့ ရယ်နေသည်။ သူနဲ့လင်းလင်းက ဆန့်ကျင်ဘက်။ သချ်ာနဲ့မြန်မာစာဆိုတာလည်း ဆန့်ကျင်ဘက်ပါပဲလေ။

ဘာတစ်ခုမှ တူညီတာမရှိ။

"မောင်ပြောတာ နားထောင်ပါဦး၊ လင်းလင်းတို့မေဂျာမှာ မိန်းကလေး ဘော်လီဘောအသင်း အားနည်းနေတယ်၊ ထွက်နိုင်အောင် မနည်းကြိုးစားရတာ၊ လင်းလင်းအနေနဲ့ ဝင်ပြီးမကစားသင့်ဘူးလား၊ အစ်မကြီး စန်းစန်းမြိုင်တို့၊ အစ်မကြီး မမဝင်းတို့ ထွက်သွားတဲ့နေရာမှာ လင်းလင်းတို့လို အတန်းငယ်တဲ့ မိန်းကလေးတွေ ဝင်သင့်တာပေါ့"

"လင်းလင်းမှ မကစားဘူးတာ"

"လေ့ကျင့်ရမှာပေါ့၊ ထရိန်နင်မှန်ရင် တိုးတက်လာမှာပဲ၊ ရှေ့နှစ်မှာ လင်းလင်း ဝင်ကစားပါလား၊ မောင်သင်ပေးမှာပေါ့"

သည်တစ်ချီမှာတော့ အချက်ကျကျပြောနိုင်သည့်မောင့်ကို လင်းလင်းအနေနှင့် ချေပနိုင်စွမ်းမရှိပါ။

"လင်းလင်း ကစားရမယ်နော်"

လင်းလင်း ခေါင်းညိတ်သည်။





"လင်းလင်းကို တကယ်သင်ပေးမှာလား"

"သင်ပေးမှာပေါ့"

"နောက်ထပ် လင်းလင်း ဘာလုပ်ရဦးမလဲ"

"အနုပညာစင်တင်ပွဲမှာ ဝင်ကပေါ့"

"လင်းလင်းမှ မကတတ်တာ"

"အနုပညာအသင်းက ဖွင့်ထားတဲ့ အကသင်တန်းရှိတယ်လေ၊ အကသင်တန်းမှာ ဝင်ကပေါ့"

လင်းလင်း စိတ်မသက်မသာနှင့် မျက်နှာလေးမဲ့နေသည်။

"စိတ်မဝင်စားဘူးလား"

"ဘော်လီဘောထရိန်နင်လည်း ဆင်းရမယ်၊ အကသင်တန်းလည်း တက်ရမယ်ဆိုတော့ လွတ်လွတ်လပ်လပ်နေရမယ့်အချိန် ဘယ်ရှိတော့မလဲ"

ခပ်တိုးတိုးလေး ညည်းညူလိုက်သည်။ လင်းလင်း၏ စကားအဆုံးမှာ မောင်က တဟားဟား ရယ်လိုက်တော့

ပိုစိတ်တိုရပြန်သည်။ သူနှင့်လင်းလင်းက ဘာကြောင့်များ ချစ်သူတွေ ဖြစ်ခဲ့ကြတာတဲ့လဲ။ ဘာတစ်ခုမှ တူညီတာမရှိ။ လင်းလင်း အလေးအနက်ထားသမျှအရာအားလုံးကို သူက ပေါ့ပေါ့တန်တန်ထားတတ်သည်။ သူ အလေးအနက်ထားသည့် ကိစ္စတွေကိုတော့ လင်းလင်းအဖို့ အသိလွန်နေပြီ။ ဌာနကိစ္စ၊ အသင်းကိစ္စ၊ ဆရာ၊ ဆရာမကိစ္စ၊ အားကစားနဲ့အနုပညာ နေရာတကာပါနိုင်လွန်းသူ။

သူနှင့်ချစ်သူဖြစ်ရတာ လင်းလင်းဘက်က ရှုံးသည်။ အလေးအနက်ထား ခံစားတတ်သူဖြစ်သည်နှင့်အမျှ သူ့ကို နာကြည်းမိသည်။ လင်းလင်း၏ နာကြည်းမှုများကို သူက တော့ အလေးအနက်မထား။ လင်းလင်းဘက်က သည်းမခံနိုင်လျှင် သူနှင့်လမ်းခွဲဖို့ပဲရှိသည်။

"ဘာလဲ …ရည်းစားနဲ့တွေ့ရမယ့်အချိန် မရှိလို့ မဟုတ်လား"

"ဟုတ်တယ်၊ လင်းလင်းက ချစ်သူထားတယ်ဆိုရင်





ချစ်သူတို့ဘဝ ပီပီပြင်ပြင်ရှိချင်တယ်၊ မောင့်ကို လင်းလင်း အနားမှာ အမြဲရှိနေစေချင်တယ်၊ မောင့်မှာ လင်းလင်းကလွဲရင် ကျန်တဲ့အရာတွေဟာ အရေးကြီးတာတွေချည်းပဲ၊ ဒီကမ္ဘာမှာ မောင် အလေးမထားတာ လင်းလင်းပဲမဟုတ်လား"

လင်းလင်း ဒေါသထွက်နေပေမယ့် မောင်ကတော့ လင်းလင်းမျက်နှာကို တစိမ့်စိမ့်ကြည့်ရင်း ပြုံးနေသည်။

"ဘာရယ်တာလဲ …လင်းလင်း မကြိုက်ပါဘူး"

"စိတ်ဆိုးနေတဲ့ပုံလေးက ချစ်စရာကောင်းလိုက်တာ၊ လင်းလင်းအတွက် မောင် အချိန်ပေးမှာပါ၊ မောင့်နှလုံးသားထဲမှာ လင်းလင်း အမြဲရှိနေတယ်ဆိုရင် ကျေနပ်ပါနော်"

လူငယ်၊ အချစ်နှင့်ငြိမ်းချမ်းရေး လက်ဖက်ရည်ဆိုင်တွင် ကိုတင့်နိုင်က လက်ဖက်ရည်နှစ်ခွက်လာချပြီး သူတို့နှစ်ယောက်အနားမှာ ဝင်ထိုင်သည်။

"အချစ်နဲ့ငြိမ်းချမ်းရေးဆိုင်ထဲမှာ စိတ်မကောက်ရဘူးနော်၊ မဟုတ်ဘူးလား ကိုတင့်နိုင်"

ကိုတင့်နိုင်က ရက္ခဗေဒဘွဲ့ရကျောင်းသား။ ဘွဲ့နှင့် အတူ မိန်းမရပြီး တက္ကသိုလ်ထဲမှာ လက်ဖက်ရည်ဆိုင်ဖွင့်ထားခြင်းဖြစ်သည်။ မိန်းမမရခင်အထိ ကိုတင့်နိုင်က ပုသိမ်တက္ကသိုလ်၏ အဆိုတော်။

ညပိုင်းတွေမှာ မိန်းကလေးအဆောင်တွေရှေ့မှာ ဂီတာတစ်လက်နှင့် ညလုံးပေါက် ဖျော်ဖြေတတ်သူ၊ မနက်ငါးနာရီထိုးမှ ဘူတာရုံမှာဖွင့်ထားသည့် ထမင်းကြော်ဆိုင်မှာ ထမင်းကြော်စားပြီး ပြန်တတ်သူ။ မောင်မယ်သစ်လွင် ကြိုဆိုပွဲတွေမှာတော့ 'နေလိုလလို ပုသိမ်တက္ကသိုလ်' ဆိုသည့် အဖွင့်သီချင်းသီဆိုသူ …

"လူငယ်၊ အချစ်နဲ့ငြိမ်းချမ်းရေးလို့ နာမည်ပေးထားတာက တို့လင်မယား ရန်မဖြစ်အောင် နိမိတ်ကောင်းယူထားတာပါ၊ တခြားချစ်သူတွေတော့ စိတ်ကောက်လို့၊ ရန်ဖြစ်လို့ ရပါတယ်။ လက်ဖက်ရည်ဆိုင်ဆိုတာ ချစ်သူတွေစိတ်ကောက်တဲ့နေရာ၊ ရင်ဖွင့်တဲ့နေရာ၊ ပြီးတော့ ငြိမ်းချမ်းရေးရသွားတဲ့





နေရာပဲ မဟုတ်ဘူးလား"

ကိုတင့်နိုင်က ဝင်ပြောသည်။ လက်ဖက်ရည်ကောင်တာမှာ ထိုင်နေသည့် သူ့ဇနီးဘက်သို့လည်း လှည့်ကြည့်လိုက်သည်။

"ကိုတင့်နိုင် သီချင်းမဆိုတော့ဘူးလား၊ ကိုတင့်နိုင် အသံက သိပ်ကောင်းတာ"

"ပြဿနာတက်လွန်းလို့ မဆိုတော့ဘူး"

သူ့ဇနီးဘက်သို့ ငဲ့ကြည့်ပြီး အသံနှိမ့်ပြောသည်။

"မိန်းကလေးတွေက ဒီလိုပဲလားဟင်၊ မရခင်ကတည်းက စည်းကမ်းတွေချမှတ်ချင်နေတာ"

မောင်က ကိုတင့်နိုင်ကို ပြောလိုက်ခြင်း …

"ရပြီးတော့ ပိုဆိုးတယ်၊ မလှုပ်နိုင်အောင် ချည်တုပ်ထားကြတာ"

ပခုံးလေးတွန့်ပြီး ကိုတင့်နိုင် ပြောသည်။

"အရင်တုန်းကနဲ့ တခြားစီပဲ၊ ကိုတင့်နိုင် အရမ်း

ပြောင်းလဲသွားတာပဲ၊ အရေခွံခွာလဲပစ်လိုက်သလို ပြောင်းလဲသွားတာ''

''မပြောင်းလဲလို့မရဘူး မိုးထွဋ်ရဲ့၊ သူတို့က အကြမ်းဖက်တော့ စိတ်ညစ်မခံချင်တော့ဘူး''

''အကြမ်းဖက်ရင် အမျိုးသမီးရေးရာကိုတိုင်ပေါ့''

မောင့်စကားအဆုံးမှာ ကိုတင့်နိုင် ရယ်သည်။

''အမျိုးသမီးရေးရာက အမျိုးသမီးတွေကို အကြမ်းဖက်မှ တိုင်လို့ရတာ၊ အမျိုးသမီးတွေက တို့အမျိုးသားတွေကို အကြမ်းဖက်တာကိုတော့ တိုင်လို့မရဘူး''

''ဘာလဲ …ရှင်ကတိုင်ချင်သေးလို့လား''

ကိုတင့်နိုင်ကတော့ ငသီဂီကျော်ကျော် အနားရောက်လာပြီး ရန်တွေ့လိုက်သည်။

''မတိုင်ချင်ပါဘူးကွာ၊ မတိုင်ချင်ပါဘူး၊ ပီး(စ်) … ပီး(စ်)''

သူတို့နှစ်ယောက်ကိုကြည့်ပြီး စိတ်ကောက်ရမည်ကို

ပိုမိုး - တလေ



မေ့ကာ လင်းလင်း ရယ်လိုက်မိသည်။

''လင်မယားဖြစ်တာတောင် စိတ်ကောက်ကြတုန်းပဲနော်''

''ချစ်လေ စိတ်ကောက်လေပေါ့၊ မင်းလည်း အဘွားကြီးဖြစ်တဲ့အထိ စိတ်ကောက်မှာ မြင်ယောင်သေးတယ်''

သူ့ကို ပိုင်စိုးပိုင်နင်းပြောသည့်အတွက် မောင့်ကို လှမ်း ထုလိုက်သည်။

''အဘွားကြီးဖြစ်တဲ့အထိ ရှင်နဲ့ ကျွန်မ အတူလက်တွဲနိုင်မယ်လို့ ထင်သလား၊ ဒီလောက်အထိ ရှင့်ဘက်က လေး နက်လို့လား''

''ပီး(စ်) …ပီး(စ်) …တော်ပြီ၊ ပြန်မစနဲ့တော့ လင်းလင်းရယ်၊ တို့က အဘိုးကြီးဖြစ်တဲ့အထိ မသေမချင်း မင်းအနားမှာရှိနေမှာ၊ အဲဒီတော့မှ ဆေးပေးမီးယူလုပ်ရလွန်းလို့ စိတ်ညစ်မသွားနဲ့''

''ဟုတ်ပြီ …မိုးထွဋ်က အပြောကောင်းသားပဲ၊

ပိုမိုး - တလေ

ပီး(စ်) …ပီး(စ်)”

ကိုတင့်နိုင်က လက်ဖက်ရည်ဖျော်နေရာမှ လှမ်းအော်သည်။ လင်းလင်းတို့နှစ်ယောက်လုံး ရယ်မောရင်း လက်ဖက်ရည်ဆိုင်ထဲမှ ထွက်ခဲ့ကြသည်။

“ဘယ်ရမလဲ …ဒီဆိုင်က လက်ဖက်ရည်တစ်ခွက်သောက်မိတာနဲ့ မပြေလည်တဲ့အတွဲတွေ ငြိမ်းချမ်းသွားရမယ်”

ကိုတင့်နိုင်က ဂုဏ်ယူဝင့်ကြွားစွာ ပြောလိုက်သေးသည်။

× × × ×





ဆရာမ ဒေါ်သန်းသန်းမြင့် စာရှင်းပြတာ အချိန်အတော်ကြာသွားသည်။ အတန်းချိန်နီးနေပြီမို့ လှေကားမှ ကမန်းကတန်းပြေးဆင်းလာသည်။

လှေကားမှ တက်လာသော ဆရာကြီးနှင့် ဆုံသည့်အတွက် ကိုယ်ရှိန်သတ်ပြီး ခေါင်းကလေးငုံ့ကာ အရိုအသေပေးလိုက်သည်။ ပါမောက္ခ၊ ဌာနမှူးအသစ် ဦးလင်းထွဋ်။

မဝံ့မရဲမော့အကြည့်မှာ ဆရာကြီးနှင့် မျက်လုံးချင်းဆုံသည်။ ဆရာကြီးမျက်လုံးတွေ ရုတ်တရက် ဝင်းလက်သွားသည်လို့ ထင်လိုက်ရသည်။ ခြေလှမ်းလည်းတန့်သွားသည်။

"သမီးက မြန်မာစာကျောင်းသူလား"

လင်းလင်း ခေါင်းညိတ်လိုက်သည်။ ဆရာကြီးက လင်းလင်းကို ခေတ္တမျှစိုက်ကြည့်နေသည်။ လင်းလင်းလည်း ခေါင်းလေးငုံ့ကာ ဆရာကြီးရှေ့မှ ထွက်လာခဲ့သည်။

ဆရာကြီး၏အသွင်က တည်ကြည်ချောမောသည်။ ငယ်စဉ်က အတော်ချောမည့်သူဟု ခန့်မှန်းလိုက်မိသည်။ လေးဆယ့်ငါးနှစ်ဆိုသော အသက်ကလည်း သိပ်တော့မကြီးသေးပါ။ အနှစ်သုံးဆယ် စီမံကိန်းနှင့် ပညာရည်မြင့်မားရေးအတွက် ဆောင်ရွက်နေသောခေတ်မှာ ရာထူးအတိုးမြန်လှသည်။ အသက်ခပ်ငယ်ငယ်နှင့် ပါမောက္ခ၊ တွဲဖက်ပါမောက္ခတွေ ဖြစ်နိုင်သည်။

လင်းလင်းကို မြင်လိုက်သည်နှင့် သူ့ခြေလှမ်းတွေ ဘာကြောင့်တန်းသွားရပါလိမ့်။ သိပေါင်းကျွမ်းပေါင်း တစ်ယောက်ကို တွေ့လိုက်ရသလို ဘာကြောင့် မျက်နှာအမူအရာ ပြောင်းလဲသွားရပါလိမ့်။ မျက်လုံးတွေတောက်လာ





သလိုပဲ၊ ပြီးတော့ တွေတွေဝေဝေနှင့် ကြည့်နေသောအကြည့်များ ...

မောင့်ကိုဖွင့်ပြောလျှင် အလေးအနက်စဉ်းစားမှာ မဟုတ်တာ သေချာသည်။ မပြောဘူးဟု ဆုံးဖြတ်ထားပေမယ့် မောင်နှင့်ဆုံတော့ ပြောဖြစ်သွားသည်။

"ဒီနေ့ လေ့ကားအတက်မှာ ဆရာကြီးနဲ့ဆုံတယ်"

"ဘယ်ဆရာကြီးနဲ့လဲ"

"လင်းလင်းတို့ရဲ့ ဆရာကြီးပေါ့၊ အသစ်ပြောင်းလာတာလေ၊ လင်းလင်းကို သိနေသလိုပဲ"

"လင်းလင်းကိုသိတယ်၊ ဟုတ်လား"

"အတိအကျတော့ ပြောလို့မရဘူး၊ လင်းလင်းကို မြင်လိုက်တော့ သူ့အသိတစ်ယောက်ကို မြင်လိုက်သလိုပဲ အမူအရာပြောင်းသွားတယ်"

သည့်အကြောင်းကို လင်းလင်း ဆက်ပြောချင်ပေမယ့် မောင် ဆက်မပြောသည့်အတွက် မဆွေးနွေးဖြစ်ကြ

တော့။

"ဒီနှစ် အနုပညာစင်တင်ပွဲမှာ ခေတ်အဆက်ဆက် ဝတ်စားဆင်ယင်မှု ပြပွဲပါမယ်တဲ့၊ မောင်တို့သချ်ာမှာတော့ အလှဆုံးသုံးယောက်ရွေးပြီးရင် ဆရာကြီး ဦးသောင်းရှိန်က နောက်ဆုံးအဆင့်ရွေးလိမ့်မယ်၊ လင်းလင်းတို့ဆီမှာ ရွေးပြီ လား"

"ဟင့်အင်း မရွေးသေးပါဘူး၊ စင်တင်ပွဲမှာ မောင် တို့သချ်ာက ဘာအစီအစဉ်တွေပါသလဲ"

"ကိုအောင်ထွန်းရဲ့ တံခါးမှူးဒွာ"

"ကိုအောင်ထွန်းက သိပ်တော်တာပဲ၊ မနှစ်က လှည်းသားငါးရာလည်း သိပ်ကောင်းတာပဲ"

ကိုအောင်ထွန်းက သချ်ာ၏မင်းသားလည်းဖြစ်၊ ဒါရိုက်တာလည်းဖြစ်သည်။ ကိုအောင်ထွန်းစီစဉ်၍ ကိုယ်တိုင် ပါဝင်သရုပ်ဆောင်သော တင်ဆက်မှုများသည် အထူး လူကြိုက်များလှသည်။





"အမယ်လေး လင်းလင်းရယ်၊ ရှင့်ကို ရှာလိုက်ရ တာ မောလို့"

အတန်းဆင်းသည်နှင့် ထွက်လာခဲ့သည်မို့ နွယ်ဦး လိုက်ခေါ်တော့ အံ့ဩသွားသည်။

"မိုးထွဋ်တွေ ...ဘာတွေ အသာထားခဲ့၊ အရေးကြီး တယ်၊ ဆရာကြီးနဲ့ သွားတွေ့ရမယ်"

"ဘယ်ဆရာကြီးလဲ"

"ပါမောက္ခနဲ့ဟဲ့"

နွယ်ဦး ခေါ်ဆောင်ရာကို အပြေးအလွှားလာခဲ့ရ သည်။ ပါမောက္ခအခန်းထဲမှာ လင်းလင်းတို့မေဂျာက ကျောင်း သူ ၇ ယောက်ခန့် စုရုံးရောက်ရှိနေသည်။

"လင်းလင်းကို လိုက်ရှာလိုက်ရတာ ဘယ်သွားနေ သလဲဟင်"

ဆရာမလေး ဒေါ်စန်းစန်းဦး ဆီးပြောသည်။

"ဖက်ရှင်ပြပွဲမှာ မေဂျာကပါဝင်မယ့် ကျောင်းသူ

တွေ ရွေးမလို့၊ ဆရာမတို့ရှာပြီး ရွေးထားတာ တစ်မေဂျာကို ၃ ယောက် ရွေးမှာဆိုတော့ ဆရာကြီးရဲ့ အဆုံးအဖြတ်ကိုယူရမှာ”

ဆရာကြီးက ဘေဘီသန်း၊ စမ်းစမ်းတို့ကို ရွေးထားပြီးသားဖြစ်နေသည်ဟု သိရသည်။ လင်းလင်း ဝင်လာချိန်မှာ ဆရာကြီး စာငုံ့ရေးနေသည်။

“လင်းလင်းမိုး ရောက်ပါပြီဆရာ”

ငုံ့ထားသောခေါင်း ချက်ချင်းမော့လာသည်။

ပထမအကြိမ် ဆုံစည်းစဉ်ကကဲ့သို့ပင် မျက်ဝန်းတွေ လက်ခနဲ တောက်ပသွားသည်။ ရင်းနှီးကျွမ်းဝင်သလိုလို၊ စူးစမ်းလိုစိတ်လိုလို ရောထွေးသော အကြည့်မျိုးကို တွေ့ရသည်။

“မင်းက လင်းလင်းမိုးတဲ့လား”

ခေတ္တမျှ စူးစိုက်ကြည့်နေပြီးမှ မေးလိုက်သည်။

“ဟုတ်ပါတယ်”





ဘာစကားမှ ဆက်မပြောဘဲ လင်းလင်းကို ငေးစိုက်ကြည့်နေသည်။ ဆရာမ ဒေါ်စန်းစန်းဦးရော လင်းလင်းပါ အံ့သြမိကြသည်။ မေးခွန်းတစ်ခုခုမေးရန် အားယူနေသည်ဟု လင်းလင်း ခံစားမိသည်။

“လင်းလင်းမိုးကို ရွေးပါ”

အတန်ကြာမှ ဆရာကြီး ဆုံးဖြတ်ချက်ချသည်။

“ခွင့်ပြုပါဦး ဆရာကြီး”

ဆရာကြီး ခေါင်းညိတ်သည်။ ခေါင်းလေးငုံ့လျှိုးပြီး ဆရာကြီးရှေ့မှ ထွက်လာခဲ့သည်။

“ဒီမှာသမီး ...”

အခန်းဝအရောက်မှာ ဆရာကြီး လှမ်းခေါ်လိုက်သည်။

“အနုပညာစင်တင်ပွဲမှာ ဆရာတို့ဌာနက ပြဇာတ်တစ်ခုတင်ဆက်မယ်၊ အဲဒီပြဇာတ်မှာ သမီးကို မင်းသမီးနေရာက ထားမယ်”

"ရှင်"

လင်းလင်း အလန့်တကြားအော်လိုက်သည်။ ကျောင်းကပွဲတွေမှာ တစ်ခါမျှမပါခဲ့ဖူးပေ။ ဘယ်သူကမှလည်း လင်းလင်းကို သရုပ်ဆောင်ရန် တိုက်တွန်းခဲ့ဖူးခြင်း မရှိပေ။ ဆန်းကြယ်လိုက်ပါဘိခြင်း။

"မင်းသမီးအခန်းက ပါရမှာပါ သမီးရဲ့"

"ရှင်"

"ဇာတ်တိုက်တဲ့အချိန်မှာ အသင့်ရှိနေရမယ်နော်"

လင်းလင်း ပြန်ပြောရန် စကားရှာမရဖြစ်နေသည်။ သရုပ်ဆောင်ရမည့်အလုပ်ကို လင်းလင်း မလုပ်ရဲတာအမှန်။ ငြင်းချင်သည်။ ဘယ်လိုငြင်းရမှာလဲ။

ဆရာကြီးကိုငြင်းရမှာလဲ မဝံ့မရဲ။ အနားမှာရှိနေသည့် ဆရာမ ဒေါ်စန်းစန်းဦးနှင့် ဒေါ်စန္ဒာဦးကို့ကို စစ်ကူတောင်းသည့်အနေနှင့် လှမ်းကြည့်သည်။

"ဆရာကြီးကိုယ်တိုင်က ရွေးတာပဲ၊ သမီးပါလိုက်





ပါ"

ဒေါ်စန်းစန်းဦး ဝင်ပြောသည်။

"အခက်အခဲရှိလို့လား သမီး"

လင်းလင်း၏ နှုတ်ဆိတ်၊ ကြောက်ရွံ့နေသော အနေအထားကိုကြည့်ပြီး ဆရာကြီးက မေးလိုက်သည်။

"သမီး ...သမီးက တစ်ခါမှ စင်ပေါ်မတက်ဖူးပါဘူး ဆရာကြီး"

"ဪ ...ဒါလား၊ ရပါတယ် သမီးရဲ့၊ ဆရာဦးထွန်းလင်းကျော်တို့၊ ဒေါ်ယဉ်မီမီသာတို့ သင်ပေးမှာပေါ့၊ ဆရာကြီးလည်း စောင့်ကြည့်ပြီး သင်ပေးမှာပေါ့"

မြန်မာစာဌာနမှ နည်းပြဆရာလေး ဦးထွန်းလင်းကျော် ဒဿနိကဗေဒဌာနမှ ယဉ်ကျေးမှုတက္ကသိုလ်ကျောင်းဆင်း ဒေါ်ယဉ်မီမီသာတို့ စုံတွဲက လိုက်ဖက်ညီသည်။ နှစ်ယောက်စလုံး အနုပညာသမားစစ်စစ်များ ဖြစ်ကြသည်။

ဦးထွန်းလင်းကျော်က မြန်မာစာဌာန၏ တင်ဆက်မှု

များတွင် ဦးဆောင်သင်ပြလေ့ရှိသူမို့ ဒေါ်ယဉ်မီမီသာကလည်း နေ့နေ့ညည ပါရမီဖြည့်ရရှာသည်။

"သမီးနဲ့ဖြစ်မယ်မထင်ပါဘူး ,ဆရာကြီး"

အသံတုန်တုန်လေးနှင့် ပြန်ပြောလိုက်သည်။ ဆရာကြီးက တစ်ချက်ပြုံးလိုက်ပြီး ...

"ဖြစ်ပါတယ် သမီး၊ ဆရာကြီးက ဇာတ်ရုပ်ကို ကြည့်ပြီးရွေးတာ၊ ဆရာကြီးကိုယ်တိုင်ရေးမယ့် ပြဇာတ်မှာ မင်းသမီးနေရာက သမီးနဲ့ အလိုက်ဆုံးပဲ၊ သမီးကလွဲရင် ဒီနေရာကို ဘယ်သူမှ သရုပ်မဆောင်နိုင်ဘူးလို့ထင်တယ်၊ အဲဒါသေချာတယ်"

အံ့ဩထိတ်လန့်သော မျက်ဝန်းများနှင့် ဆရာကြီးကို ပြန်ကြည့်လိုက်မိသည်။ ဆရာကြီးကတော့ သူ့ဆုံးဖြတ်ချက်ကို ပြင်မည့်ပုံမပေါ်။ တည်ငြိမ်သိမ်မွေ့သောအပြုံးနှင့် အားပေးနေသည်။

"ဆရာကြီးက ဒီလောက်တောင်ပြောနေမှတော့





မငြင်းနဲ့တော့ သမီး၊ ကြိုးစားလိုက်ပါ၊ ကိုယ့်ဌာနအတွက်ပဲ မဟုတ်လား"

ဆရာမ ဒေါ်စန္ဒာဦး ဝင်ပြောသည်။ လင်းလင်းအနေနှင့် ယခုထက်ပို၍ ငြင်းဆန်ရန်မသင့်ဟု နားလည်လိုက်သည်။

"ကဲ ...သမီးသွားတော့၊ ဇာတ်တိုက်မယ့်နေ့ကျရင် ဆရာမတွေ အကြောင်းကြားလိမ့်မယ်နော်"

ဆရာကြီးအသံက သိမ်မွေ့သော်လည်း ပြတ်သားသည်။ သူ့ဆုံးဖြတ်ချက်ကို မည်သူမှပြင်၍ မရနိုင်ဟူသော ယုံကြည်ချက်အပြည့်အဝရှိသည်။

ခေါင်းလေးငုံ့၍ အရိုအသေပေးပြီး ဆရာကြီးရှေ့မှ ထွက်ခဲ့ရသည်။ အခန်းအပြင်ဘက်ရောက်သည့်အထိ ရင်တွေ တဒိန်းဒိန်းခုန်နေသည်။

"ဆရာမရယ် ...သမီးအနေနဲ့ တကယ်မဖြစ်နိုင်တာပါ၊ ဆရာကြီးကို ပြောပေးပါလားဟင်"

ဆရာမ ဒေါ်စန်းစန်းဦးနှင့် ဒေါ်စန္ဒာဦးကို အကူ အညီတောင်းမိသည်။

"ဆရာကြီးမှာ အကြောင်းတစ်ခုခုရှိမှာပါ၊ ဆရာကြီး က အသင့်လျော်ဆုံးထင်လို့ ရွေးတာပါ၊ ဆရာကြီးက တော်ရုံ လူကို ရွေးတာမဟုတ်ဘူး၊ ဇာတ်ရုပ်နဲ့မလိုက်ရင် သိပ်ချေးများ တာ"

ဒေါ်စန်းစန်းဦးက ဖျောင်းဖျောင်းဖျဖျ ပြောရှာသည်။

"တို့လည်း အံ့ဩတယ်၊ လင်းလင်းကို မြင်မြင်ချင်း သဘောကျသွားတာ"

ဒေါ်စန္ဒာဦး ပြောပြန်သည်။

"ဆရာကြီးရဲ့ ဇာတ်ဆောင်က ဘယ်လိုမိန်းကလေး မျိုးလည်း မသိဘူးနော်၊ လင်းလင်းနဲ့ ဘယ်လိုများ လိုက်ဖက် နေသလဲဆိုတာ သိချင်လိုက်တာ"

ဒေါ်စန်းစန်းဦးစကားကြောင့် လင်းလင်းပါ ဆရာ ကြီး၏ဇာတ်ဆောင်ကို သိချင်လာသည်။





"ဆရာကြီးက အနုပညာသမားဆိုတော့ ဇာတ် ဆောင်ဟာ ဘယ်လိုအနေအထားမျိုး ရှိသင့်တယ်ဆိုတာ သူ ခံစားကြည့်ထားမှာပေါ့၊ လင်းလင်းက အလိုလိုအနုပညာ မြောက်နေလို့ဖြစ်မှာပေါ့"

လင်းလင်း စိတ်ညစ်လာသည်။ လင်းလင်းက မည် သည့်နေရာမှ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့ဖူးသူမဟုတ်။ အား ကစားနှင့် အနုပညာကိစ္စတွေမှာ သူက အားပေးသူသက် သက်။

အားပေးသည့်နေရာမှာတော့ အတက်ကြွဆုံးအားပေး သူတစ်ယောက်။

အနုပညာကပွဲတွေမှာ သူငယ်ချင်းတွေနောက်က လိုက်ပြီး မိတ်ကပ်လိမ်း၊ ဆံပင်ထုံးပေးသူ၊ ဝေဖန်ပေးသူသက် သက်။ ဘယ်သူကမှလည်း လင်းလင်းကို အနုပညာကပွဲတွေ မှာ ပါဝင်ရန် ရွေးချယ်ခဲ့ခြင်းမရှိခဲ့။

အနုပညာကပွဲတွေမှာ ပါဝင်ရန် ဆန္ဒရှိသူတွေကိုသာ

ထည့်သွင်းကပြစေခဲ့သည်။ ဆရာကြီးရောက်လာမှ ထူးထူးခြားခြား လင်းလင်းကို ဖွတ်အတင်းပါဝင်ခိုင်းနေသည်။

အင်း …ဆရာကြီးရေးမယ့် ပြဇာတ်ဇာတ်လမ်းထဲက ဇာတ်ရုပ်နဲ့ ကိုက်ညီသတဲ့လေ။

လင်းလင်း အတွေးရခက်ပါဘိ။

× × × ×





"ဆရာကြီးက လင်းလင်းကို ပြဇာတ်ထဲမှာ ပါရမယ်တဲ့လေ၊ သူကိုယ်တိုင်ရေးတဲ့ဇာတ်လမ်းတဲ့၊ မောင် မအံ့သြဘူးလား"

"မအံ့သြပါဘူး၊ စာရေးဆရာက သူ့ဇာတ်ဆောင်နဲ့ လိုက်လို့ ရွေးတာဖြစ်မှာပေါ့"

လင်းလင်းအတွက် အလေးအနက်ထားတွေးတောနေပေမယ့် မောင်ကတော့ ပေါ့ပေါ့ပါးပါးပင်။

"လင်းလင်း ကြောက်တယ်၊ မပါချင်ဘူး"

"မကြောက်ပါနဲ့၊ အလေ့အကျင့်မရှိသေးလို့ပါ၊

ဓာတ်ပိုးဝင်သွားရင် မကာရမနေနိုင်ဖြစ်သွားမှာ”

“မောင်က အားပေးတယ်ပေါ့”

“အားပေးတာပေါ့၊ လင်းလင်းမှာ ရှက်ပုန်းသီး အရည်အသွေးတွေ ရှိနေတာပဲ၊ မောင်လည်း ကိုအောင်ထွန်း တို့ရဲ့ ဓာတ်ထဲမှာ ပါရဦးမှာ၊ နှစ်ယောက်စလုံးမအားတော့ မောင့်ကို လင်းလင်း စိတ်မကောက်နိုင်တော့ဘူးပေါ့”

“ညဘက်ဓာတ်တိုက်ရရင် မောင်လာကြို့ရမှာနော်”

“မောင် အားမှာမဟုတ်ဘူး၊ မောင်လည်း ဓာတ်တိုက်ရမှာပဲ၊ အဲဒီရက်တွေမှာ မေမေလာမှာဆိုတော့ မေမေ့အနားမှာ နေရဦးမှာ”

“မောင်တကယ်ပြောတာလား”

“တကယ်ပြောတာ၊ မေမေက ရန်ကုန်မှာအနေများ တယ်၊ ကုမ္ပဏီဖွင့်ထားတယ်လေ၊ မောင်က ဘိုးဘိုး ဘွားဘွား တို့နဲ့နေတာ၊ ဒေါ်လေးက မောင့်ကိုသိပ်ချစ်တာ၊ ငယ်ငယ် ထဲက မောင့်ကိုမွေးခဲ့တာဆိုတော့ ဒေါ်လေးက မခွဲနိုင်လို့





မောင်က ပုသိမ်မှာပဲနေရတာ”

“ဒါတွေက ခိုင်လုံတဲ့အကြောင်းပြချက်တွေ မဟုတ် ပါဘူး မောင်”

လင်းလင်း ဒေါသဖြစ်ရပြန်ပြီ။ လင်းလင်းကလွဲ လျှင် လောကကြီးတစ်ခုလုံးမှာ သူ့အတွက် အလေးထားစရာ တွေချည်း ဖြစ်နေသည်။

“လင်းလင်းဟာ မောင့်ချစ်သူမှ ဟုတ်သေးရဲ့လား ဟင်”

“အဓိပ္ပာယ်မရှိတဲ့မေးခွန်းတွေ မမေးနဲ့ကွာ”

လေသံပျော့နှင့်ဆိုသည်။

“မောင်လုပ်နေတာတွေကကော အဓိပ္ပာယ်ရှိလို့ လား”

“အဓိပ္ပာယ်ရှိတယ်၊ မောင်မအားလို့ လင်းလင်းကို အကြိုအပို့မလုပ်နိုင်တာပဲ၊ မေမေနဲ့မောင်က တွေ့ရတဲ့ရက်တွေ နည်းတယ်”

သူ့အမေနှင့် ယှဉ်လိုက်တော့လည်း လင်းလင်းက အရေးမပါဖြစ်ရပြန်သည်။

"လင်းလင်းဟာ မောင့်အတွက် သိပ်တန်ဖိုးမဲ့နေသလားဟင်"

"လင်းလင်းကို မောင် အသက်ထက်တန်ဖိုးထားပါတယ်၊ ချစ်သူတစ်ယောက်ကို ပေါ့ပေါ့တန်တန်သဘောထားပြီး ချစ်ခဲ့တာမဟုတ်ပါဘူး၊ အရေးမကြီးတဲ့ အသေးအဖွဲကိစ္စတွေအတွက် သိပ်မခံစားပါနဲ့လင်းလင်း၊ နားလည်ခွင့်လွှတ်ပေးတတ်တဲ့ ချစ်ခြင်းဟာ ချစ်သူတွေရဲ့ဘဝမှာ အလိုအပ်ဆုံးပါပဲ"

လင်းလင်း မကျေနပ်နိုင်သေး။ ရင်ထဲမှာ မကျေလည်မချင်း မောင့်ကို အနားမှာရှိနေစေချင်သေးသည်။

"ဟဲ့ …မိုးထွဋ် ကြက်တောင်ထရိုက်နင်ဆင်းရမယ်၊ နင့်ကို လိုက်ရှာနေတာကြာလှပြီ၊ ကိုယ်တော်ချောက ဒီမှာ စုံတွဲခုတ်နေတာကိုး"





ဆရာမ ဒေါ်စန်းစန်းမြိုင်အသံ။

"လာ …လိုက်ခဲ့၊ ဆရာကြီး ဦးသောင်းရှိန် စိတ်ပူနေပြီ"

မောင်သည် လင်းလင်းကို တစ်ချက်မျှလှည့်မကြည့်တော့ဘဲ ဆရာမခေါ်ရာနောက်သို့ ပါသွားသည်။

စားပွဲပေါ်ရှိ လက်ဖက်ရည်နှစ်ခွက်သည် အေးစက်၍ အပေါ်ရေတွေတင်းနေလေပြီ။

မကျေမနပ်နှင့် လက်ဖက်ရည်ကို တစ်ကြိမ်တည်း မော့သောက်လိုက်ပြီး သစ္စာတည်မှ ထွက်လာခဲ့ရသည်။ မုန်းတယ် …မောင့်ကို ကျွန်မသိပ်မုန်းချင်တယ်၊ သူ့ကို မုန်းလိုက်နိုင်ရင် ကျွန်မဘဝ ပေါ့ပါးသက်သာသွားမလားမသိဘူး။

မေမေ့ဒိုင်ယာရီထဲက စာသားလေး။ အခုတော့ လင်းလင်းရင်ထဲက ထာဝရစကားများဖြစ်နေပါပြီလေ။

တစ်ယောက်တည်း အဆောင်ပြန်ရမှာကို ဝန်လေးနေ

ဆဲ နှယ်ဦးကို လှမ်းတွေ့လိုက်သည့်အတွက် အဆင်ပြေသွားသည်။

"မင်းသမီးပါလား ...မင်းသမီးရဲ့သတင်းက အရမ်းကျော်ကြားနေပါလား၊ ဆရာကြီးကတောင် ရွေးတာဆို"

"စိတ်ညစ်ပါတယ် နှယ်ဦးရယ်၊ လင်းလင်း အကြောင်းလည်းသိသားနဲ့၊ သူများကိုပဲ အားပေးတတ်တာ၊ သရုပ်ဆောင်တတ်တာမဟုတ်ဘူး"

"မင်းအဖေအရာရှိကြီးရဲ့ မျက်နှာကြောင့်လို့ ပြောနေကြတယ်"

"အို ...မဟုတ်တာ၊ တို့အဖေက ပုသိမ်မှာမှ မဟုတ်တာ ဝါးခယ်မမှာ၊ တို့အဖေနဲ့ ဆရာကြီးနဲ့လည်းသိတာမှ မဟုတ်တာ"

"ထင်ကြေးနဲ့ ပြောကြတာပေါ့လေ၊ စန္ဒီကတော့ အခံရခက်မှာပဲ"





"စန္ဒီဆိုတာ ဘယ်သူလဲ"

"ဒုတိယနှစ်ဂုဏ်ထူးတန်းက စိုးစန္ဒီလေ၊ သူက အမြဲ တမ်း မင်းသမီးနေရာက သရုပ်ဆောင်နေကြလေ၊ ဒီနှစ်လည်း သူ့ကိုပဲရွေးမယ်လို့ထင်ထားတာ၊ မိုးထွန်းက ဘာပြောလဲ"

လင်းလင်း မျက်နှာလေး ညှိုးသွားသည်။ မောင့် အကြောင်း တွေးလိုက်မိတိုင်း လင်းလင်း အားငယ်ရသည်။

"သူကတော့ ဘာပြောမှာလဲ၊ လင်းလင်းကိုမှ စိတ်မဝင်စားတာ၊ သူလည်းမအားတာနဲ့ အတော်ပဲတဲ့"

"ညဘက်ဇာတ်တိုက်ရင်တော့ လာကြိုမှာပေါ့"

နှယ်ဦးစကားအဆုံးမှာ လင်းလင်း နှုတ်ခမ်းလေး မဲ့ လိုက်သည်။

"မကြိုနိုင်ဘူးတဲ့၊ သူ့အမေလာမှာမို့ သူ့အမေအနားမှာ နေရဦးမယ်တဲ့"

"ဒါတော့လွန်တာပေါ့"

နွယ်ဦး ဝင်ထောက်တော့ လင်းလင်း ပိုပြီးဝမ်းနည်းလာသည်။ မျက်ရည်ဝဲချင်လာသည်မို့ နှုတ်ခမ်းကို တင်းတင်းစေ့ပြီး အားတင်းထားလိုက်ရသည်။

"မိုးထွဋ်က တစ်မျိုးပါပဲ၊ ဘာကိုမှ လေးလေးနက်နက်မရှိသလိုဘဲ၊ ဌာနကိစ္စ၊ အသင်းကိစ္စလောက်ပဲ စိတ်ဝင်စားတယ်"

"လင်းလင်း ဘာလုပ်ရမလဲဟင်"

"ဘာလုပ်ရမလဲ ဟုတ်လား၊ ကိုယ်ချစ်ရင် ကိုယ့်ဘက်ကလျှော့ပေါ့၊ သူ့လိုပဲ ခပ်ပေါ့ပေါ့သဘောထားလိုက်၊ လင်းလင်းက သိပ်ထိခိုက်ခံစားတတ်တာကိုး၊ ပိုင်ဆိုင်လိုစိတ်ကလည်း များသေးတယ်၊ လင်းလင်းစိတ်မျိုးနဲ့ဆိုရင် မိုးထွဋ်ကိုရွေးဖို့မကောင်းဘူး"

လင်းလင်း ခေါင်းညိတ်လိုက်သည်။ နွယ်ဦးလိုပါပဲ လင်းလင်းလည်း ကိုယ့်ကိုယ်ကို သည်အတိုင်း ဆန်းစစ်မိသည်။

△

ပိုးမိုး - တာယ



"ကိုကြီးဝင်းညွန့်ကို ရွေးဖို့ကောင်းတယ်၊ သူ့ကိုသာရွေးရင် သူက လင်းလင်းအနားမှာ အမြဲနေမှာ"

"နွယ်ဦးနော် ...စကားကြည့်ပြော၊ ကိုကြီးဝင်းညွန့်နဲ့က တကယ့်မောင်နှမအရင်းအချာတွေလိုနေတာ၊ ကိုကြီးဝင်းညွန့်က သူ့ပါးစပ်ထဲ လက်ထည့်တောင် ကိုက်တတ်မှာမဟုတ်ဘူး"

ရှက်ရှက်နှင့် နွယ်ဦးကျောကို တဘုံးဘုံးထုပစ်သည်။

"ကိုက်တတ်တာ မကိုက်တတ်တာတော့ မသိဘူး၊ ရွေးချယ်သင့်တာကိုပြောတာ"

"တော်ပါတော့ နွယ်ဦးရယ်"

"ဒါဆို ညအပြန် ဘယ်သူ့ကိုကြိုခိုင်းမလဲ"

"ကြုံရာအဖော်နဲ့ လိုက်ရမှာပေါ့၊ ဘာခက်တာမှတ်လို့ နွယ်ဦးကို အဖော်ခေါ်သွားမှာပေါ့"

နောက်ဆုံးတော့ သူ့အပေါ် အစစအရာရာ အလိုလိုက်သော နွယ်ဦးကိုပဲ အားကိုးရတော့မည်။

△

ပိုးမိုး - တာယ

"သူ့ရည်းစားကို မနိုင်တိုင်း တို့ကိုအနိုင်ကျင့်ဦးမယ်"

စိတ်ပျက်လက်ပျက်နှင့် လင်းလင်း မချိပြုံးပြုံးလိုက်သည်။ သူ့လိုလူကိုမှ လင်းလင်း ဘာကြောင့်ရွေးမိပါလိမ့်။

× × × ×





ကြုံမှကြုံတတ်ပေသည်။ မင်းသားက ကိုကြီးဝင်းညွန့်တဲ့လေ။

"ဒီပြဇာတ်ကပြီးရင် လင်းလင်းနဲ့ ကိုဝင်းညွန့်နဲ့ အဆင်ပြေသွားပြီ။ ကိုဝင်းညွန့်ဆိုရင် လင်းလင်းအနားမှာ ထာဝရခစားနေမှာပဲ"

"မစပါနဲ့ နွယ်ဦးရယ်၊ လင်းလင်းက မောင့်ကိုပဲ ချစ်တာ"

နွယ်ဦးက မျက်စောင်းတစ်ချက် လှစ်ခနဲထိုးလိုက်ပြီး ...

“ရှင့်စကားနဲ့ရှင်ပဲ၊ ပြီးတော့မှ လာမညည်းနဲ့၊ အခု နေ ပြောင်းချစ်ရင် အချိန်မီသေးတယ်”

လင်းလင်း ခေါင်းရမ်းသည်။

“သူနဲ့အဆင်မပြေတိုင်း သူ့ကိုမုန်းပစ်နိုင်အောင် ကြိုးစားခဲ့တာပဲ၊ မရပါဘူး၊ သူ့ကို လင်းလင်း မမုန်းနိုင်ဘူး၊ မောင်ဟာ လင်းလင်းရဲ့ဘဝပါပဲ”

ရိုးသားစွာဝန်ခံလိုက်ရင်း သက်ပြင်းဖွဖွလေး ချလိုက်ရသည်။

× × × ×





စင်တင်ပွဲအတွက် ဇာတ်တိုက်ချိန်ကစပြီး မောင့်အရိပ်အယောင်ကို မမြင်ရတော့။ နွယ်ဦးကို တောင်းပန်ပြီး အဖော်လိုက်ခိုင်းရသည်။

ညဘက်တွေမှာ ဌာနအပေါ်ထပ်မှာ ဇာတ်တိုက်ကြသည်။ ဦးထွန်းလင်းကျော်က စီစဉ်ညွှန်ကြားသရုပ်ပြသူ၊ လင်းလင်းနှင့် ကိုကြီးဝင်းညွန့်တို့က တက္ကသိုလ်၏ချစ်သူစုံတွဲနှစ်ဦးအဖြစ် သရုပ်ဆောင်ရသည်။ မောင်နှင့်မိုးတို့ ပုသိမ်တက္ကသိုလ်၏ လှပသောညနေခင်းအလှကို အတူတကွခံစားရင်း ချစ်စကားသီဖွဲ့ကြသည့် အခန်းဖြစ်သည်။

"ကြည့်စမ်းပါဦး မောင်ရယ်၊ မိုးတို့ရဲ့ တက္ကသိုလ်ကြီးဟာ သာယာလှပနေလိုက်တာနော်"

"တက္ကသိုလ်ဆိုတာ လှပမြဲ၊ မွေးပျံ့မြဲပေါ့မိုးရယ်၊ မောင့်အဖို့တော့ မောင့်အနားမှာ မိုးရှိနေရင်တော့ ယောဒိကမ္ဘာကြီးတစ်ခုလုံး သာယာလှပနေတာပါပဲ"

"ဟွန်း ...မောင်တော်တော်အပြောကောင်း၊ မောင့်စကားကို မိုး ယုံချင်လိုက်တာ၊ မောင့်စကားကို မိုး ယုံနေရရင် မိုးပျော်တာပဲ၊ မယုံရမှာကိုပဲ ကြောက်တာ မောင်ရဲ့"

"ယုံပါမိုးရယ် ...ချစ်သူတို့ရဲ့ စကားဆိုတာ ဒဏ္ဍာရီမဟုတ်ပါဘူး၊ မောင့်ကို မိုး ယုံစေချင်တယ်၊ ပြီးတော့ မိုးကိုပျော်စေချင်တယ်"

"တကယ်လားမောင်၊ ဒါဆိုရင် မနက် ၆ နာရီ အရောက် မိုးအဆောင်ရှေ့ကို အရောက်လာရမယ်၊ သစ္စာတည်မှာ မထိုင်ရဘူးနော်၊ မိုးအေးတို့၊ နိုင်လင်းတို့ခေါ်တိုင်းလည်း မလိုက်နဲ့"





"အမိန့်တော်မြတ်အတိုင်းပါ"

ဦးထွန်းလင်းကျော်ပြသည့် ဓာတ်ညွှန်းကိုဖတ်ရင်း လင်းလင်း ရင်တွေခုန်ပြီး စာရွက်ကိုင်ထားသည့်လက်တွေ တုန်နေသည်။

ဘုရား ...ဘုရား လင်းလင်း သရုပ်ဆောင်လို့ ဖြစ်နိုင်ပါ့မလား။

"အလွတ်ရပြီလား၊ ရရင်စမယ်"

ကိုကြီးဝင်းညွှန့်က စင်ပေါ်တက်နေကျမို့ မထောင်းသာ။

"ကြည့်စမ်းပါဦး မောင်ရယ် မိုးတို့ရဲ့ တက္ကသိုလ်ကြီးဟာ သာယာလှပနေလိုက်တာနော်"

လင်းလင်း အသံတွေတုန်နေသည်။

"လင်းလင်းမိုး အသံကမာနေတယ်၊ ချစ်သူနဲ့ပြောနေတာလေ ခပ်နွဲ့နွဲ့လေးပြောမှပေါ့"

တစ်ကြိမ်စပြောသည်နှင့် ဦးထွန်းလင်းကျော်က ထ

ပြောသည်။ ဒေါ်ယဉ်မီမီသာက အသံနေအသံထားနှင့် အမူအရာကိုသင်ပေးသည်။

လင်းလင်း ထပ်ပြောရပြန်သည်။ ရင်တွေတုန်လိုက်သည့်ဖြစ်ခြင်း။

ကိုကြီးဝင်းညွန့်နှင့် ယှဉ်ပြီး လျှောက်လာရသည်။ လင်းလင်းထက် အရပ်မြင့်သော ကိုကြီးဝင်းညွန့်ကို မော့ကြည့်ကာ ကြည့်ကာနှင့် လမ်းလျှောက်နေကြခြင်း။

"လင်းလင်းမိုး မျက်နှာတင်းနေတယ်၊ ချစ်သူနဲ့ လမ်းလျှောက်နေတာဆိုတော့ ကြည်နူးရိပ်အပြုံးတွေ ဖြာနေရမယ်"

ဦးထွန်းလင်းကျော်က စိတ်တိုင်းမကျမချင်း အထပ်ထပ်အခါခါ သရုပ်ဆောင်ခိုင်းသည်။

"တကယ်လား မောင် ...ဒါဆိုရင် မနက် ၆ နာရီ မိုးတို့အဆောင်ရှေ့ကို အရောက်လာရမယ်၊ သစ္စာတည်မှာ မထိုင်ရဘူး၊ မိုးအေးတို့ နိုင်လင်းတို့ခေါ်တိုင်း မလိုက်ရဘူး"

"ကောင်းတယ် ...ကောင်းတယ်၊ သမီးအသံနဲ့ အမူ





အရာက ဇာတ်ဆောင် သင်းသင်းမိုးရဲ့ စရိုက်နဲ့အံကိုက်ပဲ၊ သိပ်သဘာဝကျတာပဲ"

ပါမောက္ခကြီးအသံပါလား။ လှည့်ကြည့်လိုက်တော့မှ မိမိအား ပြုံးကြည့်နေသော ဆရာကြီးကို တွေ့ရသည်။

"ဆရာလင်းက ဘာဖြစ်လို့ သဘာဝကျတယ်လို့ ပြောတာလဲ"

လာရောက်ကြည့်နေကြသည် ဆရာ၊ ဆရာမတွေထဲမှ တွဲဖက်ပါမောက္ခ ဆရာမကြီး ဒေါ်ဇင်မာဦးက လှမ်းမေးလိုက်သည်။ ပါမောက္ခ၊ ဌာနမှူး ဆရာကြီးနှင့် ဆရာမကြီးတို့က မဟာဝိဇ္ဇာတန်းကို တစ်တန်းတည်း အတူတက်ခဲ့သူတွေဟု သိရသည်။

ဆရာကြီးက အလုပ်ဝင်စောသည့်အတွက် ရာထူးတစ်ဆင့်မြင့်နေခြင်းပင်။

"ကျွန်တော့်ဇာတ်ဆောင် သင်းသင်းမိုးနဲ့ စရိုက်ချင်းတူတယ်လို့ ခံစားရတယ်"

"ဇာတ်ဆောင်နာမည်က သင်းသင်းမိုးပဲလား"

ဒေါ်ဇင်မာဦးအမေးကြောင့် ရုတ်တရက် မျက်နှာညိုး သွားသည်။ ပြီးမှ …

"ဟုတ်တယ် သင်းသင်းမိုးပဲ"

ဇာတ်တိုက်သူတွေ ဆက်တိုက်နေကြသည်။ မိုးအေး၊ ညွန့်ဝင်း၊ လင်းထွန်း၊ နိုင်လင်းဆိုသည့် သူငယ်ချင်းလေး ယောက် စကားပြောခန်း။

နိုင်လင်းကတော့ ဝေမှာ့ကို ချစ်စကားပြောခန်း။

ဇာတ်တိုက်နေသည်ကို အာရုံစိုက်နေသည့်အတွက် ဆရာကြီးနှင့် ဆရာမကြီးတို့ ပြောစကားတွေအပေါ် အာရုံ မရောက်ကြ။

လင်းလင်းတစ်ယောက်သာ အမှတ်မထင် အာရုံစိုက် ပြီး နားထောင်နေလိုက်မိသည်။ သူတို့နှစ်ယောက်ကတော့ လင်းလင်း အာရုံစိုက်နားထောင်နေသည်ကို သိဟန်မတူ။ အသံက ခပ်တိုးတိုးဖြစ်ပေမယ့် နေရာချင်းမနီးမဝေးမို့ အားလုံး





ကြားနေရသည်။

"ဆရာလင်းရဲ့ကမ္ဘာမှာ သင်းသင်းမိုးဆိုတာ ရှိနေ သေးလို့လား"

ဆရာမကြီး ဒေါ်ဇင်မာဦး၏အမေး။

"ရှိတယ်၊ တို့အသက်ရှိနေသ၍ ရှိနေမှာပဲ"

ဆရာကြီးအသံက တိုးတိတ်ညင်သာသည်။

"သူဘယ်မှာရှိနေသလဲ"

"မသိဘူး …တို့ကမ္ဘာထဲမှာတော့ အမြဲရှိနေတယ်"

ဆွေးမြည့်ကြေကွဲသံပါသည်ကို လင်းလင်း သတိပြု မိလိုက်သည်။

"အင်း …တက္ကသိုလ်အိပ်မက်ကို ပြန်အသက်သွင်း ဦးမလို့ပေါ့လေ"

"ဆိုပါတော့ …ပုသိမ်တက္ကသိုလ်ကိုရောက်လာ တော့ စိတ်ထဲမှာ ပိုခံစားရတယ်၊ သူ့ကိုပြန်တွေ့မယ်လို့ ထင်နေမိတယ်"

"ဒါနဲ့ ဇင်မာကော 'မိုးအေး' ကို မေ့နိုင်သလား"

"အမှန်ပြောရရင် မမေ့နိုင်ဘူး၊ အားကစားသမား လေးတွေကို မြင်ရင် သူ့ကိုသတိရတယ်"

"သူ့ကိုစောင့်ရင်း ဇင်မာ အပျိုကြီးဖြစ်ခဲ့တာ မဟုတ်လား"

"ဆိုပါတော့ …ဒါပေမယ့် တို့ ဝမ်းမနည်းဘူး၊ သူ့ကိုစောင့်နေရင်းနဲ့ အပျိုကြီးဖြစ်ရတာ ကျေနပ်တယ်"

အလွန်အေးဆေးတည်ငြိမ်သော ဆရာမကြီး၏ နှလုံးသားခံစားချက်ကို ကြားရတော့ လင်းလင်းစိတ်တွေ လှုပ်ရှားလာသည်။

"ဇင်မာ မှန်ပါတယ်၊ တို့သာမှားတာ"

"ဆရာလင်းက အဆင်မပြေတဲ့ အိမ်ထောင်ရေးထဲမှာ မျောနေခဲ့တာကိုး"

နိုင်လင်းနှင့် ဝေမာတို့အလှည့် ပြီးသွားသည်။ ပြဇာတ်ထဲမှာ နိုင်လင်း၊ မိုးအေး၊ ညွန့်ဝင်း၊ လင်းထွဋ်တို့သည် မြန်မာ





စာနောက်ဆုံးနှစ် ကျောင်းသားသူငယ်ချင်းများ ဖြစ်ကြသည်။

သူတို့အားလုံး အားကစားရော အနုပညာပါ ထူးချွန်ကြသည်မို့ မြန်မာစာဌာန၏ ကိစ္စတိုင်းမှာ ဦးဆောင်ပါဝင်ကြရသည်။

နိုင်လင်းက မိမိထက်ပစ္စည်းဥစ္စာကြွယ်ဝသည့် ဂုဏ်ကြီးရှင်သူဌေးသမီး ဝေမာကို ချစ်နေသည်။ ဝေမာကလည်း နိုင်လင်းကို စိတ်ဝင်စားပါသည်။ သို့ပေမယ့် ဂုဏ်ခမ်းနဲ့မက်သောမိခင်ကို မလွန်ဆန်ရဲသည့်အတွက် နိုင်လင်း၏ အချစ်ကို ငြင်းရသည်။

ဘော်လီဘောပြိုင်ပွဲ အရေးကြီးနေသည့်အချိန်မှာ ဝေမာ၏ငြင်းပယ်မှုကို ခံရသည်။ မိဘသဘောတူသူနှင့် လက်ထပ်ရမည်ဖြစ်၍ နိုင်လင်းအနေနှင့် နောက်ဆုတ်ပေးရန် ပြောသည်။

မတတ်သာ၍ပြောရပေမယ့် နိုင်လင်း စိတ်လေပြီး အရက်တွေသောက်မှာ ဝေမာစိုးရိမ်သည်။

"နင် အရက်တွေဘာတွေ သောက်မနေနဲ့ဦးနော်"

စိုးရိမ်သံနှင့် ဝေမာပြောတော့ နိုင်လင်း အော်ရယ်လိုက်သည်။

"ဒီမှာဝေမာ ...မိန်းမတစ်ယောက်အတွက်နဲ့ အရက်သောက် အရှုံးပေးမယ့် ယောက်ျားလားဆိုတာ သိရအောင် ငါ့မျက်နှာကို သေသေချာချာကြည့်ထား"

ပြောသည့်အတိုင်းပင် နိုင်လင်း စိတ်ဓာတ်ကြံ့ခိုင်ခဲ့သည်။ ထိုနေ့က ဘော်လီဘောပွဲမှာ အနိုင်ကြဲနိုင်ခဲ့သည်။

"ငါ့အကြောင်းကို သိပြီမဟုတ်လား ဝေမာ"

ဘော်လီဘောပွဲအပြီးမှာ ဝင့်ဝင့်ကြွားကြွား ပြောလိုက်တော့ ဝေမာ ငိုမဲ့မဲ့မျက်နှာနှင့် မျက်ရည်ဝဲချင်လာသည်။

အင်း ....တကယ်တော့ နိုင်လင်းဟာ ဘဝအားမာန်ရှိတဲ့ ယောက်ျားကောင်းပါပဲဟု သူငယ်ချင်းတွေကို ဝေမာ ဝန်ခံခဲ့သည်။

"သိပ်တော့ ဟန်ဆောင်မနေနဲ့ ဝေမာရေ၊ နိုင်လင်း





ရဲ့ ဆိုင်ကယ်ကို မိုမိုကြူတို့အဆောင်ရှေ့မှာ တွေ့တယ်နော်"

သင်းသင်းမိုး၊ ဘေသီသန့်နှင့် ဇင်မာတို့က ဝိုင်းပြောသောအခါ ဝေမာ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

မီးခဲပြာဖုံးအချစ်တွေ ရဲရဲတောက်သွားသည်မို့ ...

"မဖြစ်ဘူး ...မဖြစ်ဘူး၊ နိုင်လင်းကို ပြောလိုက်မိတာမှားပြီ၊ သူ့အချစ်ကို ငါ လက်ခံလိုက်တော့မယ် သူငယ်ချင်းတို့ရေ၊ သူ့ကို ဝိုင်းရှာပေးပါဦး"

ဝေမာအဖြစ်က ရယ်စရာလည်းကောင်း၊ ငိုချင်စရာလည်းကောင်းမို့ နောက်ဆုံးမှာ အားလုံးဝိုင်းရယ်ကြပြီး နိုင်လင်းရှာပုံတော်ဖွင့်ခဲ့ကြသည်။

"အထူးအထွေမရှာရပါဘူး၊ သစ္စာတည်မှာ"

မြန်မာစာကျောင်းသားတွေကို ရှာချင်လျှင် အထူးအထွေရှာစရာမလို။ သစ္စာတည် လက်ဖက်ရည်ဆိုင်မှာရှိသည်။

နိုင်လင်းကို တွေ့ပြီဆိုမှ ဝေမာ့မျက်နှာ ပြုံးသွား

သည်။ တက္ကသိုလ်၏အချစ်ဇာတ်လမ်းဖြစ်ပေမယ့် နောက်ဆုံးမှာ အနိုင်ရချင်ရသွားတတ်သည်။

"ကောင်းတယ် ...နိုင်လင်းနဲ့ ဝေမာ နေရာမှာ သရုပ်ဆောင်တာကတော့ အပီအပြင်ပဲဟေ့"

ဆရာကြီးက ချီးကျူးစကားဆိုသည်။ နိုင်လင်းနေရာမှာတော့ မြန်မာစာမင်းသားမဟုတ်။ ညှို့သည်ဇာတ်ဆောင် ဓာတုဗေဒကျောင်းသား ကိုဌေးဌေးက သရုပ်ဆောင်သည်။

"အစ်ကိုကြီးက နှောင့်ယှက်နေတာပါ၊ အမေတို့ အဖေတို့ကို သူက ကုန်းချောနေတာ၊ သူမိန်းမရသွားရင်တော့ တို့ ငြိမ်းချမ်းသွားမှာပါ"

ဝေမာက လေပျော့လေးနှင့် အားပေးနှစ်သိမ့်ခန်းလည်းပါသည်။

ဝေမာတို့အခန်းက ဂုဏ်ရည်မတူသည့် ဇာတ်လမ်းဖြစ်ပေမယ့် ခပ်မြူးမြူးလေး သရုပ်ဆောင်စေသည်။ ဟာသခန်းတွေကို သရုပ်ဆောင်သည့် မရှင်တုတ်ရော ကိုဌေးဌေး

ပိုင်မိုး - တငပ



ပါ သရုပ်ပီပြင်လှသည့်အတွက် လာကြည့်သူတွေ ရယ်ကြမောကြရသည်။

သည်အထဲမှာ ငြိမ်ချက်သားကောင်းနေသူက ဆရာမကြီး ဒေါ်ဇင်မာထွန်းပဲဖြစ်သည်။ ဇာတ်ကွက်တိုင်းကို ငြိမ်သက်စွာကြည့်နေသည်။ အတိတ်ဘဝထဲသို့ သူ့ဝိညာဉ်လွင့်မျောသွားပြီဟု လင်းလင်း ထင်မိသည်။

နိုင်လင်းနှင့် ဝေမာတို့အတွဲ၊ လင်းထွဋ်နှင့် သင်းသင်းတို့အတွဲပါသလို မိုးအေးနှင့်ဇင်မာတို့အတွဲလည်း ပါသည်။

မိုးအေးက အားကစားသမားလေး။ မြန်မာစာဌာနအနေနှင့် အထူးအားထားရသူ။ ကြက်တောင်၊ ပိုက်ကျော်ခြင်း၊ ဘောလုံး၊ အပြေးဆိုသည့် အားကစားများမှာ ကျွမ်းကျင်လှသည်။ မိုးအေး၊ ညွန့်ဝင်း၊ လင်းထွဋ်တို့ဆိုလျှင် ပုသိမ်တက္ကသိုလ်မှာ မသိသူမရှိသလောက် ကျော်ကြားသည်။

မိုးအေးက အားကစားထူးချွန်သူဖြစ်ရုံသာမက ရုပ်လည်းချောသည့်အတွက် ကျောင်းသူများနှုတ်ဖျားမှာလည်း

ပိုင်မိုး - တငပ

ရေပန်းစားလှသည်။

သို့ပေမယ့် မိုးအေးချစ်သည်က ဇင်မာတစ်ယောက်တည်းသာဖြစ်သည်။ သူငယ်ချင်းတွေဖြစ်နေသည့်အတွက် ဖွင့်ပြောရမှာလည်း ခက်သည်။ ဇင်မာ ငြင်းလိုက်မှာကိုလည်း စိုးသည်။

သည့်ထက်ပိုဆိုးသည်က မိုးအေး၏ ထူးခြားသော စရိုက်။ အားကစားသမားဖြစ်ပါလျက် စိတ်ထိခိုက်လှုပ်ရှားလွယ်ခြင်းပင်။

အားကစားပြိုင်ပွဲတိုင်းတွင် နည်းနည်းရှုံးသည်နှင့် မိုးအေးစိတ်တွေ လှုပ်ရှားကာ ကယောင်ကတမ်းဖြစ်လာတော့သည်။ စိတ်လှုပ်ရှားမှုကြောင့် အနိုင်မှန်းထားသည့်ပွဲတွေ ရှုံးတတ်သည်။

သူချစ်နေသောဇင်မာ ရောက်မလာလျှင် အားကစားပွဲမှာ စိတ်မထိန်းနိုင်ဘဲ အရှုံးပေါ်တတ်သည်။ ဆရာကြီးက သူ့ဓာတ်ဆောင်မိုးအေးကို စကားတစ်ခွန်းကိုသာ ထပ်တလဲလဲ





ပြောစေခြင်းဖြင့် အားကစားသမားဖြစ်ပါလျက်နှင့် အချစ်နှင့် ပတ်သက်လျှင် စိတ်လှုပ်ရှားခံစားလွယ်သော စရိုက်ကို ပေါ်အောင် ဖော်ပြထားသည်။

"ကဲ ...မိုးအေးနဲ့ဇင်မာ အခန်းထွက်မယ်၊ သရုပ်ဆောင်မယ့်သူတွေလာတော့"

မိုးအေးအခန်းမှာ ကိုကြီးအေးမိုး၊ ဇင်မာ့အခန်းမှာ မာလာက သရုပ်ဆောင်သည်။ ကိုကြီးအေးမိုးက ရှက်တတ်သည်။ သရုပ်ဆောင်ရပေမယ့် ဒိုင်ယာလော့တွေ ရေးထားသည့်စာရွက်ကို ကိုင်ထားသောလက်တွေ တဆတ်ဆတ်တုန်နေသည့်အထိ အရှက်ကဲနေသည်။

"အေးမိုးက သိပ်ရှက်တတ်တာ၊ ဖြစ်ပါ့မလား ဆရာကြီး"

ဦးထွန်းလင်းကျော်က သရုပ်ဆောင်ရာ၌ ရှက်လွန်းနေသော ကိုကြီးအေးမိုးကိုကြည့်ပြီး ပြောလိုက်သည်။

"ဟာ ...ဖြစ်တာပေါ့၊ ဒါမှ သဘာဝကျမှာ၊ ဆရာ

ကြီးတို့ ငယ်ငယ်တုန်းက ပုသိမ်တက္ကသိုလ်မှာ ကြုံခဲ့၊ ဆုံခဲ့ကြတဲ့ သူငယ်ချင်းတွေရဲ့ စရိုက်တွေကိုယူပြီး ဇာတ်လမ်းဖွဲ့ထားတာ”

“ဒါဆို ဆရာကြီးလည်း ဇာတ်ဆောင်တစ်ဦးအနေနဲ့ ပါခဲ့မှာပေါ့နော်”

“ပါတာပေါ့ …ဒါကြောင့် လင်းထွဋ်ဆိုတဲ့ ဇာတ်ဆောင်ကို ထည့်ထားတာပေါ့”

ဆရာကြီးစကားအဆုံးမှာ ဆရာကြီးကို အားလုံးပြိုင်တူကြည့်မိကြသည်။

“ဆရာ့သူငယ်ချင်း မိုးအေးက ဆရာ့ပြဇာတ်ထဲက ဇာတ်ဆောင်အတိုင်းပဲ သူ့နာမည်ကလည်း မိုးအေးပဲ။ ပြဇာတ်ထဲက မိုးအေးပြောတဲ့ ငါ့စိတ်တွေသိပ်လှုပ်ရှားနေလို့ပါကွာဆိုတဲ့ စကားကလည်း သူအမြဲပြောတဲ့စကားပဲ”

“ဆရာကြီးက အားလုံးမှတ်မိနေတယ်နော်”

“ဆရာတို့ တစ်ခါတုံးက တက္ကသိုလ်မှာနေခဲ့တဲ့





အကြောင်းတွေက မေ့ကောင်းစရာအတိတ်မှ မဟုတ်တာ။ အိပ်မက်ဆိုရင်တောင် ဘဝရဲ့ထာဝရအိပ်မက်ပဲ”

“ဆရာကြီးကကော ဘယ်လိုစရိုက်မျိုးလဲ”

“ပြဇာတ်ထဲက လင်းထွဋ်ရဲ့ စရိုက်မျိုးပေါ့၊ အရာရာကို ခပ်ပေါ့ပေါ့သဘောထားတယ်လို့ အထင်ခံရတဲ့သူ၊ ဌာနကိစ္စ၊ အသင်းကိစ္စ၊ အားကစား၊ အနုပညာကိစ္စတွေမှာဆိုရင် သိပ်တက်ကြွတဲ့သူ၊ မိဘတို့ ချစ်သူတို့တောင် သတိမရတဲ့သူ”

ဆရာကြီးမျက်ဝန်းတွေ တဖျတ်ဖျတ်တောက်ပလာသည်။ ဆရာကြီးမျက်နှာပေါ်မှာ ရွှင်လန်းတက်ကြွမှုပြုံးရိပ်တွေ ထင်နေသည်။ အတိတ်တွင် ဆရာကြီး၏ ဘဝအဓိပ္ပာယ်များစွာရှိခဲ့ပုံပါပဲ။

“ဆရာကြီးရဲ့ပြဇာတ်က အဆုံးမသတ်သေးဘူးနော်”

ဦးထွန်းလင်းကျော်က ဇာတ်ညွှန်းစာရွက်ကိုကြည့်ပြီး

ပြောသည်။

"မင်းတို့ တိုက်ထားနှင့်ပါ၊ ဖြည်းဖြည်းချင်း ဓာတ်အိမ်ထပ်ရေးပေးမယ်၊ ပြီးတော့ မိုးနဲ့မောင် လမ်းလျှောက်ရင်း စကားပြောတဲ့အခန်းမှာ နောက်ခံတေးထည့်ပေးရမယ်"

လင်းလင်းလည်း တဖြည်းဖြည်း ဆရာကြီး၏ ဓာတ်လမ်းကို စိတ်ဝင်စားလာသည်နှင့်အမျှ ဓာတ်သိမ်းပိုင်းကို သိချင်လာသည်။ သင်းသင်းမိုးနေရာမှာ သရုပ်ဆောင်ရင်း လင်းလင်းကိုယ်တိုင် သင်းသင်းမိုး ဖြစ်လာသည်ဟု ခံစားရသည်။

သင်းသင်းမိုး၏ ဝိညာဉ်က သူ့ကို ပူးဝင်နေပြီ။ သည်အတွက်ကြောင့် ဖြစ်မည်ထင်သည်။ ဆရာကြီးပြောသလိုပင် သင်းသင်းမိုး၏ဓာတ်ရုပ် ပီပြင်လာခဲ့ခြင်းဖြစ်မည်။

လင်းလင်းမှာလည်း ချစ်သူနှင့်ပတ်သက်လျှင် ပိုင်ဆိုင်လိုစိတ် ပြင်းပြခဲ့သည်ပဲ။ မောင့်အချိန်တိုင်းကို လင်းလင်းပဲ ပိုင်ဆိုင်လိုခဲ့သည်ပဲ။ သင်းသင်းမိုးနဲ့ လင်းလင်းသည်





နှစ်ယောက် ဘာကြောင့်များ ခံစားချက်တွေ တူညီနေရပါလိမ့်။

"မိုးအေးတို့အတွဲ ပြန်ဓာတ်တိုက်မယ်"

ဆရာလေး ဦးထွန်းလင်းကျော် အော်လိုက်ပြန်သည်။

ခပ်ရှက်ရှက်အမူအရာနှင့် ကိုကြီးအေးမိုး ထွက်လာသည်။ ကိုကြီးအေးမိုးက အားကစားသမားကောင်းတစ်ယောက် ဖြစ်ပေမယ့် အနုပညာကိစ္စမှာတော့ အလွန်ရှက်တတ်သူ၊ သရုပ်ဆောင်ခိုင်းလျှင် ရှက်လွန်း၍ မျက်နှာရဲနေတတ်သူ။

"မင်းမှမလုပ်ရင် လူမှမရှိတာ၊ ကိုယ့်ဌာနအတွက်ပဲ"

ဆရာကြီးတိုက်တွန်းသည့်အတွက် မလွှဲမရှောင်သာ၍ ပါဝင်ရသူ ...

ဇင်မာ့နေရာမှာ သရုပ်ဆောင်သည့် ဘောဘီက ကိုကြီး အေးမိုးထက်စာလျှင် ရဲတင်းသေးသည်။

"ငါ့ဇာတ်လမ်းထဲက ဇာတ်လိုက်က အေးမိုးကွ၊ မင်းနာမည်က အေးမိုးဆိုတော့ ကက်ကင်းရိုက်ပြီးသားဖြစ်တာပေါ့"

ဆရာကြီးကပြောရင်း ရယ်နေသည်။ ကိုကြီးအေးမိုးကတော့ ဘေဘီကို မကြည့်ရဲသည့်အတွက် တခြားကို အကြည့်လွှဲထားသည်။

"မင်းသမီးကိုကြည့်ပါ အေးမိုးရဲ့၊ ဘယ်လျှောက်ကြည့်နေတာလဲ"

ဆရာကြီးအော်ပြောသည့်တိုင် စေ့စေ့မကြည့်ရဲသေး။

"မဟုတ်သေးပါဘူးကွာ ...မင်းဒီလောက်ရှက်နေရတာ ကိုယ့်သူငယ်ချင်းအချင်းချင်းပဲ"

ကိုကြီးအေးမိုးကတော့ ရှက်ရှက်နှင့်ရယ်နေသည်။

"မင်းသမီးကိုမကြည့်မချင်း ငါ ဇာတ်တိုက်ခိုင်းမှာနော်"

ဦးထွန်းလင်းကျော်က ခြိမ်းခြောက်လိုက်သည်။





သူတို့အုပ်စုက သည်အချိန်ကျလျှင် သစ္စာတည်ကိုသွားချင်လှပြီ။

"စတော့ဟေ့"

ဦးထွန်းလင်းကျော် အချက်ပြသည်။

"မိုးအေးရေ ...နင်တို့အဖွဲ့ အခြေအနေဘယ်လိုလဲဟင်"

မိုးအေးကို မြင်လိုက်သည်နှင့် ဝမ်းသာအားရပြေးလာပြီး ဇင်မာက မေးသည့်အခန်း။ ဇင်မာ့နေရာမှာ ဘေဘီက သရုပ်ဆောင်သည်။

"ငါတို့အဖွဲ့ရှုံးတယ်"

"ဘာ ...ရှုံးတယ်ဟုတ်လား၊ ဘယ်လိုဖြစ်တာလဲဟယ်"

မိုးအေး မျက်နှာပျက်နေသည်။ ညွန့်ဝင်းနှင့် လင်းထွဋ်က မိုးအေးကို မကျေမနပ်ဖြစ်နေကြသည်။

"နင်က ဘယ်သွားနေတာလဲ ဇင်မာ၊ ပွဲပြီးမှလာရ

တယ်လို့"

နိုင်လင်း ဝင်မေးလိုက်သည်။

"တို့အမေ ရောက်နေလို့ပါဟယ်၊ မေမေ့ကို သွားကြို ရတယ်လေ"

"အဲဒါခက်သွားတာပေါ့၊ နင့်အကောင်က နင်လာပြီးအားမပေးလို့ စိတ်ဓာတ်ကျပြီး ကစားကွက်တွေပျက်နေတာ နင်မလာလို့ တို့အသင်းရှုံးရတာ"

ဒေါသသံနှင့် ညွန့်ဝင်း ဝင်ပြောသည်။

"စိတ်မကောင်းလိုက်တာဟယ် ...ငါလည်း စိတ်ထင့်နေတာပါပဲ၊ မိုးအေးကလည်းဟယ် ဘယ်လိုဖြစ်ရတာလဲ"

ဇင်မာက ညွန့်ဝင်းကိုပြောရာမှ မိုးအေးဘက်လှည့်မေးလိုက်သည်။

"ငါ့စိတ်တွေ သိပ်လှုပ်ရှားနေလို့ပါဟယ်"

"မင်းစိတ်ကလည်း လှုပ်ပဲလှုပ်ရှားနိုင်လွန်းတယ်"





လင်းထွဋ်က မကျေမနပ်နှင့် ပြောသည်။ သည်နေ့ပွဲမှာ မိုးအေးကို အားထားခဲ့သမျှ အလွဲလွဲအချော်ချော်ဖြစ်ရသည်။ တစ်ချက်လွဲပြီဆိုလျှင် စိတ်လှုပ်ရှားမှုကြောင့် ဆက်တိုက်ရှုံးတတ်တာက မိုးအေးအကျင့်ဖြစ်သည်။

ဓာတ်မတိုက်မီထဲက ဓာတ်ညွှန်းကို အကြိမ်ကြိမ်ဖတ်ထားခဲ့ရသည်။ ဓာတ်ကလည်း အကြိမ်ကြိမ်တိုက်ခဲ့ရပြီဆိုတော့ ဓာတ်ဆောင်စရိုက်နှင့် ဓာတ်လမ်းကိုတော့ ကျေညက်အောင် သိနေပြီ။

မိမိကိုယ်ကို ပြဇာတ်ထဲက ဇာတ်ဆောင် သင်းသင်းမိုးဟု ထင်မှတ်ခံစားလာမိသလိုလို ပြဇာတ်ထဲမှ မိုးအေး၊ ညွန့်ဝင်း၊ နိုင်လင်း၊ မိုးထွဋ်၊ ဇင်မာ၊ ဝေမာ စသည့်ဇာတ်ဆောင်များကိုလည်း တကယ်ရှိနေသည်ဟု ထင်မြင်လာခဲ့သည်။

ထိုဇာတ်ဆောင်နေရာ၌ သရုပ်ဆောင်သူတို့က မေ့လျော့သွားပြီး တစ်ခါတုန်းက ပုသိမ်တက္ကသိုလ်မှ ဇာတ်

ဆောင်များဟုသာ မြင်လာတော့သည်။

"နောက်တစ်ခန်းတိုက်မယ်၊ မိုးအေးနဲ့ဇင်မာ အခန်းပဲ၊ မိုးအေးက ဇင်မာကို အဖြေတောင်းတဲ့အခန်း"

ဆရာကြီးက စိတ်ပါဝင်စားစွာ ဦးဆောင်ပါဝင်နေသည်။

"ဇင်မာရယ် ...ငါ့ကို ဘယ်တော့အဖြေပေးမှာလဲ ဟယ်"

လေသံပျော့လေးနှင့် မေးသည်။

"ပေးမှာပေါ့ ...စောင့်ဦးပေါ့ဟဲ့"

"ငါစောင့်ရတာကြာပြီလေ"

"ဆက်စောင့်ပေါ့"

"ဘာဖြစ်လို့လဲဟယ်"

"တို့ကမိန်းကလေးဟဲ့၊ မိန်းကလေးဆိုတာ စောင့်ကြည့်ပြီး စဉ်းစားရဦးမှာပေါ့"

"ဘာကိုစောင့်ကြည့်မှာလဲ"





အားကစားသမား မိုးအေးတစ်ယောက် အချစ်ရေးမှာတော့ အားငယ်နေပုံရသည်။ ဇင်မာ၏အချစ်ကို စောင့်စားရင်း မယုံမရဲဖြစ်နေဟန်ရှိသည်။

"နင့်ရဲ့အားကစားပွဲ အနိုင်အရှုံးတွေကိုကြည့်ပြီး ဆုံးဖြတ်မှာပေါ့၊ နင့်စိတ်ဓာတ် ဘယ်လောက်ကြံ့ခိုင်သလဲဆိုတာ ငါကြည့်ချင်တယ်လေ"

မိုးအေး မသက်မသာဖြစ်သွားသည့် အမူအရာကို ကိုကြီးအေးမိုးက အပိုင်အနိုင်သရုပ်ဆောင်နိုင်သည်။

"အားကစားပွဲနဲ့ နင့်အပေါ်မှာထားတဲ့ ငါ့ရဲ့အချစ်က ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ အားကစားပွဲတွေမှာ နင့်ရဲ့စိတ်ဓာတ်ကြံ့ခိုင်မှုကိုကြည့်ပြီး မိန်းကလေးတစ်ယောက်အပေါ် ထားတဲ့ နင့်ရဲ့သစ္စာတရား ခိုင်မြဲနိုင်မှုရှိမရှိ၊ ဘ၀ကို ရင်ဆိုင်တဲ့အခါမှာ ကြံ့ခိုင်မှုရှိမရှိတွေပေါ့ဟ"

"အားကစားပွဲမှာရှုံးရင် ငါ့အချစ်ကို လက်မခံတော့

ဘူးပေါ့"

"ဆိုပါတော့"

"မရက်စက်လိုက်ပါနဲ့ ဇင်မာရယ်၊ အားကစားပွဲမှာက တစ်ခါတလေ ငါ့စိတ်တွေသိပ်လှုပ်ရှားနေလို့ပါဟယ်"

ဇာတ်တိုက်သည်ကို ထိုင်ကြည့်နေသူတွေအားလုံး ဝိုင်းရယ်ကြသည်။

"အေးမိုးရဲ့စရိုက်နဲ့တော့ အံဝင်ခွင်ကျပဲ၊ ဆရာကြီးက ဇာတ်ဆောင်စရိုက်နဲ့လိုက်အောင် လူရွေးနိုင်တယ်"

အားကစားတာဝန်ခံ ဆရာမကြီး ဒေါ်ဇင်မာထွန်းက ဝင်ပြောသည်။

"ကျွန်တော်က ဇာတ်ရုပ်နဲ့မလိုက်ရင် ဘယ်တော့မှ မရွေးဘူး၊ ဇင်မာ အတိတ်ကိုပြန်ရောက်သွားပြီထင်တယ်"

ဆရာကြီး၏အသံ ထွက်ပေါ်လာသည်။

"ဟုတ်တယ်၊ ကျွန်မ အတိတ်ကိုပြန်ရောက်သွားတယ်၊ သူ့စရိုက်က မိုးအေးအတိုင်းပဲ"

မိုမို - တသ



ဆရာမ ဒေါ်ဇင်မာထွန်း၏ လေသံတိုးဖျော့ဖျော့တွင် ဆွေးရိပ်ပါနေသည်ဟု လင်းလင်း ထင်သည်။ ဆရာကြီးနှင့် တွဲဖက်ပါမောက္ခ ဆရာမကြီး ဒေါ်ဇင်မာထွန်းတို့နှစ်ယောက် ဆီသို့ လင်းလင်း နားစွင့်ထားသည်။

အတိတ်ဇာတ်လမ်းမှာ သူတို့နှစ်ယောက်စလုံးသည် ဇာတ်ဆောင်တွေပါလား။

"မိုးအေးက အမြဲစိတ်လှုပ်ရှားနေတာလေ၊ နင်မလာလို့ သူစိတ်လှုပ်ရှားပြီး တို့တစ်တွေ ဘော်လီဘောရှုံးလို့ ဆရာမကြီးအဆူခံရတာ မှတ်မိသေးတယ်"

ဆရာကြီးစကားကို ဒေါ်ဇင်မာထွန်း ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေသည်။

"နင်တို့မဆုံကြဘူးနော်"

ဒေါ်ဇင်မာထွန်းကို ကြင်နာစွာကြည့်ရင်း ဆရာကြီးပြောသည်။

"မဆုံဘူး ...ကံပေါ့ဟယ်"

မိုမို - တသ

ဆရာမကြီးအသံက တိုးတိတ်လွန်းလှသည်။

"နင်တို့လည်း မဆုံပါဘူး"

ဆရာမကြီးအသံ။

"မဆုံပါဘူး၊ တို့ကမှ တကယ်ရင်နာဖို့ကောင်းတာ"

ဒေါ်ဇင်မာထွန်း၏ လှောင်ရယ်ရယ်သံကို မမျှော်လင့်ဘဲ ကြားလိုက်ရသည်။

"ငါတော့မယုံဘူး၊ နင့်ဘက်က 'မိုး'အပေါ်မှာ တကယ်လေးနက်လို့လား၊ မိုး အမြဲတမ်းစိတ်ပျက်ခဲ့ရတာပဲလေ"

ဒေါ်ဇင်မာထွန်း၏ ခပ်ဆတ်ဆတ်အမေးစကား။ သူတို့ နှစ်ယောက်အကြားမှာ စကားသံတွေ တိတ်ဆိတ်သွားသည်။ သူတို့နှစ်ယောက်သည် တစ်တန်းတည်းသားဖြစ်ပြီး အတော် ရင်းနှီးခဲ့ပုံရသည်။

"သူ့ကို ငါ အမြဲချစ်ခဲ့ပါတယ်၊ ဒီနေ့အထိပဲဆိုပါတော့"





ဘာကြောင့်မှန်းမသိ ဆရာကြီးစကားအဆုံးမှာ လင်းလင်း ရင်တွေခုန်နေသည်။ သူ့ချစ်သူ၏စကားတွေကို သာ သင်းသင်းမိုးကြားလျှင် ဘယ်လိုခံစားရမည်မသိ။ သင်းသင်းမိုးအဖြစ် သရုပ်ဆောင်ရသော လင်းလင်း ရင်ထဲမှာတော့ ရင်ခုန်လှုပ်ရှားခြင်း၊ ဆွေးမြည့်နွမ်းလျခြင်းတို့ ပေါင်းစပ်ကာ အလိုလိုပန်းဟိုက်နေသည်။

"ဇာတ်တိုက်မယ့် သင်းသင်းမိုးနဲ့ လင်းထွဋ်အခန်း"

ဦးထွန်းလင်းကျော် လှမ်းအော်သည်။

လင်းထွဋ်နေရာမှာ သရုပ်ဆောင်မည့် ကိုကြီးအောင်ကျော်မိုး ထွက်လာသည်။ ကိုကြီးအောင်ကျော်မိုးလို သမ္မာရင့်၊ ဝါရင့်သရုပ်ဆောင် မင်းသားကြီးနှင့် ဇာတ်တိုက်ရသည့်အတွက် လင်းလင်းဘက်က အကြောက်လွန်နေတတ်သည်။

ကိုကြီးအောင်ကျော်မိုးက လင်းလင်းကို အစစအရာရာ သင်ပေးပြီး လက်တွဲခေါ်တတ်သည်။

"နောက်ကျလိုက်တာ မောင်ရယ်၊ နာရီကိုလည်း

ပြန်ကြည့်ပါဦး၊ ရှစ်နာရီထိုးတော့မယ်၊ မောင်ချိန်းထားတာ ခြောက်နာရီခွဲနော်"

"အခုလာပြီပဲ မိုးရယ်"

"မိုးစောင့်နေမယ်ဆိုတာ မောင်မတွေးဘူးလား"

"တွေးတာပေါ့"

"မောင် ဘယ်သွားနေသလဲ"

"မောင်ဟာ တရားခံတစ်ယောက်မဟုတ်ပါဘူး မိုးရယ်၊ အဲဒီလိုမစစ်ပါနဲ့၊ ထရိန်နင်ဆင်းနေလို့ပါ၊ မနက်အစောကြီး ဆရာမ ဒေါ်ငွေးငွေးမြင့်လာခေါ်လို့ပါ"

မိုး ဒေါသအရှိန်မြင့်တက်လာသည်။

"ထရိန်နင် …ထရိန်နင် ဆယ့်နှစ်လရာသီပတ်လုံး ထရိန်နင်က မပြီးတော့ဘူး"

"ဩော် …မိုးရယ်၊ မောင်တို့ ပုသိမ်တက္ကသိုလ်က ဒီအတိုင်းပဲလေ၊ ဆယ့်နှစ်လရာသီလုံး အားကစားပွဲအမျိုးမျိုးတွေ ရှိနေတာပဲ၊ မောင်တို့ ပါမောက္ခချုပ်ကြီး ဆရာကြီးဦးချို





က သိပ်တက်ကြွတာ"

"မောင်တို့ဌာနမှာ အားကစားသမားဆိုလို့ မောင်တစ်ယောက်တည်းပဲရှိသလား"

"ဒါကတော့မိုးရယ် …မောင်က ဌာနကိုချစ်တာကိုး"

"ချစ် …ချစ် ဌာနကိုပဲသေအောင်ချစ်"

လင်းထွဋ်အဖြစ် သရုပ်ဆောင်သည့် ကိုကြီးအောင်ကျော်မိုးက ချစ်သူကို နားလည်ခွင့်လွှတ်သည့် အပြုံးဖျော့ဖျော့နှင့် နားထောင်နေသည်။ တဖြည်းဖြည်းနှင့် လင်းလင်းလည်း ကိုကြီးအောင်ကျော်မိုးနှင့် အပေးအယူမျှအောင် သရုပ်ဆောင်တတ်နေပြီ။

"နေပါဦး မောင်ရဲ့ ဌာနကမောင့်ချစ်သူလား၊ မိုးက မောင့်ချစ်သူလား"

ချစ်သူက ခပ်ပြုံးပြုံးနေလေ 'မိုး'က ဒေါသဖြစ်လေလေ။ ဒေါသစိတ်ဖြင့် မေးခွန်းတွေ၊ ရန်တွေ့စကားတွေ

အဆက်မပြတ် ထွက်ပေါ်လာသည်။

မောင်အဖြစ် သရုပ်ဆောင်သော ကိုကြီးအောင်ကျော်မိုးက ခေါင်းကိုကုတ်သည်။

"မသိတော့ပါဘူးမိုးရာ"

သူ့အဖြေကြောင့် မိုး ပိုပြီးလှုပ်ခါသွားရသည်။ ကြည့်စမ်းပါဦး မိုးနှင့်ဌာန ဘယ်သူက သူချစ်သူမှန်း မသိပါတဲ့လေ။

"ဆရာမတွေကပြောတော့ ဌာနကိုချစ်တဲ့၊ မိုးကပြောတော့ မိုးကိုချစ်တဲ့"

'မိုး'တို့ဌာနက ဆရာမကြီးအပါအဝင် ဆရာမတွေက မောင်တို့လို ကျောင်းသား၊ ကျောင်းသူတွေကို ဌာနကိုချစ်ရန်နှင့် ဌာနဂုဏ်ဆောင်ရန် အမြဲပြောလေ့ရှိသည်။

"ဆရာမတွေက သူတို့မှာချစ်စရာမရှိတိုင်း ဌာနကိုချစ်ခိုင်းနေတာ၊ မောင်ကတော့ မိုးကိုတစ်ဝက်၊ ဌာနကိုတစ်ဝက်ချစ်မယ်၊ မိုး ကျေနပ်လား"





"မကျေနပ်နိုင်ပါဘူးမောင်"

ခြေကလေးဆောင့်ပြီး တစ်ဘက်သို့ လှည့်ပစ်လိုက်သည်။

"ခက်လိုက်တာ မိုးရယ်၊ မောင်ပြောထားသားပဲ မောင့်ကိုသိပ်မချစ်နဲ့၊ တစ်ဝက်ပဲချစ်လို့၊ မောင်က မိုးအချစ်နဲ့ ထိုက်တန်တဲ့သူမဟုတ်ဘူး"

"လင်းထွဋ် ဘာလုပ်နေတာလဲ၊ ရှာလိုက်ရတာ ဇာတ် တိုက်မယ်"

ဆရာလေး ဦးတင်ထွန်းနိုင် ဆွဲခေါ်သွားသည့်အတွက် 'မိုး'ကို လှည့်ကြည့် လှည့်ကြည့်နှင့် ပါသွားသည်။

တစ်ခန်းပြီးသွားသည့်အတွက် ဦးထွန်းလင်းကျော်ဘက်သို့ လှည့်ကြည့်လိုက်သည်။

"လင်းလင်းမိုးကတော့ ကွက်တိပဲ၊ သင်းသင်းမိုးရဲ့ စရိုက်နဲ့ တစ်ထပ်တည်းကျတယ်"

ပါမောက္ခဆရာကြီး၏အသံ။ ကျေနပ်အားရနေသည့်

ဟန်ဖြင့် ပြုံးနေသည်။

"ဟုတ်ပါရဲ့ …ဟိုတုန်းက သင်းသင်းမိုးကို ပြန်တွေ့ရသလိုပဲ"

ဆရာမကြီး ဒေါ်ဇင်မာထွန်း၏မှတ်ချက်။

"ဇင်မာပြောတာ မှန်တယ်၊ သင်းသင်းမိုးကို ပြန်တွေ့ရသလိုပဲ၊ လင်းလင်းမိုးရဲ့ ရန်တွေ့သံဟာ မိုးအသံအတိုင်းပဲ"

ဆရာကြီးက လင်းလင်းကို ပြုံးကြည့်ရင်း ဒေါ်ဇင်မာထွန်းကို ပြန်ပြောလိုက်သည်။

"သမီးက တကယ်တော်ပါတယ်ကွယ်၊ ရုပ်ရည်ကလည်း မိုးနဲ့တော်တော်တူတယ်"

လင်းလင်းဘက်သို့ လှမ်းပြောသည်။

"မိုးနဲ့တူတာနဲ့ ဖိလင်တက်နေပြီလား ဦးလင်းထွဋ်"

ဒေါ်ဇင်မာထွန်း ဝင်ပြောသည်။

"ကိုယ့်ခံစားချက်နဲ့ ဒီပြဇာတ်ကို သရုပ်ဖော်နေတာ





ပါ၊ ဒီပြဇာတ်ကို တင်ဆက်လိုက်ရရင် ကိုယ့်ရင်ထဲမှာပေါ့ များသွားမလားလို့"

ဆရာကြီးက ခပ်တိုးတိုးပြောပေမယ့် လင်းလင်းက သေသေချာချာ ကြားလိုက်ရသည်။

"ဒါပေမယ့် မျှော်လင့်သလို ဖြစ်မလာဘူး၊ အဟောင်းတွေဟာ အသစ်ဖြစ်လာတယ်၊ ကလေးတွေက သရုပ်ဆောင် ကောင်းတော့ ပိုပြီးအသက်ဝင်တာကိုး၊ မင်းယုံမလားမသိဘူး၊ ညဆိုရင် တို့ အိပ်မရဘူး"

"အိပ်မရဘူး ဟုတ်လား"

"ဟုတ်တယ်၊ မိုးနဲ့ သိပ်တွေ့ချင်တာပဲ၊ မိုးရဲ့ပိုင်စိုးလိုတဲ့အချစ်ကို ပြန်တမ်းတမိတယ်"

ဆရာကြီးအသံက တိုးတိတ်ဖျော့တော့သည်နှင့်အမျှ ဆွေးဆွေးမြည့်မြည့်နိုင်လှသည်။

"ဟိုတုန်းကတော့ မိုးကို အလေးမထားသလိုပဲ"

ဆရာကြီး ခေါင်းညိတ်သည်။

"တို့က ဌာနကိစ္စတွေနဲ့ရှုပ်နေတာကိုး၊ တို့အချစ်ကို မိုး နားမလည်ဘူး၊ ဟိုတုန်းက တို့ပုံက ဘာမှအလေးမထားတဲ့ ပုံမျိုး ဖြစ်ချင်ဖြစ်နေမှာပေါ့"

"ဖြစ်ချင်ဖြစ်နေမှာမဟုတ်ဘူး၊ ဖြစ်ကိုဖြစ်တာ၊ မိုးကလည်း အချစ်သည်းလွန်း၊ ခံစားမှုများလွန်းတော့ မဖြစ်သင့်တာတွေ ဖြစ်ကုန်တာပေါ့"

ဒေါ်ဇင်မာထွန်းက ဆရာကြီးချစ်သူ 'မိုး'ဘက်မှ လိုက်ပြောနေသည်။

"အင်း …တကယ်တော့ တက္ကသိုလ်ဆိုတာ ဒီလိုပါပဲ၊ တို့ရဲ့ ချစ်သူမြို့တော်သီချင်းထဲကလိုပေါ့ ဆုံကြတွေ့ကြပေမယ့်လည်း ဘဝချင်းခြား၊ ကမ္ဘာချင်းခြားသွားတတ်ကြတာ၊ တက္ကသိုလ်တွေရှိနေသမျှ တို့လိုအဖြစ်မျိုးတွေ ရှိနေမှာပဲ"

လင်းလင်းသည် ဘေးတိုက်အနေအထားမှ ဆရာကြီးဘက်သို့ မသိမသာ ငဲ့ကြည့်လိုက်သည်။ ဆွေးရိပ်သန်းသော





မျက်ဝန်းများကို တွေ့ရသည်။

တစ်ခါတုန်းက တက္ကသိုလ်မှာ …တစ်ခါတုန်းက တက္ကသိုလ်မှာပေါ့လေ …

"ဒါနဲ့ ဇင်မာရော …မိုးအေးကို အဖြေပေးခဲ့သေးသလား"

သည်တစ်ကြိမ်မှာတော့ ဆရာမကြီး ဒေါ်ဇင်မာထွန်း ဆွေးသွားပုံရသည်။ ချက်ချင်းအဖြေမပေးဘဲ ငြိမ်သက်နေသည်။

"ဖြေပါဦး ဇင်မာရဲ့၊ ငြိမ်သွားပြီလား၊ တို့ကိုကျတော့ ပြောလိုက်တာ"

ဆရာကြီး အတင်းမေးနေတော့ ဒေါ်ဇင်မာထွန်း ယဲ့ယဲ့ လေးပြုံးပြီး …

"အဖြေမပေးဖြစ်ပါဘူးဟယ် …သူ့ကိုငါ အဖြေပေး မလို့ပါဘဲ ဒါပေမယ့်"

ဒေါ်ဇင်မာထွန်း စကားဆက်မပြောနိုင်တော့။

မျက်ဝန်းညိုညိုများက ဟိုးအဝေးကြီးတွင် ကျန်ခဲ့သော အတိတ်ကမ္ဘာထဲ၌ ဆွေးနစ်သွားပုံပါပဲ။

"ဒါပေမယ့် ဘာဖြစ်လဲ"

"တို့…တို့ မပြောချင်တော့ဘူး၊ တို့ရဲ့အမှားပါပဲ လေ"

ဆို့နင့်ကြေကွဲသံနှင့် တုံ့ပြန်သည်။

"နောက်တစ်ခန်းတိုက်မယ်၊ လင်းလင်းမိုးတို့စုံတွဲပဲ"

ဆရာကြီးနှင့် ဆရာမကြီးတို့ စကားတွေကို ခိုးနားထောင်ရင်း လင်းလင်းပါ ဆွေးဆွေးမြည့်မြည့် ဖြစ်နေသည်။ ဦးထွန်းလင်းကျော်၏ အော်သံကြောင့် လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

"ပုသိမ်တက္ကသိုလ်ရဲ့ အနုပညာစင်တင်ပွဲမှာ လင်းထွင့် ဓာတ်တိုက်ရဦးမှာဆိုတော့ 'မိုး'က မကျေမနပ်ဖြစ်ပြန်ရော၊ အဲဒီအခန်းပဲ၊ လင်းလင်းမိုး စာတွေကျက်ထားနော်"

ဦးထွန်းလင်းကျော်က ဓာတ်ကွက်ကို ပြန်ပြောသည်။





"ဟုတ်ကဲ့"ဟု လင်းလင်း ပြန်ပြောလိုက်သည်။

"စိတ်မကောင်းဖြစ်မနေနဲ့တော့ ဇင်မာ၊ တို့မေးမိတာ ဆောရီးပဲနော်"

ဒေါ်ဇင်မာထွန်းကို ဆရာကြီး တောင်းပန်နေသည်။

"ရပါတယ် ကိုလင်းရယ်၊ ရှင့်ရဲ့ပြဇာတ်က တို့ရင်ကို သိပ်လှုပ်ရှားစေတာအမှန်ပဲ၊ ဒါကြောင့် ဇာတ်တိုက်တိုင်း လာကြည့်တာ၊ ခံစားရမှန်းသိပေမယ့် မကြည့်ဘဲမနေနိုင်ဘူး"

ဒေါ်ဇင်မာထွန်းအသံတွေ တုန်နေသည်။ လင်းလင်းငဲ့အကြည့်မှာ ဆရာမကြီး မျက်ဝန်းအစုံမှာ မျက်ရည်တွေ ဝေ့ဝဲနေသည်။

"တို့များက အတိတ်ကိုလိုက်ဖမ်းနေတဲ့ သူတွေပဲ၊ တို့တက္ကသိုလ်မှာ ဆရာလုပ်ဖို့ ရည်ရွယ်ချက်မရှိဘူး၊ ဒါပေမယ့် တက္ကသိုလ်အိပ်မက်တွေကို ငြိတွယ်ရင်း ဒီဘဝမှာ အကြာကြီးနေဖြစ်ခဲ့တာ"

"ချစ်သူ့ခြေရာတွေကို ရှာချင်လို့ ပုသိမ်တက္ကသိုလ်

ကို ပြန်လာခဲ့တာမဟုတ်လား"

"ဆိုပါတော့"

ဆရာကြီး၏စကားသံကို ကြားလိုက်ရပြီးနောက် ဓာတ်တိုက်ရန် အသင့်ပြင်လိုက်ရသည်။

"အနုပညာစင်တင်ပွဲအတွက် မောင် ဓာတ်တိုက်ရဦးမယ်ဆို"

"ဟုတ်တယ်"

"မိုးအတွက် အချိန်မပေးနိုင်တော့ဘူးပေါ့နော်"

"အားတဲ့အချိန်မှာ မောင်လာခဲ့မှာပေါ့ မိုးရဲ့၊ အားရင် တောင်ပေါ်လမ်းမှာ အကြော်သွားစားမယ်၊ ဈေးလေးရှေ့က မုန့်ဟင်းခါးလည်း သွားစားမယ်"

မိုး ကြိုက်တတ်သော အစားအစာတွေကို လိုက်ပြောပေးနေသည်။

"မောင်ဓာတ်တိုက်တဲ့နေရာကို မိုး လိုက်ခဲ့မယ်နော်"





"ဟာ ...မိုး လိုက်လို့ဘယ်ဖြစ်မလဲ၊ မလိုက်ပါနဲ့"

ခါးခါးသီးသီး ငြင်းလိုက်သော မောင့်စကားကြောင့် မိုး စိတ်တိုသွားသည်။

"လိုက်တော့ဘာဖြစ်လဲ မောင်ရဲ့"

"မိုးလိုက်လာရင် မောင် ကောင်းကောင်းဓာတ်တိုက်ရမှာမဟုတ်ဘူး၊ မိုးက လက်ဖက်ရည်ဆိုင်ကို လိုက်ပို့ခိုင်းဦးမယ်"

"လိုက်ပို့ခိုင်းတော့ ဘာဖြစ်သလဲမောင်"

ဒေါသဖြစ်လွန်း၍ အသားတွေပင် တုန်လာသည်။ မောင်ကတော့ အေးအေးဆေးဆေး။

"အဲဒါ ချစ်သူတို့အခွင့်အရေးပဲမဟုတ်လား မောင်ရဲ့"

"မိုးလိုက်လာရင် မိုးကို ဟိုလိုက်ပို့၊ ဒီလိုက်ပို့နဲ့ဆိုရင် ဆရာမတွေက မောင့်ကို လိုက်ရှာနေရမှာပေါ့၊ ဆရာမကြီးက မောင့်ကိုဆူမှာပေါ့"

“မောင့်ဆရာမကြီးက ရည်းစားခေါ်မလာရဘူးလို့ အမိန့်ထုတ်ထားသလား”

“ဒီလိုတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် မောင်တို့က အလိုလိုကြောက်တယ်”

‘မိုး’ နှုတ်ခမ်းစူထားလိုက်သည်။ မုန်းတယ် … မုန်းတယ်၊ မောင်ဟာ မုန်းစရာကောင်းတာပဲ။

“ပွဲကတဲ့ညတွေမှာတော့ မိုး လာကြည့်မှာနော်၊ မိုးကို လက်မှတ်ဝယ်ပေးဦး”

မတတ်သာ၍ မိုး တစ်ဆင့်လျှော့လိုက်ရသည်။

“မိုး လာမကြည့်ပါနဲ့ကွယ်”

“ဘာ”

မိုး ဒေါသတကြီး အော်လိုက်သည်။ မောင် သရုပ်ဆောင်တာကိုမှ မိုး ကြည့်ခွင့်မရှိဘူးတဲ့လား မောင်ရယ် …

“မိုးဟာ မောင့်ချစ်သူမှ ဟုတ်သေးရဲ့လားဟင်”

မောင့်မျက်နှာကိုမော့ကြည့်ပြီး နာကြည်းကြေကွဲစွာ





မေးလိုက်သည်။

“ဟုတ်ပါတယ် မိုး၊ မိုးဟာ မောင့်ချစ်သူပါ၊ သစ္စာတည်လက်ဖက်ရည်ဆိုင်က နွားနို့လိုပဲ ရေမရောတဲ့အစစ်ပါ”

“ဒါဆိုရင် ချစ်သူတို့ရဲ့အခွင့်အရေး ရှိရမှာပေါ့၊ မောင့်ကိုပြောရတာ မိုး အောက်ကျလိုက်တာ၊ မောင်နဲ့ကျမှ မိုးရဲ့မာနတွေ ကြေကုန်ပြီမောင်ရဲ့”

မိုးကိုကြည့်ပြီး မောင် စိတ်ပျက်လက်ပျက်နှင့် ခေါင်းခါပြသည်။

“မောင်က သဏ္ဍာန်လုပ် သရုပ်တူအောင်ကရတာ ဒါကိုကြည့်ပြီး မောင်နဲ့တွဲတဲ့ ကောင်မလေးနဲ့ [illegible]စွဲဦးမယ်၊ သံသယတွေဝင်ပြီး အိပ်မပျော်စားမဝင်ဖြစ်ဦးမယ်၊ မောင့်ကို ရန်လုပ်ဦးမယ်၊ ဒါကြောင့် မိုးကို မကြည့်စေချင်တာပါ၊ စင်ဝင်ပွဲပြီးရင် မိုးနားမှာ မောင် အချိန်ပြည့်နေပါ့မယ်နော်”

မောင် ချော့မော့ပေမယ့် မိုး မကျေနပ်နိုင်။

“မောင် အတည်ပြောတာနော်”

"အတည်ပါမိုး"

မိုးမျက်နှာကို လိုက်ကြည့်ပြီး နှစ်သိမ့်ချော့မော့ရန် အားယူနေသည်။

"မောင့်ကို မိုး စိတ်ပျက်တယ်၊ မိုး ကြိုးစားပါ့မယ် မောင်၊ မောင် လွတ်လပ်ပျော်ရွှင်စွာနေနိုင်အောင် မိုးရဲ့မေတ္တာ နှောင်ကြိုးတွေကို လျှော့ဖြေပေးပါ့မယ်"

မိုးကို ချော့ရန် နည်းလမ်းရှာနေပြန်သည်။ မိုး၏ သဝန်တိုစိတ်ကိုသိထား၍ စင်တင်ပွဲသို့ မလာစေလိုခြင်းကို မိုးက နားမလည်နိုင်ခဲ့ပါလား။

"အော် ...လင်းထွင့် ဓာတ်တိုက်ဖို့ ဆရာမကြီးစောင့် နေပြီ၊ နင်တစ်ယောက်တည်းပဲ ကျန်တော့တယ်၊ လာ... လိုက်ခဲ့"

ဆရာမလေး ဒေါ်စန်းစန်းမြိုင်က လာရှာသည့် အတွက် တွေဝေတုံ့ဆိုင်းခြင်းမရှိဘဲ လိုက်ခဲ့ရသည်။

"ငါ့ညီမ လင်းလင်းကတော့ သရုပ်ဆောင်တာ





တကယ်ပီပြင်ပါပေတယ်၊ ချစ်သူကို သဝန်တိုစိတ်နဲ့ ဒေါသ ဖြစ်နေပုံက ပီပြင်လွန်းလို့ အစ်ကိုတောင်ကြောက်တယ်"

ကိုကြီး အောင်ကျော်မိုးက ချီးကျူးချိန်မှာတော့ စိတ်ရောကိုယ်ပါနှစ်ပြီး သရုပ်ဆောင်လိုက်ရသည့်အတွက် ရင်တွေဒူးတွေ တုန်နေသည်။

"လင်းလင်းက အပြင်မှာလည်း ရန်တွေ့နေကျမို့ ပိုင်တာပေါ့ အစ်ကိုကြီးမိုးရဲ့"

နွယ်ဦး ဝင်ထောက်လိုက်သည်။

"ဟာ ...ဒါဆို လင်းလင်းချစ်သူတော့ **သနားစရာ** ပဲ၊ လင်းလင်းက အချစ်ကြီးသလို **အမျက်လည်းကြီးမယ့်** မိန်းကလေး"

ကိုကြီးအောင်ကျော်မိုးကို လင်းလင်း မချေပပါ။ သို့ပေမယ့် စိတ်ထဲကတော့ ပြောလိုက်မိပါသည်။ ချစ်ရလွန်း လို့ ခံစားနေရတဲ့ မိန်းမသားတစ်ယောက်ကိုတော့ မသနားကြ တော့ဘူးလား ကိုကြီးမိုးရယ် ...

"ဒီနေ့တော့ နားလိုက်ကြပါစို့"

ဆရာကြီးပြောတော့ အားလုံး ပျော်သွားကြသည်။ ညကိုးနာရီ ထိုးနေပြီ။

"လင်းလင်းကို ကြိုမယ့်သူရှိလား"

"ဟင့်အင်း …နွယ်ဦးနဲ့ လမ်းလျှောက်ပြန်မယ်"

"လမ်းလျှောက်ရမှာ အဝေးကြီး"

ကိုကြီးအောင်ကျော်မိုးပြောတော့ လင်းလင်းအဖို့ မီးလောင်ရာလေပင့်ဖြစ်ကာ ဝမ်းနည်းရပြန်သည်။ သူ့ကို မတွေ့ရတာ တစ်ပတ်လောက်ရှိနေပြီ။ လင်းလင်းရင်ထဲမှာ တစ်ကမ္ဘာလောက်ကြာသည်ဟု ထင်မြင်ခံစားနေရသည်ကို မောင်ကတော့ သိမည်မဟုတ်ပါ။

"လင်းလင်းနဲ့ နွယ်ဦးတို့ကို ကိုကြီးရယ်၊ ဝင်းညွန့်ရယ် လိုက်ပို့မယ်၊ ဆိုင်ကယ်ပေါ်တက်လေ"

ကိုကြီးအောင်ကျော်မိုး အစီအစဉ်နှင့် အဆောင်ကို ချောချောမောမောပြန်ရောက်ခဲ့သည်။

△





သောကြာနေ့ည ဖြစ်သည်ကို သတိမူလိုက်မိသည်။ မနက်ဖြန်စနေနေ့မှာတော့ ဘွားဘွားဆီကို လင်းလင်း ပြန်ရမည်။

ဘွားဘွားသံယောဇဉ်နှင့် လင်းလင်း ပုသိမ်တက္ကသိုလ်မှာ တက်ဖြစ်ခဲ့ခြင်းပင်။ ဖေဖေနှင့်မေမေတို့ ဆန္ဒအရဆိုလျှင် လင်းလင်းတစ်ယောက် ရန်ကုန်တက္ကသိုလ်မှာ တက်ရမှာ အမှန်။

"ငါ့မသေခင် ငါ့မြေးကို ငါ့အနားမှာထားပါကွယ်၊ ငါ့မြေးနဲ့အတူ နေစမ်းပါရစေ"

ဘွားဘွား အတန်တန်တောင်းဆိုသည့်အတွက် ပုသိမ်တက္ကသိုလ်မှာ ကျောင်းတက်စေခြင်းပင်။

ဘွားဘွားနှင့်အတူနေသည်ဆိုပေမယ့် နေ့စဉ် ကျောင်းတက်ရန်ဝေးသည်ဆိုကာ နွယ်ဦးတို့နှင့်အတူ အဆောင်မှာလည်း နေသေးသည်။ တစ်ပတ်မှာ လေးရက်ခန့် အဆောင်မှာ၊ သုံးရက်ကို အဘွားနှင့်အတူနေပေးသည်။

△

အိပ်ရာပေါ်ပစ်လှဲလိုက်သည်နှင့် ဆရာမကြီး၏ တက္ကသိုလ်အိပ်မက်ဇာတ်လမ်းက အတွေးထဲဝင်လာသည်။ တစ်ခါတုန်းက တက္ကသိုလ်မှာ ကျင်လည်၍ တကယ်ဖြစ်၊ တကယ်ချစ်ခဲ့ကြသော ပါမောက္ခဆရာကြီး ဦးလင်းထွဋ်နှင့် တွဲဖက်ပါမောက္ခ ဆရာမကြီး ဒေါ်ဇင်မာထွန်းတို့၏ ရင်တွင်းခံစားမှု။

ထိုခံစားမှုများနှင့် တစ်ဆက်တည်း မေမေ့ခံစားမှုကို တွေးမိပြန်သည်။

အို ···ကြည့်စမ်းပါဦး၊ ဆရာကြီးရဲ့ပြဇာတ်ထဲက မင်းသမီးနာမည်က သင်းသင်းမိုးတဲ့၊ တိုက်ဆိုင်လိုက်ပါဘိတော့။ မေမေ့နာမည်ကလည်း သင်းသင်းမိုး၊ ငါ့နာမည်က လင်းလင်းမိုး ···

× × × ×





"လင်းလင်းကို တို့အတန်းထဲက လူတွေအားလုံး အံ့ဩနေတယ်"

နွယ်ဦးစကားကြောင့် လင်းလင်း အထိတ်တလန့် ဖြစ်သွားရပြန်သည်။

"ဘာအံ့ဩတာလဲဟင်"

"သင်းသင်းမိုးနေရာမှာ သရုပ်ဆောင်နိုင်တာကို အံ့ဩတာ၊ သိပ်ပီပြင်တာပဲတဲ့"

သည်တော့မှ လင်းလင်း နည်းနည်းပြုံးနိုင်လာသည်။

"ဒီလောက်ဖြစ်လိမ့်မယ်လို့ မထင်ကြဘူးတဲ့"

"အင်း ...လင်းလင်းလည်း ကိုယ့်ကိုယ်ကို နားမလည်တော့ဘူး၊ တစ်ခါတလေ သရုပ်ဆောင်နေရင်း လင်းလင်း မဟုတ်တော့သလိုပဲ၊ သင်းသင်းမိုးလို့ ကိုယ့်ကိုယ်ကို ထင်လာတာကိုပြောတာ"

ဇာတ်တိုက်ကတည်းက ဖြစ်ပေါ်နေသည့် ခံစားမှုကို ဖွင့်ဟလိုက်သည်။

"ပြီးတော့ သင်းသင်းမိုးနဲ့ လင်းလင်းဟာ ရင်းနှီးနေသလိုပဲ၊ အရင်ကတည်းက သင်းသင်းမိုးကို သိနေသလိုပဲ"

"ရင်းနှီးနေမှာပေါ့ ...လင်းလင်းတို့ မေမေနာမည်ကလည်း ဒေါ်သင်းသင်းမိုး မဟုတ်လား"

"ဟာ ...ဟုတ်တာပေါ့၊ သင်းသင်းမိုးက မေမေများ ဖြစ်နေမလားမသိဘူး၊ မေမေ့စိတ်ဓာတ်နဲ့လည်း တူနေသလိုပဲ"

မေမေ့နာမည် ဒေါ်သင်းသင်းမိုးဖြစ်ပေမယ့် သင်းသင်းမိုးနှစ်ယောက်ကိုတော့ ဆက်စပ်မကြည့်မိတာအမှန်။





"လင်းလင်းရဲ့မေမေကတော့ လင်းလင်းတို့ဖေဖေကို သဝန်တိုတာပဲလား"

"ဟင့်အင်း ...ဝေးသေး၊ ဖေဖေ့ကို သဝန်မတိုပါဘူး၊ မေမေက သူ့အိပ်မက်ထဲမှာသူနေတာ"

"အို ...ဟုတ်လား ပြောပါဦး"

အမှတ်တမဲ့ပြောလိုက်မိပြီးမှ မေမေ့အတွင်းရေးကို လျှို့ဝှက်ထားချင်သည့်အတွက် စကားရပ်ပစ်လိုက်ရသည်။

"ဘာမှမဟုတ်ပါဘူး ...မေမေက လျှို့လျှို့ဝှက်ဝှက် နေတတ်လို့ပါ၊ မေမေ့ကိုကြည့်ရတာ အလွမ်းဝတ္ထုတွေထဲက မင်းသမီးနဲ့ တူလို့ပါ"

"လင်းလင်း မေမေမှာလည်း တက္ကသိုလ်အိပ်မက်တွေရှိမှာပေါ့"

"မသိဘူး ...မေမေက အားရင် စန္ဒရားပဲတီးနေတာ၊ သူ့ဘာသာသူတီးပြီး သူ့ဘာသာသူဆိုတာ"

"လင်းလင်းက သင်းသင်းမိုးနေရာမှာ သရုပ်ဆောင်

တော့မှ ပိုချောလာသလိုပဲ"

လင်းလင်းကို စေ့စေ့ကြည့်ပြီး နွယ်ဦးပြောသည်။

"စန္ဒီတို့အုပ်စုကတော့ သူ မင်းသမီးမလုပ်ရလို့ သိပ်မကျေနပ်ဘူး၊ နွယ်ဦးကတော့ ဆရာကြီးပြောသလိုပဲ ဒီနေရာဟာ လင်းလင်းနဲ့ အလိုက်ဆုံးပဲ"

ကြည်နူးနှစ်သိမ့်စွာ လင်းလင်း ပြုံးလိုက်သည်။ သူငယ်ချင်းတွေထဲမှာတော့ နွယ်ဦးက မုဒိတာပွားနိုင်သူပါပဲ။ သူငယ်ချင်းတွေ၏ ကောင်းသတင်းကို အမြဲလိုလားသူ၊ ချီးကျူး ရန် ဝန်မလေးသူပါပဲ။

"ဒီည တို့လိုက်မယ်နော်၊ လင်းလင်းတို့နှစ်ယောက်အတွက် နောက်ခံသီချင်းကို ဆရာကြီးကတီးပြီး ကိုတင့်နိုင်က ဆိုလိမ့်မယ်"

"ဟယ် ...တကယ်လား"

"တကယ်ပေါ့"

"ကိုတင့်နိုင်က သူ့ဇနီးဆီက ခွင့်ပြုမိန့်ရလို့လား၊





သူ့ခမျာ အားမှမအားရှာတာ"

"ဆရာကြီးက တောင်းပန်ပြီးဆိုခိုင်းတာ၊ ကိုတင့်နိုင် အသံက သူ့သီချင်းနဲ့ သိပ်လိုက်တယ်တဲ့၊ ဒါနဲ့ လင်းလင်းရဲ့ မိုးထွင့်ရော"

မိုးထွင့် ဆိုသည့် အမည်ပါလာသည့်အတွက် ရှင်လန်းတက်ကြွနေရာမှ လင်းလင်းစိတ်တွေ ညှိုးနွမ်းသွားသည်။ မောင်နဲ့ပတ်သက်တဲ့ ပျော်ရွှင်ခြင်းတွေကို လင်းလင်း ကမ္ဘာမှာ မထားခဲ့ချင်ဘူးလား မောင်ရယ်၊ စိတ်ထဲက ပြောနေမိသည်။

"ဒီလောကမှာ လင်းလင်းရှိနေသေးတယ်ဆိုတာ တောင် အမှတ်ရမှာမဟုတ်ဘူး"

"ဟုတ်ပါရဲ့၊ ငါ့တောင်မုန်းလာပြီ၊ ငါတော့ မိုးထွင့် လိုလူမျိုးရဲ့ ရည်းစားတော့ အဖြစ်မခံနိုင်ဘူး၊ ငါ အသည်းကွဲပြီး သေလိမ့်မယ်၊ လင်းလင်းကမှ တိတ်တိတ်ကလေးကျိတ် ကျိတ်ဆွေးပြီး ခံနိုင်သေးတယ်"

ဘေးလူကပါ ပြောလာပြီဆိုတော့ လင်းလင်း ပိုဝမ်းနည်းလာသည်။ သူ့ဘာကြောင့် ဒီလောက်စိမ်းနိုင်ရတာလဲ တဲ့လေ ...

"ဆရာကြီးဦးသောင်းရှိန် အနားမှာတော့ သူရှိနေမှာပါ"

"ဟုတ်မှာပေါ့"

ဆရာကြီးနှင့် ပြိုင်၍လည်း လင်းလင်း အနိုင်ရမည် မဟုတ်ပါ။

"တော်ပြီ ...ဘာမှမစဉ်းစားချင်ဘူး၊ မခံစားချင်ဘူး၊ ငါ့မှာ သင်းသင်းမိုးဆိုတဲ့ အသိကလွဲပြီး ဘာမှမရှိဘူး"

အားတင်းပြီး လင်းလင်း ဆိုလိုက်သည်။

"သင်းသင်းမိုးရဲ့ မောင်ကလည်း မိုးထွင့်နဲ့ စရိုက်ချင်းအတူတူပဲလေ၊ ဘာပြောချင်သေးလဲ"

လင်းလင်း သက်ပြင်းချလိုက်သည်။ ဟုတ်ပေသားပဲ ပြဇာတ်ထဲမှာတောင် ချစ်လူဆိုး၏ ချစ်သူဖြစ်နေရသေးသည်။





အချစ်နှင့်ပတ်သက်လျှင် မေမေကံဆိုးခဲ့သလို လင်းလင်းလည်း ကံဆိုးလေပြီလား ...

ကံဆိုးသည်လို့ ပြောရတာလည်းခက်သည်။ ဖေဖေ က မေမေ့ကို ချစ်ပါသည်။ မေမေကလည်း ဖေဖေ့ချစ်မေတ္တာ အရိပ်အောက်မှာ သိမ်မွေ့နူးညံ့စွာ နေထိုင်ပါသည်။ သို့ပေမယ့် မေမေ့ဒိုင်ယာရီအရဆိုလျှင်တော့ မေမေသည် အတိတ်တစ်ခုထဲမှာ နှလုံးသားကို အပြီးအပိုင်မြှုပ်နှံထားခဲ့သူ။

တက္ကသိုလ်အိပ်မက်ထဲမှာပဲ နေထိုင်သူ၊ တက္ကသိုလ်အိပ်မက်ထဲမှ ချစ်သူကိုသာ တစ်သက်တာထာဝရ ချစ်ခင်စွဲလန်းနေသူ။ မေမေ့ကို ကံကောင်းတယ်လို့ ဆိုနိုင်ပါ့မလား။

× × × ×

လင်းလင်းတို့ ဇာတ်တိုက်သည့် အခန်း ၁၁ ရှေ့မှာ လူတွေ အသင့်ရောက်နေကြပြီ။

"ဒီနေ့ ဆရာကြီးကိုယ်တိုင် organ တီးမှာတဲ့၊ ကိုတင့်နိုင်က ဆိုမှာလေ၊ ဆရာကြီးက ပုသိမ်တက္ကသိုလ် ကျောင်းသား ဘဝတုန်းက ရေးစပ်ခဲ့တဲ့ သီချင်းနှစ်ပုဒ်ကို နောက်ခံတေး အဖြစ် ဆိုပေးမှာတဲ့"

ကိုကြီးအောင်ကျော်မိုး ရှင်းပြနေသည်။ အခန်းထဲဝင် လိုက်တော့ organ တီးနေသော ပါမောက္ခ ဆရာကြီးနားမှာ ကိုတင့်နိုင်ကို တွေ့ရသည်။

ပိုမိုး - တာယ

"ကိုကြီးတင့်နိုင် …ခွင့်ပြုမိန့်ရလာပြီလားဟင်"

လင်းလင်းအမေးကို ကိုကြီးတင့်နိုင်က …

"ဆရာကြီးကိုယ်တိုင် လိုက်ပြောရတာလေ"

ကိုကြီးအောင်ကျော်မိုး ပခုံးတွန့်လိုက်ပြီး …

"မိန်းမတွေရဲ့အချစ်ကို ခံရတာမလွယ်ဘူး၊ စိတ်ကျဉ်းကြပ်တယ်"

ဟု ပြောသည်။

"အစစ်ပဲဗျို့ …အရင်တုံးကဆို တစ်ညလုံး သီချင်းဆိုနေတာ၊ ဘယ်သူ့ဆီကမှ ပါမစ်ယူစရာမလိုဘူး"

သူတို့နှစ်ယောက်အပြောကို ဆရာကြီးက ပြုံးပြီးနားထောင်နေသည်။

"ပိုင်စိုးမှုအချစ်တွေ ပျောက်သွားတော့လည်း တမ်းတနေရတာပဲ"

သူ့ဘာသာသူပြောသလိုနှင့် ခပ်တိုးတိုးလေးဆိုအခဲ့သည်။

"ကဲ …စမယ်"





ဦးထွန်းလင်းကျော် လှမ်းပြောသည်နှင့် လင်းလင်းတို့နှစ်ယောက် ရှေ့ထွက်လာခဲ့ကြသည်။

"ကြည့်စမ်းပါဦး မောင်ရယ်၊ မိုးတို့ ပုသိမ်တက္ကသိုလ်ကြီးဟာ သာယာလှပနေလိုက်တာနော်"

"တက္ကသိုလ်ဆိုတာ လှပမြဲ၊ မွေးပျံ့မြဲပေါ့ မိုးရယ်၊ မောင့်အနားမှာ မိုးရှိနေသ၍ ပောဒ္ဒီကမ္ဘာလောကကြီးဟာ သာယာလှနေမှာပဲ"

"ဟွန်း …သူတော်တော်အပြောကောင်း၊ ဒါပဲနော် မနက် ၆ နာရီခွဲအရောက် မိုး အဆောင်ရှေ့ကိုလာရမယ်၊ မိုးအေးတို့ နိုင်လင်းတို့နဲ့ မပေါင်းရဘူး၊ သစ္စာတည်မှာလည်း မထိုင်ရဘူး"

"အမိန့်တော်မြတ်အတိုင်းပါ"

တစ်ခန်းရပ်သွားပြီမို့ ခေတ္တနားလိုက်သည်။

"ကဲ …ဒီအခန်းပြန်စမယ်၊ လင်းလင်းနဲ့ အောင်ကျော်မိုး၊ ဒါမှမဟုတ် မိုးနဲ့မောင်ပေါ့ ဟုတ်လား၊ မင်းတို့

နှစ်ယောက် စထွက်လာတဲ့အချိန်ကစပြီး နောက်ခံတေးဆိုပေး သွားမယ်''

ဆရာကြီးစကားအဆုံးမှာ သာယာငြိမ့်ညောင်းသော organ သံ ထွက်ပေါ်လာသည်။

ကံ့ကော် ×××အင်ကြင်း ×××ပိတောက်နှင့်သင်း ××× ငုပွင့်ရွှေဝါ ဝေဆာလန်းဆန်း ×××စိန်ပန်းပြာဝါ ×××မြေမှာ ကြဲလို့ ××× ပန်းမွှေ့ရာ ×××ချစ်သူကင်းလို့ ××× မောင့်အတွက်တော့ တက္ကသိုလ်လွမ်းချင်း ×××

ချစ်သူမြင်လှည့် ×××မြင်လှည့်စမ်းပါ ××× ချစ်သူကြင်လှည့် ×××ကြင်လှည့်စမ်းပါ ×××ပန်းတွေလန်းလန်း ပန်းအကြွေနွမ်းနွမ်း ×××ချစ်သူလာလမ်း မျှော်လို့မှန်း ××× ကန်သုံးဆင့်ရေပြာပြာ ×××တမ်းမက်ခဲ့ဖူး ×××လှိုင်းဂယက်လွန့်လူး ×××တို့နှစ်ဦးကို ကြိုဆိုနေဆဲပါ ×××

သီချင်းသံထွက်ပေါ်လာသည်နှင့် အံ့သြရလွန်း၍ လမ်းလျှောက်ရမည်ကို မေ့လျော့ကာ လင်းလင်း ရပ်တန့်နေမိ





သည်။

"ထွက်တော့လေ လင်းလင်း"

ဦးထွန်းလင်းကျော် သတိပေးတော့မှ လှုပ်ရှားလိုက်ရပေမယ့် ဆွေးမြည့်ဖွယ်ကောင်းလှသော ကိုတင့်နိုင်၏အသံမှာ နစ်မျောနေသည်။ လင်းလင်း ရင်တွေအတိုင်းမသိ ခုန်နေသည်။ ဘာတွေဖြစ်ကုန်ပြီလဲ …ဘာတွေဖြစ်ကုန်ပြီလဲ …

သည်သီချင်းစာသားကို လင်းလင်း ကောင်းစွာသိနေခဲ့သည်ပဲ။ လင်းလင်း အလွတ်ရနေသည်ပဲ။ မေမေ့ဒိုင်ယာရီထဲက သီချင်းဖြစ်နေပါလား ….

မေမေနှင့် သည်သီချင်း ဘယ်လိုများ ပတ်သက်နေခဲ့ပါသလဲ။ ပြီးတော့ မေမေနှင့် ပါမောက္ခဆရာကြီး ဦးလင်းထွန်း သူတို့ဘယ်လိုပတ်သက်နေခဲ့ပါသလဲ ….

"လင်းလင်း ဘာဖြစ်နေတာလဲ၊ လမ်းလျှောက်တာအသက်မဝင်ဘူး၊ တစ်ယောက်ကိုတစ်ယောက် ကြည့်လေ"

ဦးထွန်းလင်းကျော် လှမ်းပြောလိုက်မှ လင်းလင်း

သတိဝင်လာသည်။

"ဟို …ဟို လင်းလင်း ….လင်းလင်း … သီချင်း"

အထစ်ထစ်အငေါ့ငေါ့ ဖြစ်နေသည့်အတွက် ကိုကြီးအောင်ကျော်မိုးက …

"သီချင်းစာသားက ဖမ်းစားသွားလို့မဟုတ်လား"

ဟု ဝင်ပြောပေးလိုက်သည်။ လင်းလင်း ရောယောင်ပြီး ခေါင်းညိတ်ပြလိုက်ရသည်။

"မျောဆို မောင်တင့်နိုင်အသံနဲ့ သီချင်းက သိပ်လိုက်တာပဲ၊ ဆရာကြီးတို့ ကျောင်းသားဘဝတုန်းက ဒီပုသိမ်တက္ကသိုလ်မှာပဲ ဆရာကြီးကိုယ်တိုင် ဆိုခဲ့တာပဲ၊ ဆရာကြီး ရောက်တဲ့ တက္ကသိုလ်တွေမှာ ဒီဇာတ်လမ်းကို ကဖြစ်ခဲ့ပါတယ်၊ ဒီသီချင်းကိုလည်း ကျောင်းသားတွေကို ဆိုခိုင်းခဲ့တာပဲ၊ ဒါပေမယ့် ရင်ထဲကအသံကို မရခဲ့ဘူး၊ မောင်တင့်နိုင်အသံကတော့ တကယ့်ကို ရင်ထဲကအသံပဲ၊ သူ ဒီသီချင်းကို





ဆိုရင် ဆရာကြီး အတိတ်ကိုမလွမ်းဘဲ မနေနိုင်ဘူး"

ဆရာကြီးရှင်းပြတော့ ကိုတင့်နိုင် မျက်နှာမထားတတ်အောင် ရှက်နေသည်။

"ကိုလင်းကလည်း အတိတ်ကို အမြဲတမ်းလွမ်းနေတာမဟုတ်လား"

ငြိမ်ငြိမ်လေး နားထောင်နေရာမှ ဒေါ်ဇင်မာထွန်း ဝင်ပြောလိုက်သည်။ ဆရာကြီး ခေါင်းညိတ်သည်။

"ရောက်တဲ့တက္ကသိုလ်တိုင်းမှာ ဒီပြဇာတ်ကို ကခဲ့တာပဲလား"

ဒေါ်ဇင်မာထွန်း မေးလိုက်ပြန်သည်။

"ဟုတ်တယ်၊ အနှစ်နှစ်ဆယ်ရှိပြီ"

"ဘာဖြစ်လို့ကတာလဲ"

"အနုပညာအသင်းကို တို့ဦးစီးရတဲ့ တက္ကသိုလ်တိုင်းမှာ ကခဲ့တာပဲ"

"ရည်ရွယ်ချက်ကို ပြောပါဦး၊ ရှင်က လူထူးလူဆန်း

ပဲ''

အဖြေမရမချင်း ဒေါ်ဇင်မာထွန်းက မေးနေသည်။

''ကိုယ့်ရဲ့အတိတ်ကို ပြန်ပြီးမြင်ချင်လို့၊ ပြဇာတ်တိုက်နေရရင် တို့ ပျော်နေတာပဲ၊ မိုးနဲ့ပြန်တွေ့ရတာပေါ့''

ဒေါ်ဇင်မာထွန်းက ဆရာကြီးကို နားမလည်သလို ကြည့်နေသည်။

''ရှင်လည်း ပုံပြောကောင်းသားပဲ၊ ရှင်တို့နှစ်ယောက် ဇာတ်လမ်းဟာ ဒီလောက်လွမ်းစရာကောင်းလိမ့်မယ်လို့ ကျွန်မ မထင်ခဲ့ဘူး၊ အခုလိုပြန်တွေ့ပြီးတော့ ကြားရတာ အဆန်းချည်းပဲ''

ဆရာကြီး ခေါင်းညိတ်သည်။

''အင်းလေ ...ဇင်မာပြောမယ်ဆိုလည်း ပြောစရာပဲ၊ ဟိုတုန်းက တို့ပုံစံက တစ်မျိုးကိုး''

''ဒါပေါ့ ...မိုးသာ ရှင့်စကားတွေကိုကြားရင် ဘယ် လောက်ပျော်လိုက်မလဲလို့ စဉ်းစားနေမိတယ်၊ ဇင်မာ





သိသ လောက်တော့ မိုးက ရှင့်ကိုသိပ်ချစ်တာ၊ ရှင်ကသာ မလေး နက်တာ''

ဆရာကြီး ခပ်ယဲ့ယဲ့ပြုံးလိုက်သည်။

''တစ်ချိန်တုန်းက ကျွန်တော် အဲဒီလောက်ဆိုးခဲ့သလား၊ တစ်ချိန်တုန်းကလည်း ကျွန်တော့်ဘဝမှာ အလေးထားရဆုံးဟာ မိုးပါပဲ၊ သူ နားမလည်ခဲ့တာပါ၊ ကျွန်တော်လည်း မိုးကိုတွေ့ချင်ပါတယ်၊ ကျွန်တော့်ရင်ထဲက စကားတွေကို ကြားစေချင်လို့ပါ''

သူတို့နှစ်ယောက်အနေနဲ့ ခပ်တိုးတိုးပြောနေကြပေမယ့် သူတို့ဆီသို့ အာရုံစိုက်ထားသော လင်းလင်းကတော့ အားလုံးကိုကြားလိုက်ရသည်နှင့်အမျှ အတွေးတွေ၊ ခံစားမှုတွေ တပုံတပင်ကြီးရလိုက်သည်။

''ဒီပြဇာတ်ကို ရောက်တဲ့တက္ကသိုလ်တိုင်းမှာ တင်ဆက်ရင်း မိုးကို ရှာနေတာပေါ့နော်''

''ဆိုပါတော့၊ ဒါပေမယ့် စိတ်ကူးယဉ်ဆန်လွန်းပါ

တယ်''

သူတို့နှစ်ယောက်ကို ကျောခိုင်းပြီး ဇာတ်တိုက်ရန် ထွက်လာခဲ့သည်။

သည်အခန်းမှာတော့ ချစ်သူတို့၏ အမူအရာလေးများကို သရုပ်ဆောင်ရမည်။ စကားပြောရန်မလို။ စကားပြောမပါပေမယ့် သီချင်းစာသားနှင့် ကိုက်ညီအောင် အမူအရာတွေနှင့် သရုပ်ဆောင်ရမည်။

''ချစ်သူနှစ်ယောက် ကြည်နူးနေတဲ့ အမူအရာကို သရုပ်ဆောင်ရမှာနော်၊ လင်းလင်းမျက်နှာက သိမ်မွေ့နူးညံ့နေရမယ်၊ ပျော်ရွှင်နေရမယ်''

ဆရာကြီးက လင်းလင်းကို ညွှန်ကြားသည်။

''ဟုတ်ကဲ့''

လင်းလင်းတို့ လမ်းလျှောက်လာသည်နှင့် နောက်ခ သီချင်းသံထွက်ပေါ်လာသည်။

ပန်းနံ့သင်း၍ စိန်ပန်းပြာရွှေ ××× ပန်းအကြွေပေါ





မှာ ×××အတူတူလျှောက်လှမ်း ×××မငြိုးစုနှစ်ယောက်မှန်း ×××မောင့်ပခုံးပါးဝယ် ×××ချစ်သူမှီတွယ် ×××လေဝယ် လွှင့်ပါး ××× ဆံနွယ်များကို ×××ယုယရှိုက်နမ်း ××× အနုအလှချစ်ခြင်း သမုဒယမျက်ဝန်းနဲ့သာ ×××သာမောစွာ ××× ကဗျာတောအလှမှာ ××× ချစ်မိခဲ့ဖူး ×××ချစ်ခဲ့ဖူးသည့် တက္ကသိုလ်အိပ်မက်များစွာ ××××

''အောင်ကျော်မိုးရဲ့ပခုံးကို မှီလျှောက်တဲ့ပုံမျိုးလေး သက်ရောက်အောင် လျှောက်နော်၊ နောက်ပြီးတော့ သူ့ကို မော့်ကြည့်နော်''

ဆရာကြီးက လင်းလင်းကို ညွှန်ကြားနေသည်။

''အောင်ကျော်မိုးက လင်းလင်းရဲ့ဆံပင်လေးကို ယုယုယယကိုင်ပြီး ဖွဖွလေး နမ်းတဲ့ဟန်မျိုးဖြစ်အောင် သရုပ်ဆောင်ရမယ်၊ ဇာတ်ဆောင်တွေရဲ့ မျက်နှာတွေကပြုံးပြီး တစ်ယောက်ကိုတစ်ယောက် နူးနူးညံ့ညံ့လေး ကြည့်ရမယ်၊ အချစ်ရိပ်လွှမ်း တဲ့မျက်ဝန်းအကြည့်မျိုးတွေ ဖြစ်ရမယ်''

ဆရာကြီး၏ပြောစကားတွေကို နားထောင်ရင်း ဆရာကြီး၏ ရင်တွင်းခံစားချက်တွေကို မှန်းကြည့်လိုက်မိသည်။

ချစ်သူတို့၏ နေ့ရက်များသည် သူ့အတွက် ထာဝစဉ် သစ်လွင်နွေးထွေးနေဆဲပါလား ...

အချစ်တွေကို နှစ်ပေါင်းများစွာ ထွေးပိုက်သယ်ဆောင်နေခဲ့ပါလျက် ဘာကြောင့်များ ချစ်သူချင်း ဆုံစည်းခွင့် မရခဲ့ ပါသလဲ။

အော်ဂင်သံနှင့်အတူ သီချင်းသံ တစ်ကြော့ထပ်ပေါ်လာသည်။ ဦးနှောက်ထဲမှာ အမေးပုစ္ဆာများ၊ ရင်တွင်းမှာ ခံစားချက်များစွာနှင့် ပီပြင်အောင်သရုပ်ဆောင်နိုင်ခဲ့သည်။

"ကောင်းတယ် ...သိပ်ကောင်းတယ်"

ဒေါ်ဇင်မာထွန်းက မှတ်ချက်ချသည်။

"တကယ်ကောင်းရဲ့လား ဆရာမကြီးရယ်"

"တကယ်ကောင်းတာပါ သမီးရဲ့"

"လင်းလင်းဖြင့် ရင်တွေခုန်လိုက်တာ၊ ပြီးတော့လေ





လင်းလင်းရင်ထဲမှာ ခံစားချက်တွေအများကြီး၊ သီချင်တာတွေ အများကြီး"

ဆန္ဒစောပြီး ပြောလိုက်မိသည်မို့ ဆရာကြီးရှိနေသည်ကို မေ့လျော့သွားသည်။ လင်းလင်းစကားအဆုံးမှာ ဆရာကြီးက သူ့ကိုလှည့်ကြည့်သည်မို့ ဆတ်ခနဲတုန်သွားပြီး စကားရပ်လိုက်ရသည်။

"အောင်ကျော်မိုးနဲ့ မိုမိုကြူ ...အနုပညာစင်တင်ပွဲမှာ လင်းထွဋ်နဲ့ထိုက်သူစံက ရွှေရေစက် တေးသရုပ်ဖော်နဲ့ တင်ဆက်တဲ့အခန်း ဇာတ်တိုက်မယ်၊ ဒီအခန်းပြီးရင် လင်းထွဋ်ကို စိတ်ကောက်နေတဲ့မိုး၊ ပွဲလာကြည့်ပြီး လင်းထွဋ်ကိုလာ တွေ့တဲ့အခန်း ဇာတ်တိုက်မယ်"

ဦးထွန်းလင်းကျော်က ဇာတ်တိုက်မည့် အစီအစဉ်ကို ပြောသည်။

ရွှေရေစက်သီချင်းနှင့် တေးသရုပ်ဖော်အခန်းက ဆွဲဆောင်မှုရှိလှသည်။ လင်းထွဋ်နေရာမှ သရုပ်ဆောင်သည့်

ကိုကြီးအောင်ကျော်မိုး အမူအရာပိုင်သလို မို့မို့ကြူကလည်း အမူအရာပိုင်လှသည်။

"မို့မို့ကြူနဲ့ ကပြီးထွက်အလာမှာ သင်းသင်းမိုးနဲ့ တွေ့မယ်"

"အို…မိုးပါလား၊ မောင်ကတာကို မိုးလာကြည့်တယ်နော်၊ မောင့်ကိုခွင့်လွှတ်တယ်ပေါ့နော်"

"ဟုတ်ပါတယ်မောင်၊ မောင့်ကိုချစ်ရတဲ့ မိုးကပဲ အလျှော့ပေးရပါသတဲ့၊ မိုးက အမြဲရှုံးရသူပါ"

အရှုံးစကားဆိုပေမယ့် မိုးမျက်နှာပေါ်မှာ အမုန်းရိပ်တွေမသန်းပါ။ ပြုံးရိပ်သန်းနေပါသည်။

"ချစ်သူတွေမှာ အနိုင်အရှုံးဆိုတာ မရှိပါဘူး မိုးရယ်၊ မောင့်ဘဝတစ်ခုလုံး မိုးကို ပေးထားပြီပဲ၊ မိုး ကြိုက်သလိုထားစမ်းပါ၊ မောင်နေပါ့မယ်"

"ဟွန်း …အပြောကောင်းတယ်"

"ကိုလင်းထွဋ် …မို့နဲ့ အမှတ်တရဓါတ်ပုံ ရိုက်ထား





ရအောင်"

မို့မို့ကြူ လာခေါ်သည့်အတွက် 'ခဏလေးနော် မိုး' ဟုဆိုကာ လိုက်သွားရပြန်သည်။

"အမြန်ရိုက်ပါဗျို့"

ဓါတ်ပုံဆရာကို အမြန်ဆုံးရိုက်ခိုင်းပြီး မိုးဆီကို အပြေး လာခဲ့ရသည်။

မိုး မျက်နှာပေါ်မှာ ဝန်တိုရိပ်တွေနှင့် ငြူငြူစူစူ။

"မိုးနဲ့ရောတွဲပြီး ဓါတ်ပုံမရိုက်ချင်ဘူးလားမောင်"

"ဟာ …ရိုက်မှာပေါ့၊ အမှတ်တရပေါ့"

သူတို့နှစ်ယောက် ဓါတ်ပုံရိုက်ဖြစ်ပြန်သည်။

"မိုးတို့နှစ်ယောက် တစ်ခုခုသွားစားရအောင်နော်"

"သွားတာပေါ့၊ မောင်တို့ ပြဇာတ်ကပြီးသွားပြီပဲ"

ပွဲကြည့်ပရိသတ်ထဲမှ တိုးထွက်ရန်…

…င်..

"ဟဲ့ …လင်းထွဋ်…

က ပြဇာတ်အဖွဲ့စုပြီး ဓါတ်ပုံရိုက်မလို့ ခေါ်ခိုင်းနေတယ်၊ တခြားလူတွေအားလုံးစုံနေပြီ၊ နင်တစ်ယောက်ပဲ ကျန်နေတာ''

ဆရာမ ဒေါ်ပပဝင်းက ခေါ်သည့်အတွက် အခက်ကြုံရပြန်သည်။

''မိုး သွားတော့မယ်မောင်''

''နေပါဦး မိုးရယ်၊ မောင် ချက်ချင်းပြန်လာမှာပါ၊ ခဏလေးနော် ...ခဏလေး''

မိုး ပြန်မပြောနိုင်ခင်မှာပင် မောင်တစ်ယောက် ဆရာမ ဒေါ်ပပဝင်းနောက်သို့ ကောက်ကောက်ပါအောင် လိုက်သွား ချေပြီ။

မှာ မိုးခံယူထားသလိုပါပဲလေ ...မောင်နှင့်ပတ်သက်ထားစမ်းပါ၊ မောင် ...ရှာမ်းရှုံးနေရတာပါပဲ၊ အကြွင်းမဲ့ချစ်ခြင်းဟာ

''ဟွန်း ...အပြ ...ပိုင်ဆိုင်ခွင့်ရှိသလား မောင်ရယ်...

''ကိုလင်းထွဋ် ...မို့နဲ့ အမ ...တိုးလေး ပြောနေမိသည်။





အနုပညာစင်တင်ပွဲကြည့် ပရိသတ်တွေထဲမှ တသောသောရယ်သံတွေ ပေါ်ထွက်လာသည်။ ပွဲကြည့်ပရိသတ်အားလုံး ပျော်နေကြပါသည်။ မိုးတစ်ယောက်သာ မောင့်ကိုချစ်မိခြင်းအတွက် ပျော်ရွှင်မှုအပေါင်း ခညောင်းနေသည့် မင်္ဂလာညချမ်းပွဲခင်းထဲမှာ ဝမ်းနည်းကြေကွဲနေရပါလား ...

နောက်ဆုံးစာသားကိုတော့ ဆရာမ ဒေါ်ဇင်မာမြင့်က နောက်ခံစကားပြောနှင့် တင်ပြပြီး လင်းလင်းက မျက်နှာအမူအရာ လမ်းလျှောက်နေဟန်ဖြင့် သရုပ်ဆောင်ပေးရသည်။

× × × ×

"မိုးနေရာမှာ လင်းလင်း သရုပ်ဆောင်တာ သိပ်ပီပြင်တာပဲဆို"

လင်းလင်း အဆောင်သို့ မျက်စိလည်လမ်းမှားပြီး မောင်ရောက်လာသည်။

"ဘယ်သူပြောသလဲ"

"ခိုင်လုံတဲ့သတင်းရပ်ကွက်က ကြားတာပေါ့၊ ပြဇာတ်ထဲမှာ နှစ်မြှုပ်ထားတော့ မောင့်ကိုတောင် မေ့သွားပြီလား"

"မေ့လျော့ခြင်းဆိုတာ တကယ်တမ်းချစ်တတ်သူ

တွေရဲ့ကမ္ဘာမှာ မရှိပါဘူးမောင်"

မောင်ကတော့ ပေါ့ပေါ့ပါးပါးပြုံးသည်။ ပြဇာတ်ထဲက ကိုလင်းထွဋ်ရဲ့ အပြုံးမျိုးပါပဲ။ သည်အပြုံးမျိုးကို အပြင်မှာလည်း တွေ့ရသည်။ တက္ကသိုလ်အိပ်မက် ပြဇာတ်ထဲမှာလည်း တွေ့ရသည်။

သည်အပြုံးကိုပဲ လင်းလင်း ပိုင်ဆိုင်ရတော့မှာလား။

"လင်းလင်းကို မောင် အမြဲသတိရနေပါတယ်၊ ဒီနေ့ မောင် နည်းနည်းအချိန်ရလို့လာတာ၊ မေမေ ဇလွန်ဘုရားဖူးသွားတော့ ဒီနေ့အားတယ်၊ မေမေ့အနားမှာပဲ အချိန်ကုန်တာ များတယ်"

"ကောင်းပါတယ် ...လင်းလင်းကလွဲရင် ကျန်တဲ့သူတွေအတွက် မောင့်အချိန် ပေးနိုင်ပါတယ်"

"ထေ့ထေ့ငေါ့ငေါ့ မပြောပါနဲ့ လင်းလင်းရယ်၊ မေမေ့အနားမှာ မောင်က မနေဖြစ်တာများတယ်၊ ဖေဖေနဲ့ပဲ အနေများခဲ့တာ၊ ဖေဖေပြောင်းသမျှ နယ်တွေမှာ လိုက်နေခဲ့





တာ အခုတော့လည်း မေမေ့အတွက် အချိန်ပေးချင်သေးတယ်လေ"

"လင်းလင်းကို ထည့်မစဉ်းစားပါနဲ့မောင်"

နာကြည်းစိတ်ကို ကြိုးစားချုပ်ထိန်းထားရသည်။

"ဒီလိုမပြောပါနဲ့ လင်းလင်းရယ်၊ မောင်နဲ့လင်းလင်းက တစ်သက်လုံးအတူတူနေသွားရမှာ၊ မောင့်ကို ခွင့်လွှတ်နားလည်ပေးပါကွာ"

"လင်းလင်း ပြောထားပြီးပြီပဲ၊ လင်းလင်းဘက်က မောင့်ကိုခွင့်လွှတ်ဖို့၊ နားလည်ဖို့ အမြဲကြိုးစားနေပါတယ်၊ လင်းလင်းစိတ်ကို မနိုင်ရင်တော့ မောင့်ကိုမေ့နိုင်အောင် ကြိုးစားရမယ်"

"မေမေ့ဘဝကိုလည်း နားလည်ပေးပါ လင်းလင်းရယ်၊ မေမေ့မှာလည်း ချစ်ရမယ့်လူဆိုလို့ မောင်ပဲရှိတာ"

ခေါင်းငုံ့ထားရာမှ ဆတ်ခနဲမော့ကြည့်လိုက်ပြီး ...

"မောင်ကလွဲရင် တခြားလူမရှိတော့ဘူးလား"

"မောင်က တစ်ဦးတည်းသောသား"

"မောင့်ဖေဖေကကော"

"အင်း …တစ်နေ့တော့ လင်းလင်း နားလည်လာမှာပါ၊ မောင်တို့မိသားစုအကြောင်းကိုလေ၊ မေမေက စီးပွားရေးလောကထဲမှာနေတယ်၊ အိမ်ထောင်ရေးဘဝမှာ မအောင်မြင်တဲ့ သူ့ဘဝကို မြှုပ်နှံထားတယ်ဆိုပါတော့၊ ဖေဖေကတော့ အိပ်မက်ထဲမှာနေတယ်"

သူ့ကို အထိတ်တလန့် မော့ကြည့်လိုက်သည်။

"တက္ကသိုလ်အိပ်မက်ထဲမှာနေတာ"

မောင် ထပ်ပြောတော့ ပိုပြီးအံ့ဩရပြန်သည်။ မအံ့ဩဘဲနေပါမည်လား လင်းလင်းမေမေကလည်း အိပ်မက်ထဲမှာနေသူ။ လင်းလင်းတို့ ပါမောက္ခကြီးကလည်း အိပ်မက်ထဲမှာနေသူ …

ယခုတစ်ဖန် မောင့်ဖေဖေကလည်း အိပ်မက်ထဲမှာ နေပြန်သည်တဲ့လေ။





"လင်းလင်းလည်း အိပ်မက်ထဲမှာပဲနေမယ်၊ မောင်ကော ဘယ်မှာနေမလဲ"

လင်းလင်း အပြောကြောင့် မောင် ရယ်လိုက်သည်။

"မောင်လည်း လင်းလင်းရှိတဲ့ အိပ်မက်ထဲမှာပဲနေမယ်"

လင်းလင်း အတန်ငယ်စိတ်ပြေသွားပြီမို့ သူတို့နှစ်ယောက် လမ်းလျှောက်ထွက်ကြသည်။ တောင်ပေါ်သွားသည့်လမ်းမှာ အကြော်စားကြသည်။

"ဟော …ထွင့်ပါလား"

သစ္စာတည်ရှေ့မှာ ဆိုင်ကယ်ရပ်လိုက်သည်နှင့် ဆိုင်ထဲမှ မိန်းကလေးတစ်သိုက် ထွက်လာပြီး ဝိုင်းအော်ကြသည်။

"မင်းကိုမတွေ့လို့ ပုသိမ်တစ်မြို့လုံး ပတ်ရှာနေတာ"

"ရတီတို့ပါလား၊ ဘာလာလုပ်တာလဲ"

"ကြည့်ပါဦး၊ မေးပုံက စိမ်းလိုက်တာ၊ ထွန့်ကို လာရှာတာပေါ့၊ ထွင့်တို့ဖေဖေဆီ ရောက်ပြီးပြီ"

"ဘယ်လိုရောက်သွားတာလဲ"

ရတီနှင့်အပေါင်းပါတွေက ရယ်လိုက်သည်။

"မြန်မာစာပါမောက္ခဆရာကြီး ဦးလင်းထွန့်လို့ မေးလိုက်တာပေါ့၊ ရတီတို့ကိုများ တောသူတွေလို့အောက်မေ့နေသလား"

"မထင်ပါဘူးကွာ ...မြို့ကြီးသူတွေမှန်း သိပါတယ်၊ တို့ကသာ တောသားပါ"

ရယ်ရယ်မောမောနှင့် ပြောလိုက်သည်။

"ထွင့်တို့မေမေ ရောက်နေတယ်ဆို၊ အန်တီနဲ့တွေ့ချင်တယ် လိုက်ပို့ဦး"

"နေဦး ...ဒီကစောင့်၊ တို့ လင်းလင်းကို အဆောင်ပြန်ပို့လိုက်ဦးမယ်"

သည်တော့မှ ရတီဝို့အုပ်စု လင်းလင်းကို သတိပြု





မိကြပဟန်နှင့် စူးစမ်းသောမျက်ဝန်းကိုယ်စီနှင့် ဝိုင်းကြည့်လိုက်ကြသည်။

"နေပါစေ ...လင်းလင်းဘာသာ လမ်းလျှောက်ပြန်မယ်၊ ညှော့သည်တွေကို လိုက်ပို့လိုက်ပါ"

"မောင်လိုက်ပို့မယ်"

သူက လင်းလင်း လက်မောင်းကို ဖမ်းဆွဲပြီး ဆိုင်ကယ်ပေါ် ဖွတ်တက်ခိုင်းနေသည်။ သစ္စာတည်ဆိုင်ထဲမှာ လူတွေဝိုင်းကြည့်နေသည်မို့ ရှက်ရှက်နှင့် တက်ထိုင်လိုက်ရသည်။

မောင့်ကို စိတ်ဆိုးရလွန်း၍ ရန်တွေ့နိုင်စွမ်းပင် မရှိတော့။ လင်းလင်း နားလည်လိုက်ပါပြီ။ မောင်နှင့်လင်းလင်း ဇာတ်လမ်း ပြီးဆုံးသွားပါပြီ။

မောင့်စိတ်ကို လင်းလင်း နားလည်လိုက်ပါပြီ။ လင်းလင်းအပေါ် လှို့ဝှက်ချက်တွေ များလှသည်။ မြန်မာစာပါမောက္ခ ဦးလင်းထွန့်သည် မောင့်ဖေဖေဖြစ်နေခြင်းကို

လင်းလင်းကို ဘာကြောင့် ဖွင့်မပြောနိုင်ရတာလဲတဲ့လေ။

လင်းလင်းအပေါ် လျှို့ဝှက်ထားပုံက လင်းလင်း၏ မာနကို ကျိုးကြေပျက်စီးစေခဲ့ပြီပေ ...

သူ့ကို စွန့်လွှတ်လိုက်ရပြီဆိုသောအသိကြောင့် ဝမ်းနည်းကြေကွဲရသော်လည်း ပြင်းထန်သည့်မာနတရားကြောင့် ရင်ထဲမှာ နွမ်းလျခြင်းထက် တင်းမာအေးစက်ခြင်းတို့က လွှမ်းမိုးသွားသည်။

"မောင်ပြန်လာခဲ့မယ်နော်"

"ဟင့်အင်း ...မောင်ပြန်မလာပါနဲ့၊ ဘယ်တော့မှ ပြန်မလာပါနဲ့တော့"

လင်းလင်း ယတိပြတ်ပြောလိုက်တော့ မောင်မျက်နှာပျက်နေသည်။

"တစ်ခုတော့ မောင့်ကိုမေးခဲ့ပါရစေ၊ မောင့်ဖေဖေကို လျှို့ဝှက်ထားရလောက်အောင် မောင်နဲ့လင်းလင်း အဆင့်အတန်း ကွာခြားနေသလားဟင်၊ ဒါမှမဟုတ် မောင့်မှာ လက်





ထပ်ရမယ့်သူရှိနေပြီးသားမို့ မောင်နဲ့လင်းလင်းရဲ့ ဇာတ်လမ်းကို မိဘတွေသိသွားမှာစိုးနေတာလား"

ရင်ထဲမှာရှိသမျှ မေးပြီးတော့ နှုတ်ခမ်းလေးကို တင်းတင်းစေ့ထားလိုက်သည်။

သွားပြီ ...အရာခပ်သိမ်းဟာ ပြိုလဲပျက်စီးသွားပါပြီကော။ လင်းလင်း အကြောက်ဆုံးက မောင်နဲ့ခွဲခွာရခြင်း၊ ယခုတော့ လင်းလင်း အကြောက်ဆုံးအရာကို ရင်ဆိုင်လိုက်ရပါပြီ။

မာနတရားနှင့် ဝမ်းနည်းစိတ်တို့ကြောင့် ရင်တွေတဖျတ်ဖျတ်ခုန်နေသည်။

"လင်းလင်းရဲ့ စွပ်စွဲချက်တွေ တစ်ခုမှမမှန်ဘူး၊ မောင် ရှင်းပြနိုင်ပါတယ်၊ မောင့်ကို လင်းလင်း အချိန်ပေးပါ"

"လင်းလင်း နားမထောင်နိုင်ဘူး"

"မဟုတ်သေးပါဘူး လင်းလင်းရယ်"

"လင်းလင်းကို ဖေဖေ့ဆီ ခေါ်သွားမယ်လေ"

"လင်းလင်း မလိုက်နိုင်ပါဘူး"

လင်းလင်းကို ချော့၍မရသည့်အဆုံးမှာ သူလှည့်ထွက်သွားသည်။ မကြာမီ အရှိန်ပြင်းပြင်းနှင့် မောင်းထွက်သွားသော ဆိုင်ကယ်သံကို ကြားလိုက်ရသည်။

လင်းလင်း ပါးပြင်ပေါ်သို့ မျက်ရည်ပွင့်တွေ လွင့်ကြွေထွက်သွားသည်။ ဝေးလွင့်ခြင်းမျက်ရည်ပွင့်များပါပဲ။ လင်းလင်းရဲ့ အချစ်ပွင့်တွေလည်း အဝေးဆုံးသို့ လွင့်ကြွေသွားပါပြီကော ...

မမျှော်လင့်ဘဲ အခန်းထဲမှာ လူစုံနေသည်။ မျက်ရည်တွေနှင့် လင်းလင်းကိုတွေ့တော့ ပြောလက်စစကားများ ရပ်တန့်သွားသည်။

"လင်းလင်း ဘာဖြစ်လာလို့လဲ၊ မျက်ရည်တွေနဲ့ပါလား"

နွယ်ဦးက ထိတ်ထိတ်ပြာပြာနှင့် ဆီးမေးသည်။

"ပြောပါဦး လင်းလင်း၊ ဘာဖြစ်တာလဲဟင်၊





မိုးထွင့် နဲ့ ရန်ဖြစ်လာပြန်ပြီလား"

အစ်မကြီး အေးအေးခိုင် အတင်းမေးသည်။

"မငိုပါနဲ့ လင်းလင်းရယ်၊ တို့ကို ပြောပြပါဦး၊ တို့ ဘာတွေကူညီရမလဲဟင်"

တင်တင်ချိုနှင့် တင်သီတာလှိုင်တို့ကလည်း ဝိုင်းမေးကြသည်။ သူငယ်ချင်းတွေ ဝိုင်းမေးတော့ ပိုပြီးဝမ်းနည်းလာသည့်အတွက် မျက်ရည်တွေက ပိုပြီးစီးကျလာသည်။

"အခုပဲ လင်းလင်းအကြောင်း ဝိုင်းပြောနေကြတာ တို့ပါမောက္ခဆရာကြီးက လင်းလင်းကို သိပ်သဘောကျနေတဲ့အကြောင်းပေါ့၊ လင်းလင်းကို သူ့သား မိုးထွင့်နဲ့ သဘောတူမှာ သေချာတယ်လို့"

အစ်မကြီး အေးအေးခိုင် ရှင်းပြနေသည်။

"ဆရာကြီးက လင်းလင်းကိုမြင်ရင် အလိုလိုပြုံးနေတာ၊ လင်းလင်း သရုပ်ဆောင်တာကိုလည်း ချီးမွမ်းလို့မဆုံးဘူး"

တင်တင်ချို ဆက်ပြောသည်။

"လင်းလင်းနဲ့ လေ့ကားမှာဆုံကတည်းက ဆရာကြီးက လင်းလင်းကို သဘောကျသွားတာ၊ သူ့သားနဲ့တော့ သဘောတူမှာသေချာတယ်လို့ ဝိုင်းပြောနေကြတာ"

နွယ်ဦးက ရှင်းပြနေပြန်သည်။

"သူ့သားရဲ့ချစ်သူမှန်းသိလို့ မင်းသမီးအဖြစ် ရွေးတာဖြစ်မှာပေါ့"

အစ်မကြီး အေးအေးခိုင် ဝင်ထောက်ပြန်သည်။

"မိုးထွဋ်က လှိုု့လှိုု့ဝှက်ဝှက်နေတတ်သားပဲ၊ တို့တောင် သူ ဆရာကြီးရဲ့သားဖြစ်မှန်းသိတာ မကြာသေးဘူး"

တစ်ချိန်လုံး ငြိမ်နေရာမှ စမ်းစမ်းနိုင် ပြောလိုက်သည်။

"လင်းလင်းတော့ သိမှာပေါ့၊ လင်းလင်းက သူငယ်ချင်းတွေကိုတောင် အသိမပေးဘူး"

တစ်ယောက်တစ်ပေါက် ဝိုင်းပြောနေကြသည့်

---

ပိုမိုး - တယ



အတွက် လင်းလင်း ပို၍ဝမ်းနည်းလာရသည်။ လောလောဆယ် အခြေအနေမှာ ဘာတစ်ခုမျှ ရှင်းပြလိုစိတ်မရှိ။

သူငယ်ချင်းတွေ၊ တခြားလူတွေသိသည့်အချိန်အထိ လင်းလင်း အနေနှင့် သိခွင့်မရသည့်အဖြစ်က သိမ်ငယ်လိုက်သည်ဖြစ်ခြင်း။

သူတို့အားလုံးရှေ့မှာ အဖြစ်မှန်ကိုသာ ဖွင့်ပြောလိုက်လျှင် အမျိုးမျိုးဝေဖန်ကြတော့မည်။ ပုသိမ်တက္ကသိုလ်တစ်ခုလုံး ပျံ့နှံ့ကာ လင်းလင်းအနေနှင့် သည်နယ်မြေမှာ ဆက်၍ ရပ်တည်နိုင်စွမ်းရှိတော့မည်မဟုတ်။

"လင်းလင်း စိတ်ကောက်လာပြန်ပြီထင်တယ်၊ တက္ကသိုလ်အိပ်မက်ထဲက သင်းသင်းမိုးလိုပဲ ဖြစ်မှာပေါ့"

ထင်ကြေးတွေ အမျိုးမျိုးပေးကြ၊ ချော့ကြနှင့် သောသောညံနေသည်။ လင်းလင်းကတော့ သည်ဝန်းကျင်က ထွက်ပြေးချင်နေသည်။ ဘာတစ်ခုမျှ ရှင်းလင်းတင်ပြလိုစိတ်လည်း မရှိတော့။

---

ပိုမိုး - တယ

သက်မဲ့အရုပ်တစ်ရုပ်လို ငြိမ်သက်နေသော လင်းလင်းကိုကြည့်ပြီး သူတို့အားလုံး ပြန်သွားကြသည်။

ထိုညက တစ်ယောက်ပြီးတစ်ယောက် လာခေါ်ပေမယ့် ဇာတ်တိုက်သည့်နေရာသို့ လင်းလင်း မရောက်ဖြစ်။

နောက်တစ်နေ့မှာတော့ ဘွားဘွားအိမ်သို့ လင်းလင်း ပြန်လာခဲ့သည်။

တက္ကသိုလ်အိပ်မက် ....တက္ကသိုလ်အိပ်မက် ... လင်းလင်းကို ခြောက်လှန့်လာပြန်ပါပြီကော ...

xxxxx





"ဆရာကြီး ဦးလင်းထွဋ်က ခေါ်ခိုင်းတာ၊ အကြိမ်ကြိမ်ခေါ်ခိုင်းတာဆိုတော့ အားနာဖို့ကောင်းနေပြီ၊ လင်းလင်းလိုက်ခဲ့မှဖြစ်မယ်"

လင်းလင်း မလာသည့်အဆုံးမှာ ဆရာကြီးက နွယ်ဦးကို လွှတ်ခေါ်စေသည်။

"မောင်နဲ့ငါ ဇာတ်လမ်းပြီးဆုံးသွားပြီ၊ ဆရာကြီးရဲ့ဇာတ်လမ်းကို ဆက်ကဖို့ အင်အားမရှိတော့ဘူး"

"မဖြစ်ဘူးနွယ်ဦး ...မဖြစ်ဘူး၊ ဆရာကြီးကို သိပ်အားနာဖို့ကောင်းတယ်၊ အရေးထဲမှာ ကိုကြီးအောင်ကျော်မိုး

က အသည်းရောင်နေလို့ မကနိုင်တော့ဘူး၊ လူစားထိုးရမယ် တဲ့၊ လင်းလင်းပါမလာရင် ပြဇာတ်ကပျက်တော့မှာ”

ကိုယ့်ဌာန၏ တင်ဆက်မှုအစီအစဉ် ပျက်စီးရမည့် အနေအထားဆိုတော့လည်း လင်းလင်း စိတ်မကောင်းဖြစ်ရသည်အမှန်။ သို့ပေမယ့် မောင်နှင့်ပတ်သက်သမျှ အရာတိုင်းကို ကင်းကင်းရှင်းရှင်းနေချင်သည်။

“ဆရာကြီးကိုယ်တိုင် အဆောင်ကိုလာခေါ်တာ၊ နှယ်ဦးခေါ်လာခဲ့ပါမယ်လို့ အာမခံထားခဲ့တာ၊ ကျောင်းသူတစ်ယောက်အနေနဲ့ ကိုယ့်ပါမောက္ခကို ဒီလောက်အထိ ငြင်းဆန်လို့တော့မကောင်းဘူးထင်တယ်”

“ဘယ်လိုအနေအထားမျိုးနဲ့ လင်းလင်း ရင်ဆိုင်ရမှာလဲ”

“ဆရာကြီးက လင်းလင်းတို့နှစ်ယောက်အကြောင်းကို သိတာမှမဟုတ်တာ၊ လင်းလင်းလည်း ဟန်မပျက်ဆက်ကရုံပေါ့”





မတတ်သာလွန်းသည့်အတွက် လင်းလင်း လိုက်လာခဲ့ရသည်။ ဆရာကြီးအခန်းရှေ့မှာ မောင့်ကိုတွေ့လိုက်ရတော့ လင်းလင်း ခြေလှမ်းတုံ့သွားသည်။

“နောက်ဆုံးတော့ လင်းလင်း ရောက်လာပြီပဲ၊ ဖေဖေတော့ သိပ်ဝမ်းသာမှာပဲ”

လင်းလင်းအဖို့ ရှေ့တိုးရမည်လား၊ နောက်ဆုတ်ရမည်လား ဝေခွဲမရနိုင်။

ဆရာကြီးအခန်းထဲမှ ဒေါ်ဇင်မာထွန်းနှင့် ဆရာဦးစိုးဘောက်မင်နှင့် ဦးထွန်းလင်းကျော်တို့အသံကို ကြားနေရသည်။

ထိုအခိုက် အခန်းထဲမှ ဆရာကြီးထွက်လာသည်။ လင်းလင်းကို မြင်လိုက်သည်နှင့် မျက်လုံးတွေဝင်းလက်သွားသည်။

“လင်းလင်း ရောက်လာပြီပဲ၊ နေမကောင်းဘူးလားသမီး၊ ဒီနေ့တော့ မင်းသားအသစ်နဲ့ အစကနေ ပြန်တိုက်ရမှာ၊

နေ့ရောညပါတိုက်မှ မီမှာ''

ဆရာကြီးရှေ့မှာ တစ်ခွန်းမှပြန်မပြောဘဲ ခေါင်းငုံ့ပြီး ငြိမ်နေလိုက်ရသည်။

''ကဲ ...လာ ဇာတ်တိုက်တဲ့နေရာသွားမယ်၊ လင်းလင်းနဲ့တွဲရမယ့် မင်းသားသစ်က တခြားလူမဟုတ်ဘူး ဆရာကြီးရဲ့သား မိုးထွဋ်ပဲ၊ မြန်မာစာမှာ အစားထိုးမယ့်လူမရှိတော့ သချာကလူပဲ သုံးရတော့မှာပေါ့၊ မိုးထွဋ်ကတော့ သမ္ဘာရင့်၊ ဝါရင့် သချာမင်းသားဆိုတော့ ဇာတ်တိုက်ရလွယ်မှာပါ၊ ဆရာကြီး ဦးသောင်းရှိန်ကိုလည်း ခွင့်တောင်းပြီးပါပြီ''

မောင်က လင်းလင်းကို မျက်လုံးတစ်ဖက် မှိတ်ပြလိုက်သည်။ လင်းလင်းရင်ထဲမှာတော့ သောကတွေဆူဝေနေသည်။

''အခုမှအတွဲမှန်သွားတယ်''

သူငယ်ချင်းတွေက ဝိုင်းပြောကြသည်။ ဒေါ်ဇင်မာထွန်းက အံ့ဩလွန်းသော မျက်ဝန်းများဖြင့် လင်းလင်းတို့စုံတွဲ





ကို ကြည့်နေသည်။

''မိုးထွဋ်က ရှင်နဲ့သိပ်တူတာပဲ၊ လင်းလင်းကလည်း သင်းသင်းမိုးနဲ့တူတယ်၊ တကယ်ပါပဲ သူတို့အတွဲကိုမြင်ရတာ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်က နင်တို့အတွဲကို မြင်ရသလိုပဲ''

ဒေါ်ဇင်မာထွန်း၏ ပြောစကားတွေကြောင့် လင်းလင်းအဖို့ တွေးစရာတွေများလာရပြီး ရင်တွေခုန်နေသည်။

''လင်းလင်းနဲ့ တွဲချင်နေတာနဲ့ အတော်ပဲ''

သူ့အဖေကြားအောင် မောင် ပြောလိုက်သည်။ ဆရာကြီးက လင်းလင်းကို တစ်ချက်ပြုံးကြည့်လိုက်သည့်အတွက် ခေါင်းငုံ့ထားလိုက်ရသည်။

မောင့်ကိုတွေ့ရတိုင်း မာနတရားနှင့်အတူ လင်းလင်းရင်တွေ ပူလောင်နေသည်။ သည်ပြဇာတ်ကို ချစ်သူနှစ်ဦးနေရာမှာ သူနှင့်တွဲ၍ ဇာတ်တိုက်ရ၊ ကပြရဦးမည်တဲ့လေ။

ဆရာကြီးအမိန့်ကို ဖွတ်ငြင်း၍လည်း မသင့်၊ သူ့သားနှင့် ချစ်သူများအဖြစ် သဏ္ဍာန်လုပ်၊ သရုပ်ဆောင်ရမှာကလည်းမဖြစ်။ ဖြစ်နိုင်လျှင် ပုသိမ်တက္ကသိုလ်မှ အပြီးအပိုင် ထွက်ပြေးလိုက်ချင်သည်။ ယခုဆိုလျှင် မိုးထွဋ်ဆရာကြီးသား ဖြစ်သည့်အကြောင်း လင်းလင်း၏ချစ်သူ ဖြစ်သည့်အကြောင်း လမ်းခွဲလိုက်ကြပြီဖြစ်သည့် အကြောင်းတွေကလည်း လင်းလင်း တို့မေဂျာအတွင်းမှာရော၊ ပုသိမ်တက္ကသိုလ်မှာပါ လူပြောသူပြောများနေကြပြီ …

"ကဲ …စတော့ဟော့"

ဆရာကြီး အချက်ပြလိုက်သည်နှင့် နောက်ခံတေးသွားနှင့်အတူ ကိုတင့်နိုင်၏ လွမ်းမောဆွေးမြည့်ဖွယ် သီချင်းသံ ထွက်ပေါ်လာသည်။

မောင်က လင်းလာင်းအနားမှာ အသင့်ရှိနေပြီ။ သီချင်းသံနည်းနည်းတိုးသွားသည်နှင့် စကားပြောစရတော့သည်။

"ကြည့်စမ်းပါဦး မောင်ရယ် မိုးတို့ ပုသိမ်

ပိုမိုး - စာယ



တက္ကသိုလ်ကြီးဟာ သာယာလှပနေလိုက်တာနော်"

အသံမတုန်အောင် အထူးသတိထားသည့်ကြားမှပင် လင်းလင်း အသံတွေတုန်နေသည်။

"လင်းလင်း အသံတွေတုန်နေတယ်၊ အရင်တုန်းက ဒီလိုမဟုတ်ပါဘူး …နေမကောင်းဘူးလား သမီး"

အော်ဂင်တီးနေရာမှ ဆရာကြီး လှမ်းပြောသည်။

"လင်းလင်း …လင်းလင်း နည်းနည်းနေမကောင်းလို့ပါဆရာကြီး"

"ခဏနားလိုက်ပါဦးလား၊ မိုးအေးနဲ့ဇင်မာတို့အခန်းကို ဇာတ်တိုက်ထားလိုက်မယ်လေ"

"ရပါတယ် ဆရာကြီး၊ သမီးကြိုးစားပါ့မယ်"

အသံကိုထိန်းပြီး ပြောရသည့်အတွက် ရင့်ထဲမှာမောလိုက်သည်ဖြစ်ခြင်း။

"မောင့်အဖို့တော့ မိုးသာ မောင့်အနားမှာရှိနေရင် ပောဒီကမ္ဘာကြီးတစ်ခုလုံးဟာ သာယာလှပနေတာပဲ"

ပိုမိုး - စာယ

မောင့်အသံက ကိုကြီးအောင်ကျော်မိုး အသံထက်ပို ပြီး နူးညံ့နေသည်။ ဟုတ်မှာပေါ့၊ သူကလည်း သမ္မာရင့် ဝါရင့်ပေပဲ။ သည်နေ့မှစတိုက်ပေမယ့် အမူအရာတွေ အသက် ဝင်နေသည်။ စကားပြောတာလည်း အထစ်အငေါ့မရှိ။

အို …ဘာပဲဖြစ်ဖြစ် သူဟာ ငါ့ရဲ့ချစ်သူမဟုတ်ဘူး၊ သူဟာ မုန်းစရာကောင်းတယ် …

ဆရာကြီးဟာ သူ့အဖေဖြစ်တဲ့အကြောင်း ချစ်သူ တစ်ယောက်ကို လျှို့ဝှက်ထားတယ်ဆိုကတည်းက လင်းလင်း အပေါ် အတည်ကြံတာမဟုတ်မှန်း သေချာသည်။

သူ့ရဲ့ချစ်သူတွေထဲက ချစ်သူတစ်ယောက်အနေနဲ့ပဲ ပေါ့ပေါ့တန်တန်သဘောထားခဲ့တာ ဖြစ်မှာပေါ့။

"ဒါပဲနော် …ခြောက်နာရီခွဲအရောက် အဆောင်ကို လာရမယ်၊ မိုးအေးတို့ နိုင်လင်းတို့နဲ့ မပေါင်းနဲ့၊ သစ္စာတည် မှာလည်း မထိုင်ရဘူး"

"အမိန့်တော်မြတ်အတိုင်းပါ၊ စည်းကမ်းချက်တွေ





များလွန်းလို့ ကျွန်တော်မျိုးကြီး သေသင့်ပါတယ်"

နောက်ဆက်တွဲစကားကို မောင်က သူ့စိတ်ကူးနှင့်သူ ဖြည့်စွက်ပြောလိုက်သည်။ ဇာတ်တိုက်သည်ကို လာကြည့်သူ တွေအားလုံး သဘောကျသွားသည်။

"မိုးထွဋ်နဲ့တိုက်တော့ လင်းလင်းက ပိုအသက်ဝင် တယ်ဟေ့"

ဆရာလေး ဦးထွန်းလင်းကျော်ကတော် ဒေါ်ယဉ်မီမီ သာက အားပေးသည်။

"ဟုတ်တယ်၊ သူတို့နှစ်ယောက်က ဇာတ်ရုပ်ပိုလိုက် တာကိုး၊ အဲဒီတော့ အသက်ဝင်တယ်လို့ ထင်လာရတာပေါ့"

ဆရာကြီး၏ ထောက်ခံသံကို ကြားရပြန်သည်။

"ဟုတ်မှာပေါ့ …သားဖြစ်တဲ့ မိုးထွဋ်က အရင် တုန်းက တို့များပြဇာတ်ကတုန်းက လင်းထွဋ်နဲ့တူတယ်၊ မင်းသမီး လင်းလင်းမိုးက ဟိုတုန်းက မင်းသမီး သင်းသင်း မိုးနဲ့တူတယ်၊ အဲဒီတော့ ပိုပြီးဇာတ်ရုပ်ပီပြင်လာတာပေါ့"

တွဲဖက်ပါမောက္ခ ဆရာမကြီး ဒေါ်ဇင်မာထွန်း ဝင်ပြောသည်။

"နင့်စိတ်ထဲမှာ တကယ်ထင်သလား"

ဆရာကြီးက လှမ်းမေးလိုက်သည်။

"ထင်တာပေ့ါ ....ငါကိုယ်တိုင် ဇင်မာအဖြစ်နဲ့ မိုးအေးနဲ့တွဲပြီး သရုပ်ဆောင်ခဲ့တာပဲဟာ၊ နင်တို့နှစ်ယောက်နဲ့ အခုနှစ်ယောက် တူမတူဆိုတာ ငါသိတာပေါ့"

ဒေါ်ဇင်မာထွန်း ရှင်းပြတော့ အားလုံး၏အာရုံသည် ဒေါ်ဇင်မာထွန်းထံသို့ စုရုံးရောက်ရှိသွားသည်။

"အို ...ဆရာမကြီးလည်း တက္ကသိုလ်အိပ်မက် ပြဇာတ်ကို ကခဲ့တာပေါ့နော်"

"ဆရာမကြီးတင်ဘယ်ကမလဲ မင်းတို့ရဲ့ ပါမောက္ခ ဆရာကြီး ဦးလင်းထွဋ်လည်း သရုပ်ဆောင်ခဲ့တာပေါ့။ ဟိုတုန်းက မြန်မာစာ စတုတ္ထနှစ်ကျောင်းသားတွေက အနုပညာစင်တင်ပွဲမှာ တင်ဆက်ခဲ့တာပေါ့။ ဦးလင်းထွဋ်က ဒါရိုက်တာနဲ့





ဇာတ်ညွှန်းရေးဆရာပေ့ါလေ။ ဒီပြဇာတ်ထဲမှာပါတဲ့ သင်းသင်းမိုးတို့၊ မိုးအေး၊ ညွှန့်ဝင်း၊ နိုင်လင်း၊ ဝေမာ တို့လည်း အတူတူ တက်ခဲ့ကြတဲ့ သူငယ်ချင်းတွေပဲ၊ ဒီပြဇာတ်တိုက်တိုင်း ဆရာမ လာကြည့်ချင်နေတယ်၊ ကြည့်ရရင် မနေနိုင်ဘူး၊ ကြည့်ပြီးရင်လည်း အတိတ်ကိုအရမ်းလွမ်းတယ်"

ဆရာမကြီး ဒေါ်ဇင်မာထွန်းက ရှည်ရှည်ဝေးဝေး ရှင်းပြလိုက်တော့မှ အားလုံးနားလည်သဘောပေါက်သွားကြသည်။

"လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်ကျော်က တကယ့်ဖြစ်ရပ်တွေပေါ့နော်"

"ဟုတ်တယ်၊ ကျောင်းအားကစားပွဲတွေ၊ အနုပညာပွဲတွေမှာ ပါဝင်လှုပ်ရှားရင်း ဖြစ်ကြ၊ ပျက်ကြတဲ့ ဖြစ်ရပ်ကလေးတွေ၊ တက္ကသိုလ်မှာ ဆုံကြတွေ့ကြတဲ့ ချစ်သူတို့ရဲ့ သဘာဝလေးတွေကို မူတည်ပြီး တို့ရဲ့ဆရာမကြီးက ကိုလင်းထွဋ်ကို ဇာတ်လမ်းဆင်ပြီး ကပြနိုင်းတာ၊ တကယ်ရှိခဲ့တဲ့

လူတွေရဲ့ တကယ့်ဖြစ်ရပ်တွေ၊ တကယ့်စရိုက်တွေပါပဲ"

ဆရာမကြီး ဒေါ်ဇင်မာထွန်း ရှင်းပြနေစဉ်မှာ ဆရာကြီးက ငြိမ်သက်စွာနားထောင်သည်။ သူ့စိတ်တွေ အတိတ်တစ်နေရာဆီသို့ ပျံ့လွင့်နေဟန်ပါပဲ။

"ပြဇာတ်ထဲမှာပါတဲ့ စုံတွဲတွေ တကယ့်ဘဝမှာ ဆုံစည်းကြသလားဟင်"

ဆရာမလေး ဒေါ်စန်းစန်းဦး ဝင်မေးသည်။

"အင်း ...တက္ကသိုလ်ဆိုတာလည်း သိတဲ့အတိုင်းပဲလေ၊ မင်းတို့ဆရာကြီး ရေးစပ်ခဲ့တဲ့ ချစ်သူမြို့တော်သီချင်းထဲကလိုပဲပေါ့၊ ကုံကော်တောတို့၊ မြကျွန်းသာတို့လို့ တင်စားခေါ်ဝေါ်ကြတဲ့ တက္ကသိုလ်မြေဆိုတာ အချစ်တို့ရဲ့ဆုံစည်းရာ၊ သစ္စာတရားတို့ရဲ့ ဖြစ်တည်မွေးဖွားရာ ချစ်သူတွေရဲ့မြို့တော်ပါပဲ။ ဒါပေမယ့်လည်း ဆုံစည်းမှုရဲ့အဆုံးမှာတော့ အဆုံးမဲ့ဝေးချင်ဝေးသွားတတ်တာ၊ ဒါပေမယ့် ခေတ်တွေ၊ အချိန်ကာလတွေ ဘယ်လိုပဲပြောင်းပြောင်း ချစ်သူမြို့တော်မှာ ချစ်သူတို့ရဲ့ ခြေရာတွေကတော့ ထင်နေမြဲပါပဲ"





ဆရာမကြီး ဒေါ်ဇင်မာထွန်းက ဆွေးဆွေးမြည့်မြည့် ပြောသလို တက္ကသိုလ်လောကသားတို့ရင်မှာလည်း အဆွေးတို့ ကူးခတ်သွားသည်။ အားလုံးငြိမ်သက်စွာ နားထောင်နေကြသည်။

"တို့ပြောတဲ့အတိုင်းပဲ မဟုတ်လား"

ဒေါ်ဇင်မာထွန်းက ငေးငေးငိုင်ငိုင် ငြိမ်ငြိမ်သက်သက် ဖြစ်နေသည့် ဆရာကြီးကို လှမ်းမေးလိုက်သည်။

"ဟုတ်ပါတယ် ...ဇင်မာပြောတဲ့ အတိုင်းပါပဲ၊ တက္ကသိုလ်ဆိုတာ ရှိနေသ၍ တက္ကသိုလ်မြေရဲ့ အချစ်ဇာတ်လမ်းလေးတွေကလည်း ဒီအတိုင်းပဲ လွမ်းစရာအဖြစ်နဲ့ ကျန်ရစ်နေမှာပဲ၊ ဘယ်လောက်ပဲချစ်ကြပေမယ့် ကံကြမ္မာကလည်း ဆုံစည်းခွင့်ပေးဦးမှကိုး"

ဖြည်းဖြည်းအေးအေးလေသံနှင့် ဆရာကြီး ရှင်းပြသည်။

"ပြဇာတ်ထဲမှာပါတဲ့ အတွဲသုံးတွဲမှာ ဝေမာနဲ့ နိုင်လင်းတို့အတွဲပဲ အဆင်ပြေသွားတယ်နော်၊ ဇာတ်လမ်းအစ မှာတုန်းက ဝေမာတို့ဘက်က ချမ်းသာတယ်၊ နိုင်လင်းက ဆင်းရဲတယ်၊ ဝေမာတို့မိဘတွေက သဘောမတူဘူး၊ နောက်ဆုံးကျမှ ဝေမာက နိုင်လင်းဘက်ပါသွားတယ်မဟုတ်လား"

ဒေါ်စန္ဒာဦးက သူသိချင်နေသည့်အချက် ပေါ်လာအောင် ဆရာမကြီး ဒေါ်ဇင်မာထွန်းကို မသိမသာစူးစမ်းနေသည်။

"ဟုတ်တယ်၊ သူတို့အတွဲပဲ ဆုံစည်းခွင့်ရတယ်၊ ဝေမာက အချစ်နဲ့ပတ်သက်ရင် စွန့်စားရဲတာကိုး၊ သူက ခပ်ရဲရဲ ခပ်ပြတ်ပြတ်"

ဒေါ်ဇင်မာထွန်း ပြန်ဖြေသည်။ ဇာတ်တိုက်ရန် စုဝေးနေသူအားလုံး၏အာရုံသည် တက္ကသိုလ်အိပ်မက်ပြဇာတ်၏ အစပျိုးဖြစ်တည်မှုအပေါ်၌ ရောက်ကုန်ကြသည်။

"မစွန့်ရဲတဲ့လူတွေအကြောင်းလည်း ပြောဦးမှပေါ့"





ပါမောက္ခဌာနမှူး ဆရာကြီးက ဝင်ထောက်လိုက်သည်။

"မစွန့်ရဲတဲ့လူတွေက တက္ကသိုလ်မှာ အပျိုကြီးဘဝနဲ့ တက္ကသိုလ်အိပ်မက်တွေ ဆက်မက်နေရတာပေါ့၊ ဒါကို ကြားချင်လို့မဟုတ်လား ဆရာလင်း"

အတန်းဖော်သူငယ်ချင်းတွေပီပီ ဆရာကြီးနှင့် ဆရာမကြီးက ရင်းရင်းနှီးနှီး၊ ပွင့်ပွင့်လင်းလင်း ရှိကြသည်။ ဆရာကြီးက သူ့ဇာတ်ကြောင်းပေါ်လာအောင် လမ်းခင်းနေပေးပြီး စလိုက်နောက်လိုက်မှန်း သိသည့်အတွက် ရယ်ရယ်မောမော နှင့် ဒေါ်ဇင်မာထွန်း ပြန်ပြောသည်။

"မိုးအေးဆိုတာ တကယ်ရှိတယ်၊ ပြဇာတ်ထဲကလိုပဲ အမြဲတမ်းစိတ်လှုပ်ရှားနေတတ်တာ၊ လူက လူချော၊ အားကစားသမား၊ ဆရာကြီးရယ်၊ မိုးအေးရယ်၊ ညွန့်ဝင်းရယ်ဆိုတာ ဟိုတုံးက အားကစားသမားတွေ၊ ဌာနအတွက်ဆို သေသေ ကြေကြေဆိုတဲ့ လူမျိုးတွေဆိုတော့ တို့ဆရာမကြီးရဲ

အချစ် တော်တွေဆိုပါတော့။ အားကစားပွဲတွေမှာ မိုးအေးက သိပ်စိတ်လှုပ်ရှားတတ်တာ၊ အားကစားပွဲရှုံးရင် တို့ဆရာမကြီးကို အားနာ ဌာနအတွက်လည်း စိတ်ထိခိုက်နဲ့ တို့တစ်တွေ ငိုလိုက်ရတာ မပြောနဲ့"

အတိတ်ဇာတ်ကြောင်းတွေကို ပြန်ပြောနေခိုက်မှာ ဆရာကြီး မျက်ဝန်းအစုံမှာ အရောင်တွေတောက်နေသည်။ ဒေါ်ဇင်မာထွန်းမျက်နှာ ပြုံးနေသည်။

"ကြက်တောင်မှာ ကပ်ပြီးရှုံးတုန်းက ပါမောက္ခချုပ်က ဆုပေးတယ်၊ ဆုတံဆိပ်တွေ လက်ခံဖို့ တန်းစီနေရင်း ညွှန့်ဝင်း မျက်ရည်တွေစီးကျလာတာ မြင်ယောင်နေတုန်းပဲ"

ဒေါ်ဇင်မာထွန်းက အမှတ်တရဖြစ်ရပ်ကလေးကို ဝင် ပြောသည်။

"ဆရာကြီးတို့ခေတ်တုန်းက ကိုယ့်ဌာန၊ ကိုယ့်ဘာသာရပ်နဲ့ ကိုယ့်ဆရာ၊ ဆရာမတွေ၊ ကျောင်းသူကျောင်းသားတွေအပေါ်မှာ သိပ်စေတနာထားခဲ့ကြတာ၊ ဆရာ၊ ဆရာမ

မိုမို - တဿ



ကျောင်းသားကျောင်းသူတွေအားလုံး စည်းစည်းလုံးလုံးရှိတယ်၊ ပါမောက္ခဆရာမကြီးက ဒါဆိုရင်ဒါပဲ၊ မဖြစ်မနေလုပ်ကြတာ၊ ဆရာမကြီးဦးဆောင်တဲ့အတိုင်း ဌာနကိစ္စနဲ့အချိန်ကုန်နေတော့ ရည်းစားတွေက စိတ်ဆိုးကြ၊ စိတ်ကောက်ကြနဲ့ ပြဿနာတွေ တက်ကုန်ရော"

ကျောင်းသား၊ ကျောင်းသူနှင့် ဆရာမတွေအားလုံး ငြိမ်ပြီးနားထောင်နေကြသည်။

"စိတ်ကောက်တတ်တဲ့ ရည်းစားကို စိတ်ပျက်လို့ တို့ဆီ ခဏခဏလာညည်းသေးတယ်"

ဆရာကြီးဘက်သို့ မျက်စောင်းပစ်ပြပြီး နားထောင်နေသူတွေကို ဒေါ်ဇင်မာထွန်း လှည့်ပြောသည်။

"အခုတော့လည်း ဒီရည်းစားကိုပဲ လွမ်းနေရသေးတယ်၊ ရှင်တို့ယောကျ်ားတွေကအမျိုးမျိုး"

ဒေါ်ဇင်မာထွန်း၏ ပွင့်လင်းသောစကားများအဆုံးမှာ အားလုံးဝိုင်းရယ်ကြသည်။

မိုမို - တဿ

"ဌာနကိစ္စတွေကို အသက်ပေးလုပ်ရင်း ရည်းစားတွေနဲ့ ခဏခဏပြဿနာတက်၊ တခြားမိန်းကလေးတွေနဲ့ တွဲတော့ ရည်းစားတွေက စိတ်မချလို့လိုက်လာ၊ လိုက်လာတဲ့ ရည်းစားကို စိတ်မရှည်လို့ မချော့ဘူး၊ လိုက်လည်းမပို့လို့ ရည်းစားက ပြန်သွားရတယ်၊ ညဆယ့်တစ်နာရီလောက်ရှိနေပြီ သူကတော့ ပွဲကတဲ့ဇာတ်စင်ဆီ ပြန်လာတယ်"

ဒေါ်ဇင်မာထွန်းက စကားကိုရပ်လိုက်ပြီး ဆရာကြီးဘက်လှည့်ကာ …

"ကိုယ့်အကြောင်းပြောတော့ ငြိမ်ပြီး မသိချင်ယောင်ဆောင်နေတယ်နော်၊ ညဆယ့်တစ်နာရီလောက်မှာ မိုး စိတ်ကောက်ပြီးပြန်သွားတာလေ"

ဆရာကြီးဘက်ကိုလှည့်ပြီး ပြောလိုက်သေးသည်။

ဆရာကြီးက ယဲ့ယဲ့ပြုံးပြီး …

"ဟုတ်ပါတယ်၊ ပြောပါ"ဟု ပြန်ပြောသည်။

"မိုးထွဋ်ရေ …မင်းအဖေအကြောင်း အမေ့ပြန်တိုင်

မိုးမိုး - တယ



လိုက်"

မောင့်ဘက်သို့ လှည့်ပြောပြီး ဒေါ်ဇင်မာထွန်း ရယ်နေသည်။

"အဖေ့အကြောင်းတော့ အမေကသိပြီးသားပါ၊ ဒါပေမယ့် ဒီဇာတ်လမ်းတွေတော့ အခုမှကြားဖူးတယ်"

ရယ်ရယ်မောမောနှင့် မောင် ပြန်ပြောသည်။

"သူ့အကြောင်းကို ဆရာမကြီးက သိသွားတော့ သူတို့တွေအားလုံးရဲ့ စရိုက်တွေ၊ ဖြစ်ရပ်တွေ စုပေါင်းထားတဲ့ ဇာတ်လမ်းရေးဖို့ပြောတယ်၊ ဒါနဲ့ ကိုလင်းထွဋ်က ရေးသားတင်ဆက်တဲ့ပြဇာတ်မှာ ဒီလူတွေပဲ ဇာတ်လိုက်အဖြစ် ပါဝင်သရုပ်ဆောင်ခဲ့ကြတယ်လေ"

ဒေါ်ဇင်မာထွန်းက ပြဇာတ်၏ စတင်ဖြစ်ပေါ်လာရခြင်းအကြောင်းကို နိဂုံးချုပ်ပြောလိုက်သည်။

"ဒီပြဇာတ်ကို အနှစ်နှစ်ဆယ်လုံးလုံး သယ်ဆောင်လာတဲ့ စွမ်းအားကိုတော့ အံ့ဩတယ်"

မိုးမိုး - တယ

ဒေါ်ဇင်မာထွန်း၏ နောက်ဆက်တွဲစကားက ဆရာကြီးကို ရည်ညွှန်းလိုက်မှန်း လင်းလင်း သိလိုက်သည်။

"ချစ်ခြင်းနဲ့ သယ်ဆောင်လာခဲ့တာလေ"

ဆရာကြီးက ပေါ့ပေါ့ပါးပါးပြောပြီး ရယ်နေသည်။

တက္ကသိုလ်အိပ်မက် ဇာတ်လမ်းတွေကို နားထောင်ပြီး လင်းလင်း ရင်ထဲမှာ မွန်းကျပ်နေသည်။ အတွေးထဲမှာတော့ ပုစ္ဆာများစွာနှင့် ရှုပ်ထွေးနေသည်။

အတိတ်က တက္ကသိုလ်အိပ်မက်များနှင့် လင်းလင်းသည် ပါဝင်ပတ်သက်နေရသလို လင်းလင်း မေမေကတော့ ပါဝင်ပတ်သက်ခဲ့ပါသလား။ လင်းလင်း သိချင်တာတွေ ထက်သန်နေသည်။ တပ်အပ်သေချာစွာလည်း ပြော၍မရသေး။ ဒီဠလောကကို ထင်ဟပ်သည်ဆိုပေမယ့် အနုပညာဖရိယာယ်တွေက ရှိသေးသည်။

သင်းသင်းမိုးဆိုသည့် နာမည်ချင်းတူသည့် မေမေ့ဒိုင်ယာရီမှတ်တမ်းအရဆိုလျှင် ဖြစ်ရပ်ချင်းလည်း တူသ

ပိုးမိုး - တာယ



ယောင် ရှိသည်။ သို့ပေမယ့် ပုံသေပြော၍မရသေး။

မေမေ့မှတ်တမ်းမှာက ဇာတ်သိမ်းဖြစ်ရပ်မှန်ကို ရေးထားခြင်းမရှိ။ ချစ်သူနှင့်ကွဲကွာရပြီး မချစ်သူနှင့် လက်ထပ်ရခြင်းနှင့် ပတ်သက်၍ ပြင်းပြသည့် နာကျင်ခံစားမှုများကိုသာ ဖွင့်ဟရေးသားထားခြင်းသာဖြစ်သည်။ မေမေ့လိုဖြစ်ရပ်တွေက တက္ကသိုလ်မှာ အများအပြားရှိခဲ့သလို တက္ကသိုလ်အိပ်မက်တွေကလည်း များစွာရှိမည်ပင်။

သို့ပေမယ့် သည်ဇာတ်လမ်းက လင်းလင်းရင်ကို ပြင်းထန်စွာ လှုပ်ရှားစေသည်တော့အမှန်။ တိုက်ဆိုင်မှုတွေအရ ကြည့်လျှင် သင်းသင်းမိုးသည် မေမေဖြစ်နိုင်စရာ အများကြီးရှိသည်။

တကယ်ဖြစ်ခဲ့ပါသည်ဆိုလျှင် လင်းလင်း မည်သို့ခံစားဆုံးဖြတ်ရမည်နည်း။ လင်းလင်းအပိုင်းက မွန်းကျပ်နာကျင်စွာ ဝင်ရောက်ခံစားရုံထက်ပို၍ ပါဝင်ပတ်သက်စရာအကြောင်းမရှိတော့ပါ။ မောင်နှင့်လင်းလင်းက ချစ်သူတွေ

ပိုးမိုး - တာယ

မှ မဟုတ်တော့ဘဲ …

မောင်ကတော့ ဘာမှမဖြစ်သလို အလိုက်သင့် အလျားသင့် ဟန်ဆောင်နေသည်။

"ကဲ …အခုအပိုင်းက ကျောင်းပိတ်ခါနီးအပိုင်း၊ တတိယနှစ်စာမေးပွဲပြီးရင် အားလုံးခွဲခွာရတော့မယ့်အကြောင်း ပြောတဲ့အပိုင်း၊ စမယ်"

ထိုင်ရာမှထရမည်ကိုပင် ဝန်လေးစိုးရွံ့နေမိသော်လည်း မတတ်သာ၍ လင်းလင်း ထလိုက်ရသည်။ မောင်ကတော့ ဘာခံစားချက်မှ မရှိသလို ပေါ့ပါးသွက်လက်နေသည်။

"မိုးတို့နှစ်ယောက် အတူတူနေရမယ့် ရက်တွေမရှိတော့ဘူးနော်၊ စာမေးပွဲကြီးနီးလာပြီ၊ စာမေးပွဲပြီးရင် ခွဲရတော့မှာမောင်ရဲ့"

ညနေခင်းမှာလမ်းလျှောက်လာရင်း မိုး က စ,ပြောသည်။

"မစိုးရိမ်ပါနဲ့မိုးရယ် … မိုးနဲ့မောင်က လက်ထပ်





မယ့်သူတွေပဲ၊ အမြဲတမ်း မခွဲမခွာနေရမှာပါ"

မောင်ပြောသည့်တိုင် "မိုး" မျက်နှာ မရွှင်လန်း၊ အားငယ်ညှိုးနွမ်းနေသည်။ သည်နေရာမှာတော့ ဦးထွန်းလင်းကျော် သင်ထားသည့်အတိုင်း မျက်နှာအမူအရာကို သရုပ်ဆောင်ရသည်။ သူက လင်းလင်းကို ငုံ့ကြည့်ပြီး …

"ဘာလဲ .. မိုးက မောင့်ကို မယုံလို့လား"

"မိုးကတော့ မောင့်ကိုလည်း မယုံဘူး၊ ကံကြမ္မာကိုလည်း မယုံဘူး၊ မောင်နဲ့ကွဲသွားမှာကိုပဲ မိုးကြောက်နေတယ်"

မယုံမရဲ မျက်နှာထားနှင့် ပြန်ပြောရသည်။

"ဒီလိုဆို မောင့်ကို မိုးသိပ်ချစ်တာပေါ့နော်"

အရေးထဲမှာ အခွင့်ကောင်းယူလိုက်သည့်အတွက် ချစ်မျက်စောင်းလေး ထိုးလိုက်ပြီး …

"ဝဋ်ရှိလို့ ချစ်နေရတာပေါ့ မောင်၊ မိုးမှာသာ မောင်နဲ့ပတ်သက်တဲ့ အချစ်ကြွေးမရှိရင် မောင့်လိုလူကို မိုးက ချစ်ပါ့မလား" ဟု ပြန်ပြောလိုက်သည်။

"ချစ်ရင်တော်ပြီကွာ … အချစ်ကြွေးတွေ ဝဋ်ကြွေးတွေဆိုတာ နားမလည်ဘူး၊ မိုးကို မောင်လက်ထပ်မယ်"

"ဘယ်တော့လဲ"

လွယ်လွယ်ပြော၊ ပေါ့ပေါ့နေတတ်သော မောင့်ကို မိုး မယုံနိုင်။

"ဘယ်တော့ လက်ထပ်မှာလဲ"

"ဘယ်တော့ လက်ထပ်ချင်သလဲ"

သည်အချိန်မှာ မိုး ရင်ဆိုင်နေရသည့် အခက်အခဲကို ဖွင့်ပြောလိုက်ချင်ပေမယ့် မောင် စိတ်အနှောင့်အယှက်ဖြစ်မှာ စိုး၍ မြိုသိပ်လိုက်ရသည်။ စာမေးပွဲအတွက် စာဖတ်နေသည့်အချိန်မှာ စိတ်အနှောင့်အယှက် မဖြစ်စေချင်။

"မိုး ထပ်ချပ်ချင်တဲ့အချိန်မှာ မောင်လက်ထပ်နိုင်မလား"

"လက်ထပ်နိုင်တယ်"

"မောင်နော် … လွယ်လွယ်မပြောနဲ့၊ ဒါက ဘဝ





ကိစ္စ ယုံတမ်းဒဏ္ဍာရီ မဟုတ်ဘူး"

"သြော် … တကယ်ပါ"

"မိုးက မနက်ဖြန်လက်ထပ်မယ်ဆိုရင်ကော"

"ဒီနေ့ မိုးအဆောင်ရှေ့မှာ လာစောင့်မယ်"

ရယ်ကျဲကျဲနှင့် ပြောနေသော သူ့ကို လှမ်းထုလိုက်မိသည်။

"မိုးက စာမေးပွဲပြီးပြီးချင်း လက်ထပ်မယ်ဆိုရင်ကော"

"နောက်ဆုံးနေ့ စာမေးပွဲ မဖြေဘဲ လာစောင့်မယ်"

"တည်တည်တံ့တံ့ ပြောစမ်းပါမောင်ရယ်"

"တည်တည်တံ့တံ့ ပြောနေတာပဲ မိုးရဲ့"

"ဒါဆိုရင် စာမေးပွဲနောက်ဆုံးနေ့ကျရင် လက်ထပ်ချုပ်အသင့်ယူလာခဲ့။ စာမေးပွဲခန်းထဲက ထွက်ထွက်ချင်း ဆီ လာရမယ်နော်"

သူ ခေါင်းညိတ်သည်။

"မိုးတို့ လက်ထပ်မယ့်ကိစ္စမှာ မောင့်ဖေဖေက တားရင်ကော"

"မတားပါဘူး မိုးရယ်"

"မောင့်မေမေက တားရင်ကော"

"မတားစေရဘူး .. စိတ်ချ"

"မောင့်ပါမောက္ခက တားရင်ကော"

"ပါမောက္ခက ဘာဖြစ်လို့ တားရမှာလဲ၊ မိုးက ကလေးဆန်လိုက်တာ"

"ဥာနကိစ္စတွေပေါ်လာရင်ကော"

"ဥာနကိစ္စကလည်း မပေါ်နိုင်တော့ပါဘူး။ မောင် စာမေးပွဲဖြေပြီးတာနဲ့ မောင့်ရဲ့အချိန်တိုင်းကို မိုးပဲ ပိုင်စေရမယ်"

"ဥာနက ခေါ်ရင်ကော"

"မခေါ်ပါဘူး မိုးရယ်"

"စာမေးပွဲပြီးပြီးချင်း မိုးဆီလာခဲ့နော်၊ မိုးစောင့်





နေမယ်"

"အမိန့်တော်မြတ် အတိုင်းပါ"

"တည်တည်တံ့တံ့ပြောပါမောင်ရယ်၊ မိုးဘဝအတွက် မောင့်ကို ယုံချင်လိုက်တာ၊ မိုးလေ မောင့်ကို ယုံပါရစေနော်"

သူ ခေါင်းညိတ်လိုက်သည်။

"မိုးရဲ့ သံသယကင်းတဲ့ ယုံကြည်ခြင်းတွေကို မောင်လည်း တောင့်တမိပါတယ်၊ သံသယရဲ့ သားကောင်အဖြစ်နဲ့ နေရတာ မောင်လည်း ပင်ပန်းတာပဲ"

သည်အခန်းကိုတော့ စကားပြောများသည့်အတွက် ကြိမ်ကြိမ်တိုက်ရသည်။

"မောင်နဲ့အတူတူ ထမင်းသွားစားမယ်၊ လာပါ ...င်းလင်း"

ခေတ္တရပ်နားပြီး ထမင်းစားချိန်ပေးသည့် အချိန်မှာ ...င်းလင်းအနားကို မောင်လာပြောသည်။

"မိုးတို့ လက်ထပ်မယ့်ကိစ္စမှာ မောင့်ဖေဖေက တားရင်ကော"

"မတားပါဘူး မိုးရယ်"

"မောင့်မေမေက တားရင်ကော"

"မတားစေရဘူး … စိတ်ချ"

"မောင့်ပါမောက္ခက တားရင်ကော"

"ပါမောက္ခက ဘာဖြစ်လို့ တားရမှာလဲ၊ မိုးက ကလေးဆန်လိုက်တာ"

"ဌာနကိစ္စတွေပေါ်လာရင်ကော"

"ဌာနကိစ္စကလည်း မပေါ်နိုင်တော့ပါဘူး။ မောင် စာမေးပွဲဖြေပြီးတာနဲ့ မောင့်ရဲ့အချိန်တိုင်းကို မိုးပဲ ပိုင်စေရမယ်"

"ဌာနက ခေါ်ရင်ကော"

"မခေါ်ပါဘူး မိုးရယ်"

"စာမေးပွဲပြီးပြီးချင်း မိုးဆီလာခဲ့နော်၊ မိုးစောင့်





နေမယ်"

"အမိန့်တော်မြတ် အတိုင်းပါ"

"တည်တည်တံ့တံ့ပြောပါမောင်ရယ်၊ မိုးဘဝအတွက် မောင့်ကို ယုံချင်လိုက်တာ၊ မိုးလေ မောင့်ကို ယုံပါရစေနော်"

သူ ခေါင်းညိတ်လိုက်သည်။

"မိုးရဲ့ သံသယကင်းတဲ့ ယုံကြည်ခြင်းတွေကို မောင်လည်း တောင့်တမိပါတယ်၊ သံသယရဲ့ သားကောင်အဖြစ်နဲ့ နေရတာ မောင်လည်း ပင်ပန်းတာပဲ"

သည်အခန်းကိုတော့ စကားပြောများသည့်အတွက် အကြိမ်ကြိမ်တိုက်ရသည်။

"မောင်နဲ့အတူတူ ထမင်းသွားစားမယ်၊ လာပါ လင်းလင်း"

ခေတ္တရပ်နားပြီး ထမင်းစားချိန်ပေးသည့် အချိန်မှာ လင်းလင်းအနားကို မောင်လာပြောသည်။

"အားလုံးပြီးခဲ့ပါပြီ ... လင်းလင်း မလိုက်ပါရစေနဲ့"

"အစီပွါယ်မရှိတာ၊ မောင့်မှာ ဘာအပြစ်ရှိလို့လဲ"

"ရှင့်အပြစ်ကို ရှင် သိသင့်တာပေါ့"

"ဩော် ... ဒါလား ... လင်းလင်းတို့ရဲ့ ဆရာကြီးဟာ မောင့်ဖေဖေဖြစ်တဲ့အကြောင်း မပြောမိလို့လား၊ အချိန်မကျသေးလို့ပါ လင်းလင်း"

"လင်းလင်းဟာ မေင့်အတွက် သိမ်ငယ်စေတဲ့ချစ်သူအဖြစ် သတ်မှတ်ထားလို့ မဟုတ်လား၊ သူငယ်ချင်းတွေဝိုင်း ပြောမှသိရတာ လင်းလင်းရှက်တယ်"

မောင်က လင်းလင်းလက်ကလေးကို လှမ်းကိုင်လိုက်သည်။ လင်းလင်းက ဖျတ်ခနဲ ပုတ်ချလိုက်သည်။

"လင်းလင်းဟာ မောင်လက်ထပ်ဖို့ ရည်ရွယ်ထားတဲ့ချစ်သူပါလို့ ဖေဖေ့ကို ပြောပြရမလား၊ ဒါဆိုရင် လင်းလင်းကျေနပ်မလား"





"အို ... မဟုတ်ဘူး"

ကယောင်ကတမ်းနှင့် လင်းလင်းအပြောမှာ မောင်က လင်းလင်းလက်ကို အတင်းဆွဲပြီး ဆရာကြီးအခန်းထဲသို့ ခေါ်သွားသည်။ လင်းလင်းတို့နှစ်ယောက်ကို ကြည့်ပြီး ဆရာကြီးအံ့ဩနေသည်။

"ဘာဖြစ်လာတာလဲ မိုးထွဋ်၊ လင်းလင်းကို ဘာအနိုင်ကျင့်လာပြန်ပြီလဲ"

အေးဆေးတည်ငြိမ်သော အသံနှင့် မေးသည်။ သူကတော့ လင်းလင်းလက်ကို တင်းကျပ်စွာ ကိုင်ထားဆဲ။

"ဒီလိုပါဖေဖေ၊ လင်းလင်းဟာ သားလက်ထပ်မယ့်ချစ်သူဖြစ်တဲ့အကြောင်း ဖေဖေ့ကို အသိပေးတာပါ"

မည်သို့မျှ လင်းလင်းမျှော်လင့်မထားသော စကားဖြစ်၍ သူ့စကားကြောင့် လင်းလင်းရင်တွေ ဆောင့်ခုန်သွားသည်။

ကြောက်လွန်း၍ ဒူးတွေ တဆတ်ဆတ်တုန်နေသည်။

"အို ... အို ... မဟုတ်ဘူး ဆရာကြီး ..."

မဟုတ်ပါဘူး၊ လင်းလင်းနဲ့ ကိုမိုးထွဋ်နဲ့ ဘာမှမဆိုင်ပါဘူး"

ဟု ကယောင်ကတမ်းနှင့်ပြောပြီး ...

"လင်းလင်းကိုပွှတ်ပါ၊ လင်းလင်းသွားပါရစေ"

ဟု သူ့လက်ထဲမှ ရွတ်အတင်း ရုန်းပေမယ့် ရုန်း၍မရ။

"လင်းလင်းက ဖေဖေနဲ့မိတ်ဆက်မပေးလို့ ကျွန်တော့်ကို စိတ်ဆိုးနေတာ၊ လင်းလင်းကို ဖေဖေ့ချွေးမလောင်းအဖြစ် အသိအမှတ်ပြုလိုက်ပါလား ဖေဖေ"

သူ ဆက်၍ ရွတ်ပြောနေပြန်သည်။ ဆရာကြီးကို မကြည့်ရဲဘဲ လင်းလင်း ခေါင်းငုံ့ထားရသည်။

သူတို့ကြားမှာ ခေတ္တမျှ တိတ်ဆိတ်ခြင်းက ကြီးစိုးသွားသည်။ အတန်ကြာမှ ...

"လင်းလင်းကို ဖေဖေသဘောကျပါတယ်၊ သားကို လင်းလင်းရဲ့ အမေက သဘောကျ မကျဆိုတာ သိဖို့လိုသေးတယ်"





ရင်ခုန်လှုပ်ရှားခြင်း၊ ကြောက်ရွံ့တုန်လှုပ်ခြင်း၊ ရှက်ခြင်းများဖြင့် လင်းလင်းတစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေရာမှ ဆရာကြီးကို မော့်ကြည့်လိုက်မိသည်။

အံ့ဩရခြင်းကလည်း ကုဋေကုဋာပါပဲ။

မောင့်ကိုလည်း သည်လိုလူစားမျိုးဟု လင်းလင်းမထင်ခဲ့။ ယခုတော့ သူက လင်းလင်းအထင်နှင့် လုံးဝလွဲမှားလောက်အောင် ရဲရင့်ပြတ်သားနေသည်။

သူ့ထက်ပို၍ အံ့ဩစရာကောင်းသူက သူ့အဖေ ပါမောက္ခကြီးပဲ ဖြစ်ပါသည်။ သူ့အဖြေက လင်းလင်းကို အတိုင်းမသိ အံ့ဩစေပါသည်။

"သမီးက သားကို သမီးရဲ့အမေဆီ ခေါ်သွားပါဦးကွယ်"

ဆရာကြီးကို ဘာတစ်ခွန်းမှ ပြန်မပြောနိုင်ဘဲ ခေါင်းငုံ့ထားလိုက်ရသည်။

"ကဲ ... ကဲ ... သွားကြတော့၊ ဇာတ်သိမ်းပိုင်းကို

ဇာတ်တိုက်ရဦးမှာ မဟုတ်လား''

'အခန်းပြင်သို့ မည်သို့မည်ပုံ ရောက်လာမှန်း မသိတော့။ ရှက်စိတ်ဖြင့် ဂာစ်ကိုယ်လုံး တုန်နေသည်။

''မောင့်ကို ယုံပြီလား လင်းလင်း၊ လင်းလင်းကို ဖေဖေနဲ့ တမင်မိတ်ဆက်မပေးတာ မဟုတ်ဘူးဆိုတာလေ၊ မောင့်မှာ ဘာအကြောင်းမှ မရှိဘူး၊ မလိုအပ်သေးလို့ မောင်က ဒီအတိုင်းနေလိုက်တာ၊ မောင့်ကို လင်းလင်း သက်သက် အထင်လွဲနေတာ''

လှေကားအဆင်းမှာ လင်းလင်းကို ရှင်းပြနေသည်။

''အခုတော့ လင်းလင်းကို အရှက်ခွဲလိုက်တာလား''

''ဟာ ... မဟုတ်ရပါဘူး လင်းလင်းရယ်၊ မောင့်ကို လင်းလင်း အထင်လွဲနေလို့ ယုံကြည်အောင် ပြလိုက်တာပါ၊ မောင့်ကိုထပ်ပြီး အပြစ်မမြင်ပါနဲ့ လင်းလင်းရာ''

''မောင့်လုပ်ပုံက မယဉ်ကျေးဘူး၊ လင်းလင်းရှက်တယ်၊ ဆရာကြီးကို အားနာလိုက်တာ၊ သူ့သားကို လင်းလင်း





က အကျပ်ကိုင်တယ် ထင်သွားရင် ဒုက္ခပဲ''

''ဖေဖေက ဒါမျိုး မထင်တတ်ပါဘူး။ သူက လင်းလင်းကို သဘောကျပါတယ်၊ ဇာတ်တိုက်တဲ့အကြောင်းတွေ အိမ်မှာ ခဏခဏပြောနေတာ၊ အဲဒီအကြောင်းပြောတိုင်း လင်းလင်းပါတယ်''

သူ့ဘက်က အားရပါးရ ပြောနေပေမယ့် လင်းလင်းမှာတော့ ရှက်စိတ်နှင့် ကြောက်စိတ်တွေ မပြေသေး။ ဒူးတွေ တုန် ရင်တွေခုန်ကာ ခေါင်းတွေ မူးနောက်ရီဝေနေဆဲ ...

''မောင့်ကို လင်းလင်းတို့ မေမေနဲ့ တွေ့ပေးဦးလေ''

''အို ... ဘာတွေပြောနေတာလဲ မောင်ရယ် ... လင်းလင်း ရင်တွေတုန်လိုက်တာ''

မောင် ရယ်ပစ်လိုက်သည်။

''မောင့်ကို ယုံပြီလား ... ပြော ...မယုံရင် ထပ်ပြီး သက်သေပြလိုက်ရဦးမလား''

လင်းလင် လက်ကာပြလိုက်ရသည်။

"တော်ပါတော့ မောင်ရယ်၊ မောင့်ကို လင်းလင်း အရှုံးပေးပါပြီ"

× × × ×





မေမေရောက်လာသည့် အတွက် လင်းလင်း အိမ်ပြန်နေဖြစ်သည်။ ဖေဖေ့ အလုပ်က မြိတ်မှ ပုသိမ်သို့ ပြောင်းမိန့်ကျပြီတဲ့လေ။

"လင်းလင်းတို့ မိသားစုတွေ ပြန်ဆုံကြတာပေါ့ မေမေ၊ လင်းလင်းကလည်း ဘွားဘွားကြောင့်သာ ပုသိမ်မှာနေရတာ၊ ဖေဖေ၊ မေမေတို့နဲ့ အတူတူနေချင်တာပေါ့"

ဝမ်းသာအားရနှင့် လင်းလင်းပြောဖြစ်သည်။

"ဒါပေါ့သမီးရယ် …မိသားစုတွေ စုစုဝေးဝေး နေရတော့ ကောင်းတာပေါ့။ ကျောင်းနေတုန်းက ပုသိမ်မှာပဲ

နေခဲ့တာလေ၊ ဒီကြားထဲမှာတော့ ပုသိမ်ကို မရောက်ဖြစ်ခဲ့ဘူး၊ သမီးကို လာပို့ရင်လည်း သမီးဖေဖေပဲလာပို့တာ မဟုတ်လား''

မေမေ့ရင်ခွင်ထဲမှာ လှဲနေရင်း မေမေ့စကားတွေကို ငြိမ် ငြိမ်လေး နားထောင်နေမိသည်။

''ပုသိမ်တက္ကသိုလ်မှာ မေမေတက်ခဲ့တယ်နော်''

ငြိမ်နေရာမှ ထထိုင်လိုက်ပြီး လင်းလင်း မေးဖြစ်ခဲ့သည်။

''တက်ခဲ့တယ်လေ''

မေမေ့လေသံ တိုးဖျော့သည်။

''အဲဒီတုန်းက ပျော်မှာပဲနော်''

မေမေ့ထံမှ တုံ့ပြန်အဖြေစကားကို စောင့်နေပေမယ့် မေမေက အဖြေမပေး။

''ဟိုလေ ... မေမေတို့တုန်းက အနုပညာစင်တင်ပွဲတွေဘာတွေ မရှိဘူးလား၊ သမီးတို့ ခေတ်မှာရှိတယ်၊





ပါမောက္ခချုပ် ဆရာကြီး ဦးချိုက အားကစားရော၊ အနုပညာရော သိပ်အားပေးတာ၊ အနုပညာ စင်တင်ပွဲတွေ နှစ်စဉ်ရှိတယ်၊ မေမေတို့တုန်းက ရှိလားဟင်''

မေးပြီးသော မေးခွန်းကိုပင် ထပ်မေးလိုက်သည်။

''ရှိတယ်''

''အို ... ဟုတ်လား၊ ပျော်စရာကောင်းမှာပဲနော်''

''ဟိုတုန်းကတော့ ပျော်စရာကောင်းပါတယ်။ အခု ပြန်စဉ်းစားတော့ မပျော်ပါဘူး''

မေမေ့ထံမှ အနုပညာစင်တင်ပွဲအကြောင်းကို ကြားချင်ပေမယ့် ဆက်မပြောဘဲရပ်ထားသည့်အတွက် ဆက်မေးရန် ခက်နေသည်။

''အနုပညာစင်တင်ပွဲမှာ မေမေပါခဲ့ဖူးသလားဟင်''

''ပါခဲ့ဖူးတယ်''

လင်းလင်းရင်ထဲမှာ ပျော်သွားသည်။ လင်းလင်းသိချင်သည့်အဖြေအတွက် လမ်းစရခဲ့ပေပြီ။

"ဟာ … ဒါဆို မေမေက မင်းသမီးပေါ့နော်"

အားရဂုဏ်ယူသည့် အမူအရာနှင့် လင်းလင်းမေးလိုက်သည်။

"ခေါင်းဆောင်မင်းသမီး …"

မေမေ့အသံတွင် အားတက်သည့်လေသံ ပါလာသည်ဟု ခံစားလိုက်ရသည်။

"မေမေတို့ဌာနက တင်ဆက်တဲ့ပြဇာတ်မှာ ပါခဲ့တာ"

"ပြဇာတ်နာမည်က …"

စကားဆက်ပြတ်သွားမှာစိုးသည့်အတွက် ဆက်တိုက်မေးနေရသည်။

"တက္ကသိုလ်အိပ်မက်"

သည်စကားကိုတော့ မေမေ့အနေနှင့် ခဲယဉ်းပင်ပန်းစွာ ပြောလိုက်ရသည်ဟု ထင်သည်။ မေမေ့ရင်တွေ ခုန်နေမှာသေချာသလို လင်းလင်းလည်း ရင်တွေခုန်နေပါသည်။





လင်းလင်း မှန်းဆချက်တွေ မှန်နေပါပြီကော …။

ဆရာကြီး၏ တက္ကသိုလ်အိပ်မက်သည် မေမေဖြစ်သလို မေမေ၏ တက္ကသိုလ်အိပ်မက်သည် ဆရာကြီးဖြစ်နေချေပြီပဲ။

လင်းလင်းမှန်းဆချက် မှန်ပေမယ့် လင်းလင်းဆုတောင်းမပြည့်ခဲ့ပါ။

မေမေ့ကို ဆရာကြီး၏တက္ကသိုလ်အိပ်မက်မဖြစ်စေချင်သလို ဆရာကြီးကိုလည်း မေမေ၏ တက္ကသိုလ်အိပ်မက် မဖြစ်စေလိုခဲ့တာ အမှန်။

သူတို့နှစ်ဦး အချစ်အမုန်းတွေကြားတွင် လင်းလင်းတို့နှစ်ယောက် ကြားညပ်ပြီး ရန်ငြိုးဖွဲ့ခံရမည်ကို စိုးလှပါသည်။

ဆရာကြီးကတော့ မေမေနှင့်ပတ်သက်၍ လင်းလင်းအပေါ် ရန်ငြိုးအဖြစ် ယူဆရန်အကြောင်းမရှိပေမယ့် မေမေ့အပိုင်းက စိတ်မချရပါ။

လင်းလင်းချစ်ရသူသည် ပါမောက္ခကြီး ဦးလင်းထွဋ်၏

၏သားမှန်း မေမေသိခဲ့ရင် လင်းလင်းတို့အချစ်ရေးအပေါ် မည်သို့ ဆုံးဖြတ်မည်မသိ။ မောင့်ကို ချစ်သူရန်ကြွေးအဖြစ် သဘောထားကာ လင်းလင်းကို တားဆီးချုပ်ကိုင်မည်ဆိုလျှင် လင်းလင်းလည်း တက္ကသိုလ်အိပ်မက်တွေကိုပဲ သိမ်းပိုက်ခွင့်ရတော့မည်ပေါ့။

အိပ်မက်တွေကို လင်းလင်း မပိုင်ဆိုင်ချင်ပါ။ မေမေ့လို အိပ်မက်ထဲမှာ လင်းလင်းမနေနိုင်ပါ။

ဆရာကြီးအပေါ် မေမေ့ သဘောထား မည်သို့ရှိသည်ကို လင်းလင်းသိရန် လိုအပ်နေပြန်သည်။

"မင်းသားက ဘယ်သူလဲဟင်"

သည်မေးခွန်းကြောင့် မေမေ့မျက်နှာပျက်သွားသည်။ လင်းလင်းကို ထိတ်လန့်ပြူးကြောင်သော မျက်ဝန်းတွေနှင့် ကြည့်နေသည်။

"မေမေ မေ့နေလို့လား"

"ဟင့်အင်း ... မေမေ မမေ့ပါဘူး၊ မေမေနဲ့တွဲတဲ့





မင်းသားက ကို ... ... ကို ... ကိုလင်းထွဋ်"

ကြိုးစား အားတင်း၍ပြောပြီးတော့ အသံတွေ တိမ်ဝင် သွားသည်။

"အို ... ဟုတ်လား ... ဒါဆို ... သေချာပြီ"

ရုတ်တရက် ပြောလိုက်မိသည်နှင့် မေမေလှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"သူ့ ... သူ့ကို ... သမီးသိလို့လား"

မေမေ့အမူအရာကိုကြည့်ပြီး ဆရာကြီးနှင့် ပတ်သက်သည့် မေမေ့ခံစားမှုအတိုင်းအတာကို လင်းလင်း မှန်းဆနိုင်လိုက်ပါသည်။

"ပြောလေ ... သမီးသိလား"

မေမေ့အသွင်က ရုတ်ချည်းပင် စိတ္တဇဝေဒနာသည်တစ်ဦးလို ချောက်ချောက်ချားချား ဖြစ်သွားသည်။

"သိ ... သိပါတယ် မေမေ၊ သူ ... သူ ... သူက သမီးတို့ရဲ့ ပါမောက္ခပါ"

မေမေ့မျက်ဝန်းတွေ ရုတ်တရက် အရောင်တောက်လာသည်။ ပြုံးရိပ်သန်းတော့ မယောင်ဖြစ်လာသည်။ ပြီးတော့ ပြန်လည်ညှိုးနွမ်းလျှသွားသည်။

"မေမေ ဘာတွေ တွေးနေတာလဲဟင်"

စူးစမ်းသော လင်းလင်း၏ မျက်ဝန်းများကြောင့် မေမေ ဣန္ဒြေပြန်ဆယ်လိုက်ဟန်တူသည်။

"ဘာမှ မတွေးပါဘူး သမီးရယ်"

တက္ကသိုလ်အိပ်မက်ပြဇာတ်မှာ သူပါဝင်သည့်အကြောင်းကို ဆက်ပြောရန် သင့်မသင့် ချင့်ချိန်နေမိသည်။ သူတို့နှစ်ယောက်၏ ချစ်ခရီးအတွက် မေမေ့သဘောထားကို သိရန်လိုအပ်သည်။

"တိုက်ဆိုင်တယ်လို့ပဲ ဆိုရမလားမသိဘူး မေမေ… အဲဒီတက္ကသိုလ်အိပ်မက်ပြဇာတ်မှာ သမီးက မင်းသမီး မေမေရဲ့၊ သင်းသင်းမိုးနေရာမှာ သရုပ်ဆောင်ရတာ"

"သင်းသင်းမိုး .. သင်းသင်းမိုး"





ခပ်တိုးတိုးလေး ထပ်တလဲလဲ ရေရွတ်နေသည်။

"သင်းသင်းမိုးက ငါပဲ … ဟုတ်တယ်၊ ငါပဲ .. ဒါကြောင့် သမီးလေးကို လင်းလင်းမိုးလို့ နာမည်ပေးခဲ့တာပေါ့"

သူ့အနားမှာ လင်းလင်းရှိနေသည်ကို မေ့လျော့ကာ တစ်ယောက်တည်း ရေရွတ်ပြောဆိုနေသည်။

"ဒါနဲ့ … သမီးနဲ့တွဲတဲ့ မင်းသားက .."

"မိုးထွဋ်ပါ မေမေ၊ သချာကပါ"

"မိုးထွဋ် … မိုးထွဋ် …. သင်းသင်းမိုး … လင်းလင်းမိုး … လင်းထွဋ် …"

သည်နာမည်တွေကို တန်းစီပြီး အထပ်ထပ်အခါခါ ရွတ်နေပြန်သည်။ ပြီးတော့ ရယ်လိုက်သည်။

"သိပြီ … သိပြီ .. မေမေ အတပ်ပြောလိုက်မယ်.. မိုးထွဋ်ဟာ သူ့သားမဟုတ်လား"

အံ့သြစွာနှင့်ပင် လင်းလင်း ခေါင်းညိတ်ပြလိုက်ရ

သည်။ မေမေ ပြုံးလိုက်ပြန်သည်။ မေမေ့အပြုံးက မဲ့ပြုံး … လှောင်ပြုံး။

"နှစ်ပေါင်းများစွာ ရှောင်ပုန်းလိုက်ရတာ … ပြီးတော့ နှစ်ပေါင်းများစွာ ရှာလိုက်ရတာ၊ နောက်ဆုံးမှာတော့ စိတ်လျှော့ပြီး ပုသိမ်ကိုပြန်လာတာ၊ ပုသိမ်မှာနေရဲတဲ့ သတ္တိကို မွေးလာတာ တိုက်တိုက်ဆိုင်ဆိုင် သံသရာတစ်ကွေ့မှာတော့ ပြန်တွေ့ကြပြန်ပြီ"

မေမေ့စကားတွေကို အသေအချာ နားမလည်ပေမယ့် ခံစား၍တော့ ရပါသည်။

"ပြန်ဆုံတော့လည်း သမီးရဲ့ဆရာတဲ့ … သမီးရဲ့ ပါမောက္ခတဲ့၊ ဒါနဲ့ နေပါဦး မိုးထွဋ်နဲ့ သမီးက အတူတူသရုပ်ဆောင်ကြတာဆိုတော့ တော်တော်ရင်းနှီးသလား"

လင်းလင်း ရုတ်တရက် အဖြေပေးရန် ခက်နေသည်။ မေမေ့စိတ်အခြေအနေကို ခန့်မှန်း၍ မရနိုင်သေး။

"ဖြေလေ သမီး"





"ရင်းနှီးပါတယ် မေမေ"

ချက်ချင်းပင် မေမေ့မျက်နှာတင်းသွားသည်။

"ဒီမှာ သမီးနားထောင် … တက္ကသိုလ်အိပ်မက် ဇာတ်လမ်းလည်း သမီးသိပြီးပြီ၊ အဲဒီဇာတ်လမ်းထဲက သင်းသင်းမိုးဟာ မေမေပဲ။ ကိုလင်းထွဋ်ဟာ ပြဇာတ်ထဲက မေမေ့ချစ်သူ ဖြစ်သလို တကယ့်ဘဝထဲက မေမေ့ချစ်သူလည်း ဖြစ်တယ်၊ သူ့ကြောင့် မေမေဟာ ဘဝတစ်လျှောက်လုံး အိပ်မက်ထဲမှာ နေခဲ့ရတယ်"

မေမေ့စကားတွေကို နားထောင်နေရိုက်မှာတော့ လင်းလင်းအနေနှင့် အသက်ပင် မရှူမိလောက်အောင် ဖြစ်နေသည်။

"ကိုလင်းထွဋ်ဟာ မေမေ့ချစ်သူ ဖြစ်ခဲ့ပေမယ့် သမီးဟာ သူ့သား မိုးထွဋ်ရဲ့ ချစ်သူ မဖြစ်စေရဘူး၊ သူဟာ မေမေ့ အပေါ်မှာ အချစ်ကြွေးတင်နေတယ်၊ နောင်ဘဝမှပဲ ပြန်ရလိမ့်မယ်လို့ ထင်ခဲ့တာ၊ အခုတော့ အဲဒီအချစ်ကြွေးကို

သွားသား မိုးထွင့်ဆပ်ရမယ်"

လင်းလင်း မျှော်လင့်ချက်တွေ ပြိုလဲပျက်စီးသွားချေပြီ… မေမေ့ခံစားမှုတွေ၊ ၁ ပြင်းထန်လှသည်။ အချစ်သည် ပြန်ဆပ်ရန် အကြွေးဖြစ်ရသတဲ့လေ။

မေမေဆက်ပြောမည့် စကားကို စောင့်နေသော်လည်း တစ်ခွန်းမှ မပြောတော့ဘဲ သက်မဲ့ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်နေသည်။

မေမေ့အနားမှာနေ၍ မခံစားနိုင်တော့သည့်အဆုံး လင်းလင်း အဆောင်သို့ ပြန်ခဲ့သည်။ အဆောင်ကိုပြန်တော့မည် ဆိုတော့လည်း မေမေ မတားပါ။ အဆောင်ရောက်ပေမယ့် ရင်တထိတ်ထိတ်ဖြစ်နေရသည်။ မတော်တဆ မေမေ လိုက်လာပြီး ပြဓာတ်ကခွင့် မပြုမှာကိုပဲ စိုးရိမ်သည်။

လင်းလင်းသာ မကဖြစ်လျှင် မြန်မာစာဌာနအနေနှင့် တင်ဆက်နိုင်တော့မည် မဟုတ်။ ကိုယ့်ဘာသာ၊ ကိုယ့်ဌာနဆိုသော အသိက ကြီးစိုးလွှမ်းမိုးနေသည့်အတွက် မောင်နှင့်





မ်းခွဲရမည့်အရေးကိုပင် လတ်တလော အခြေအနေမှာ တွေးနိုင်သေး။

"လင်းလင်းတို့ ဘာလုပ်ကြမလဲဟင်"

မောင်ကတော့ အေးဆေးသည်။ သိပ်ပြီး လှုပ်လှုပ်ရှား မဖြစ်။

"အချစ်စစ် အချစ်မှန်မှာ ဖြောင့်ဖြူးမှု ရှိခဲ့ပါတယ် းလင်းအနေနဲ့ မောင့်ကို တစ်သက်လုံး ချစ်သွားဖို့ ဆုံးဖြတ် းသလား၊ အဲဒါပဲ မောင်သိချင်တယ်"

"မောင့်ဘက်ကရော … လင်းလင်းကို"

"မောင့်ဘက်ကိုလည်း မတွေးနဲ့ … လင်းလင်း က ပြတ်သားသလား"

မေမေ့မျက်နှာကို မြင်ယောင်လိုက်သည့်အတွက် ပြပေးရန် တုံ့ဆိုင်းသွားသည်။

"မောင့်ကို မချစ်ဘူးလား"

မောင့်မျက်နှာကို မြင်ရပြန်တော့ လင်းလင်းနှလုံး

သားတွေ လှုပ်ခါသွားသည်။ လင်းလင်းအနေဖြင့် မောင့်ကို ချစ်တာ အမှန်ပါပဲ။

"မောင့်ကို လင်းလင်းချစ်တယ်၊ တစ်သက်လုံး အတွက် ချစ်ခဲ့တာပါ"

ကြည်လင်သော မောင့်အပြုံးကို တွေ့လိုက်ရသည်။ လင်းလင်း လက်ကလေးကို ခိုင်မြဲစွာ ဆုပ်ကိုင်လိုက်သည်။

"လင်းလင်းကို မောင် လက်ထပ်မယ်၊ ဘယ်သူမှ မောင်တို့ကို မခွဲနိုင်ဘူး"

"ဟုတ်ပါတယ်၊ လင်းလင်းဟာ မောင့်ရဲ့လင်းလင်းပဲ ဖြစ်ရမယ်၊ လင်းလင်းရဲ့ မေမေကို မောင်မုန်းသွားပြီလား ဟင်"

မောင် ခေါင်းခါပြသည်။

"ဖြစ်လေ့ရှိတဲ့ လောကရဲ့ သဘောပါပဲ၊ လင်းလင်း ရဲ့ မေမေမှာလည်း ပြင်းထန်တဲ့ ခံစားမှုတွေ ရှိနေခဲ့တာကိုး"

"လောလောဆယ်မှာတော့ မေမေလိုက်လာပြီး





ပွဲမကခိုင်းရင် ဒုက္ခပဲ ... အနုပညာစင်တင်ပွဲ ပြီးတဲ့အထိ တစ်နေရာရာမှာ ပုန်းနေရမလား"

"မောင်တို့ ပြဿနာကို ဖေဖေသိသွားပါပြီ"

"အို ... ဆရာ ... ဆရာကြီး ဘယ်လိုသိသွားတာ လဲဟင်"

"မောင်ပြောလိုက်တာပါ"

"ဆရာကြီးက ဘာပြောသလဲဟင်"

"မစိုးရိမ်ပါနဲ့တဲ့ ... ပွဲပျက်တဲ့အထိတော့ သူ မလုပ် ပါဘူးတဲ့၊ မိုးကို သူနားလည်ပါတယ်တဲ့"

ဆရာကြီးမှန်းဆသည့်အတိုင်း မှန်သည်ဟု ဆိုရမည်။ အနုပညာစင်တင်ပွဲ ကျင်းပရန် တစ်ရက်သာလိုတော့သည်။ လင်းလင်း အဆောင်သို့ မေမေ လိုက်မလာခဲ့ပါ။

x x x x

"လင်းလင်းကို ခေါ်တယ်ဆို"

လင်းလင်းအသံကြောင့် စာငုံ့ဖတ်နေရာမှ ဆရာကြီး မော့ကြည့်သည်။

"သမီး နေကောင်းရဲ့လား … သမီးပိန်သွားတယ်"

ဆရာကြီးအသံက တည်ငြိမ်အေးချမ်းနေသည်။

"သမီးလည်း စိတ်ပင်ပန်းသွားမှာပေါ့နော်၊ နေကောင်းအောင်နေနော်၊ ရှေ့ဆက်ဖြစ်မယ့်ကိစ္စတွေကို ဘာမှ မတွေးနဲ့နော်၊ အားလုံး အဆင်ပြေသွားမှာပါ"

ဆရာကြီးက နှစ်သိမ့်အားပေးပေမယ့် ပြင်းထန်သော

မေမေ့ခံစားမှုကို နားလည်ထားပြီမို့ လင်းလင်း စိတ်က မအေးနိုင်ပါ။

"ဟောဒီ ဖိတ်စာလေးနဲ့ ပွဲကြည့်လက်မှတ်ကို လင်းလင်းရဲ့ မေမေကို ပေးလိုက်ပါနော်"

ဆရာကြီးကို အထိတ်တလန့် မော့ကြည့်လိုက်မိသည်။ မေမေ့ကို စင်တင်ပွဲဖိတ်စာပေး၍ ဘယ်လိုဖြစ်နိုင်မှာတဲ့လဲ။ သူ့ဒေါသကို ဆွပေးရုံပဲ ရှိတော့မည်ပေါ့။

"မေမေ ... မေမေ လာမှာမဟုတ်ပါဘူး ဆရာကြီး"

"ပေးလိုက်ပါ လင်းလင်း ... မိုးလာမှာပါ"

ယုံကြည်မှုအပြည့်အဝရှိသော လေသံနှင့်ပြောသည်။ ဆင်ခြေတက်ရန် ဟန်ပြင်ဆဲမှာပင် ဆရာကြီးက အခန်းပြင်သို့ ထွက်သွားသည်။

နွယ်ဦးနှင့်အတူ ဆိုင်ကယ်စီးပြီး မေမေ့ဆီသို့ လာခဲ့ရသည်။





"အနုပညာ စင်တင်ပွဲနီးနေလို့ ဇာတ်တိုက်နေရပါတယ် မေမေ ... စင်တင်ပွဲ ပြီးပြီးချင်း သမီးပြန်လာခဲ့ပါမယ်"

"နောက်လကျရင် သမီးဖေဖေလည်း ပြောင်းလာတော့မယ်၊ အိမ်မှာ ပြန်နေရမယ်နော်"

"နေပါ့မယ် မေမေ၊ စာမေးပွဲလည်းပြီးတော့မှာဆိုတော့ အိမ်မှာပဲ နေဖြစ်တော့မှာပါ"

လင်းလင်းပြောလိုက်တော့ မေမေ မျက်နှာညှိုးသွားသည်။

"စာမေးပွဲပြီးတဲ့အထိ မနေနဲ့နော်၊ အနုပညာစင်တင်ပွဲပြီးရင် ပြန်လာရမယ်၊ မေမေလာခေါ်မယ်"

လင်းလင်းခေါင်းညိတ်လိုက်ရသည်။ လင်းလင်း ဝန်မခံပေမယ့် မောင်နှင့်လင်းလင်း ချစ်နေကြပြီဟု မေမေ ယူဆထားပြီး ဖြစ်နေပေပြီ။ သည်အတွက် လင်းလင်းကို အဆောင်မှာ နေခွင့်မပြုတော့ခြင်း ဖြစ်ပေမည်။

"လင်းလင်းတို့ ပါမောက္ခက ပေးလိုက်တာပါ၊ အနုပညာစင်တင်ပွဲ ဖိတ်စာနဲ့ လက်မှတ်ပါ"

အတန်ကြာမျှ ငေးငိုင်နေပြီးမှ ဖိတ်စာကို လှမ်းယူသည်။ ဖိတ်စာပေါ်ရေးထားသော ဒေါ်သင်းသင်းမိုး ဆိုသည့် လက်ရေးများဆီမှာ မေမေ့မျက်ဝန်းတွေ ရပ်တံ့နေသည်။ ချစ်သူ၏ လက်ရေးကို မေမေ မှတ်မိပေမည်။

"မေမေလာမှာပါနော် ၊ သမီး ကမယ့်ပွဲလေ မေမေရယ်"

လင်းလင်းပြောပေမယ့် မေမေဘက်က တစ်ခွန်းမျှ အဖြေ မပေး။

"မေမေရယ် ... သမီးကို အားပေးဦးလေ"

"သမီးမှာ အားပေးမယ့်သူတွေ ရှိမှာပါ"

"ဒါပေမယ့်လည်း မေမေရယ်"

လင်းလင်းအမျိုးမျိုးပြောပေမယ့် မေမေ့ထံမှ လာပါမည်ဆိုသော ဝန်ခံစကားကို မကြားခဲ့ရ။





အနုပညာ စင်တင်ပွဲသို့ မေမေ လာမည် မလာမည် ဆိုသည့် အကြောင်း ဆရာကြီးမေးမှာကို စိုးနေမိသည်။ သို့ပေမယ့် ဆရာကြီးက ဘာတစ်ခုမျှ မမေးသည့်အတွက် စိတ်သက်သာရသည်။

× × × ×

အနုပညာစင်တင်ပွဲနေ့ ... မနက်ပိုင်းမှာ ဘာသာရပ်ဌာနများ၏ စာတမ်းဖတ်ပွဲ၊ ဈေးရောင်းပွဲတော်တွေနှင့် ပုသိမ်တက္ကသိုလ်တစ်ဝင်းလုံး စည်ကားလှသည်။

ဘာသာရပ်အလိုက် လက်မှတ်တွေ ကြိုရောင်းထားသည့်အတွက် ဘာသာရပ်အလိုက် မုန့်မျိုးစုံရောင်းသည့်ဆိုင်တွေမှာ လူတွေ ကြိတ်ကြိတ်တိုးနေသည်။

တစ်နှစ်တစ်ကြိမ် ကြုံရသည့်ပွဲတော်မို့ ပျော်မဆုံးမော်မဆုံး ရှိနေကြသည်။ ညခြောက်နာရီထိုးသည်နှင့် ဆိုင်တွေအားလုံးသိမ်းပြီး စင်တင်ပွဲကြည့်ရန် နေရာယူကြသည်။

△

ပိုးမိုး - တာယ

ခုနစ်နာရီလောက်မှာ စင်တင်ပွဲစသည်။

ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ ဘာမက ပုသိမ်တက္ကသိုလ်ဝန်းကျင်မှ ပရိသတ်များ၊ ဧည့်သည်တော်များနှင့် တက္ကသိုလ်တစ်ဝန်းလုံး ပြည့်နေသည်။

ပွဲစခါစတွင် မေမေ့ကို စောင့်မျှော်နေမိသော်လည်း တကယ်တမ်း ပွဲစသည့်အချိန်တွင်မူ လူတွေများလွန်း၍ ရှာမတွေ့နိုင်တော့။

မေမေလာလျှင် နေရာချပေးဖို့နှင့် လင်းလင်းကို လာပြောဖို့ နွယ်ဦးကိုတော့ မှာထားသည်။

"အမေခန်းကို သရုပ်ဆောင်တော့ လင်းလင်းက လင်းလင်းတို့ မေမေနဲ့ သိပ်တူတာပဲ"

မနေ့က ရိုဟာဇယ်ကနေစဉ်မှာ နွယ်ဦးက ဝေဖန်သည်။

လင်းလင်းမှာတော့ အလှပြင်နေသည့်အချိန်တွေမှာပင် စိတ်တွေထွေပြားနေသည်။ မေမေနှင့် ပတ်သက်သည့်





အတွေးများ၊ ပါမောက္ခဆရာကြီး၏ ဖိတ်ကြားချက်ကို မေမေမလာဘူးဆိုလျှင် ကြားထဲက လင်းလင်း အားနာရဦးမည်။

မေမေ့ဘက်ကကြည့်တော့လည်း ပွဲလာကြည့်နိုင်မည့်အင်အားရှိမည် မထင်။ ပထမဆုံးအကြိမ် စင်ပေါ်တက်ရမှာမို့ စိတ်လှုပ်ရှားမှုတွေကိုလည်း ခံစားနေရသည်။

"လှလိုက်တာ လင်းလင်းရယ် … တကယ်လှတာ၊ နို့ ပါမောက္ခကြီးရဲ့ မင်းသမီး "မိုး" ကလည်း တကယ်လှမှာနော်"

နွယ်ဦး တဖွဖွပြောနေသည်။ နွယ်ဦးလက်ကို လင်းလင်း ဆုပ်ကိုင်လိုက်သည်။

"ဟယ် … လင်းလင်းလက်တွေ အေးစက်လို့ပါလား"

"လင်းလင်း အရမ်းကြောက်နေတယ်"

"စင်ပေါ် မတက်ဖူးလို့နေမှာပါ"

"မေမေလာပါ့မလား မသိဘူး၊ ဒီအတွက်လည်း

လင်းလင်း စိတ်ပူတာပဲ''

ဆရာကြီး လျှောက်လာနေသည်ကို တွေ့သဖြင့် စကားရပ်ပြီး အရိုအသေပေးပြီး နှုတ်ဆက်လိုက်ရသည်။

''လင်းလင်းကို ကြည့်ရတာ စိတ်လှုပ်ရှားနေသလိုပဲ၊ ဘာဖြစ်နေတာလဲ သမီး''

လင်းလင်းကိုကြည့်ပြီး ဆရာကြီး မေးလာသည်။

''ဟို ... ဟို ... လင်းလင်း ကြောက်နေလို့ပါ''

''လင်းလင်းလည်း မိုးအေးလို စိတ်တွေ လှုပ်ရှားနေပြီထင်တယ်''

ရယ်ရယ်မောမောနှင့် ဆရာကြီးပြောတော့ နွယ်ဦးက ...

''လင်းလင်းက သူ့အမေ မလာမှာ စိတ်ပူနေတာ ဆရာကြီးရဲ့'' ဟု ဝင်ပြောပေးလိုက်သည်။

''ဒီအတွက် မပူပါနဲ့သမီးရယ် ... သမီး မေမေလာမှာပါ''





မေမေ့နာကြည်းမှုတွေကို ဆရာကြီးမသိသည့်အတွက် ယုံကြည်မှုအပြည့်နှင့် ပြောနေခြင်းဟုသာ လင်းလင်း နားလည်လိုက်ပါသည်။

သူ မျှော်လင့်ထားသလို ဖြစ်မလာနိုင်မှန်း လင်းလင်း အလိုလို သိနေပြီးသားပါ။

မေမေ့ကို မဝံ့မရဲ ရင်ခုန်ပန်းလျှစွာနှင့် စောင့်မျှော်ရင်း လင်းလင်းတို့ အလှည့်သို့ ရောက်ရန်နီးကပ်လာသည်။

လင်းလင်းတို့ စင်ပေါ်တက်ရန် စုရုံးနေခိုက်မှာ ဆရာမ ဒေါ်ဇင်မာထွန်းနှင့် တွဲလာသည့် မေမေ့ကို တွေ့လိုက်ရသည်။

မေမေ့မျက်နှာမှာ ခံစားမှုအမျိုးမျိုး ရောင်စုံယှက်သန်းနေသည်ဟု လင်းလင်းထင်လိုက်သည်။

မေမေဝမ်းနည်းနေသလား ... နာကျည်းနေသလား၊ စိတ်လှုပ်ရှားနေသလား၊ မည်သို့မျှ ခန့်မှန်း၍ မရနိုင်ပါ။

''လင်းလင်းတို့ မေမေရောက်လာပြီ၊ ကျွန်မတို့

ပါမောက္ခကြီးက မိုးလာလိမ့်မယ်၊ စောင့်ကြိုပေးပါဆိုလို့ စောင့် နေရတာ၊ တို့က လာမယ်လို့ကို မထင်တာ''

ဆရာမကြီး ဒေါ်ဇင်မာထွန်းပြောသမျှကို မေမေမည်သို့မျှ မတုံ့ပြန်ပါ။ လင်းလင်းတို့အဖွဲ့သားအားလုံးက လင်းလင်းတို့ မေမေကို ဝိုင်းကြည့်နေကြသည်။

''တို့ ပါမောက္ခကြီးရဲ့ ပြဇာတ်ထဲမှာ ကကြမယ့် ကျောင်းသားကျောင်းသူတွေလေ၊ ဟိုတုန်းက မိုးနေရာမှာ မင်းရဲ့ သမီး လင်းလင်းမိုးက သရုပ်ဆောင်မှာ၊ မင်းသားက တို့ ပါမောက္ခကြီး ဦးလင်းထွဋ်ရဲ့သား မိုးထွဋ်''

ဒေါ်ဇင်မာထွန်းက မောင့်ကိုပြပြီး မိတ်ဆက်လိုက်သည်နှင့် မေမေ့မျက်ဝန်းအစုံက မောင့်ဆီသို့ အကြည့်ရောက်သွားသည်။

မောင့်ကို အသိအမှတ်ပြုသည့်ဟန်နှင့် ယဲ့ယဲ့မျှ ပြုံးသည်။ မောင်က သူ့အမူအရာအတိုင်း မေမေ့ကို ဦးညွှတ်ပြီး အရိုအသေပေးလိုက်သည်။ မေမေ မည်သို့တုံ့ပြန်မည်ကို





စောင့် ကြည့်ရင်း လင်းလင်းရင်ခုန်လိုက်ရသည်ဖြစ်ခြင်း။

''သူတို့က တို့ရဲ့သူငယ်ချင်း မိုးအေးတို့ ညွန့်ဝင်းတို့ နိုင်လင်းတို့ နေရာမှာ သရုပ်ဆောင်မယ့်သူတွေ၊ ဒီသမီးတွေကတော့ တို့နေရာရယ်၊ ဝေမာကို နေရာမှာရယ် သရုပ်ဆောင်မှာ''

ဒေါ်ဇင်မာထွန်းက ပါဝင်မည့် သူတွေအားလုံးနှင့် မိတ်ဆက်ပေးနေသည်။

''သူကတော့ လင်းထွဋ်ရဲ့သား မိုးထွဋ်နေရာက သရုပ်ဆောင်မှာ၊ ဒီသမီးလေးကတော့ သင်းသင်းမိုးရဲ့ သမီး လင်းလင်းမိုးနေရာမှာ သရုပ်ဆောင်မှာ''

ပထမနှစ်မှ ကျောင်းသားလေး မောင်နန္ဒနှင့် ပထမနှစ် ကျောင်းသူလေး စိုးစိုးမော်တို့ကို ညွှန်ပြသည်။

''မိုးတို့ကတုန်းက ဒီအခန်းမပါဘူးနော်''

ဒေါ်ဇင်မာထွန်းပြောသမျှကို ငြိမ်သက်စွာ နားထောင်နေရာမှ မေမေဝင်ပြောလိုက်သည်။

"ဟုတ်တယ်၊ ဦးလင်းထွဋ်က အနှစ်နှစ်ဆယ်ကြာတဲ့ အခါမှာ လူကြီးတွေ ပြန်တွေ့တဲ့အခန်း ထည့်ထားတယ်၊ ကွဲ သွားတဲ့ ချစ်သူနှစ်ဦး ပြန်ဆုံတဲ့အချိန်မှာ တစ်ယောက်က သားတစ်ယောက်၊ တစ်ယောက်က သမီးတစ်ယောက် တက္ကသိုလ် ကျောင်းသား ကျောင်းသူတွေ ဖြစ်နေကြပြီလေ၊ တစ်ယောက်နဲ့ တစ်ယောက် အကြောင်းမတိုက်ဆိုင်လို့ ကွဲကွာသွားကြပေမယ့် အချစ်မပြယ်နိုင်ဘဲ အမြဲတမ်းအမှတ်တရဖြစ်နေကြတဲ့ အကြောင်းကို ကိုလင်းထွဋ်က သူ့သားကို မိုးထွဋ်လို့ နာမည် ပေးထားတာနဲ့ သက်သေပြလိုက်နိုင်သလို သင်းသင်းမိုးကလည်း သူ့သမီးကို လင်းလင်းမိုးလို့ နာမည် ပေးထားပုံနဲ့ သက်သေပြထားတယ်၊ သားနဲ့သမီးရဲ့ နာမည်မှာ ချစ်သူနှစ်ဦးရဲ့ နာမည်တွေကို ပေါင်းပြီးမှည့်ထားခဲ့တာ အဲဒီအခန်းလေး သိပ်ကောင်းတာပဲ"

ဒေါ်ဇင်မာထွန်းက အားရတက်ကြွစွာ ပြောနေသည်။ တစ်ချိန်လုံး ငြိမ်သက်စွာ နားထောင်နေသော မေမေ့မျက်ဝန်းမှာ





အရောင်တွေ တောက်လာသည်။ ပြုံးရိပ်လိုလို၊ လွမ်းရိပ်လိုလို ဝေ့ဝဲလာသည်။

"လာ … သွားကြစို့ ပွဲခင်းထဲမှာ ကိုလင်းထွဋ် ရှိနေတယ်၊ မင်းကို စောင့်နေမှာပါ"

ဒေါ်ဇင်မာထွန်း နောက်သို့ မေမေလိုက်သွားသည်။ မေမေ့ကို တမေ့တမော ကြည့်ရင်း လင်းလင်းက သူ့ကိုယ်သူ သင်းသင်းမိုးဟု ရင်ထဲမှာ နက်နက်ရှိုင်းရှိုင်း ခံစားလိုက်ရသည်။

× × × ×

# ဒေါ်သင်းသင်းမိုး

ပိုမိုး - တာယ

အနှစ်နှယ်ဆယ်ကျော်ကြာပြီးသည့်နောက် သည်တက္ကသိုလ်ရဲ့ သည်နေရာမှာ သူနှင့် ပြန်ဆုံရပြန်ပါပြီကော။

နှစ်ပေါင်းများစွာ တမ်းတမ်းမက်မက်နှင့် မက်ခဲ့ရသော တက္ကသိုလ်အိပ်မက်နှင့် ဆုံတွေ့ရပြန်ပြီ။

ဆုံတွေ့ရန် ဘယ်သောအခါမှ မျှော်လင့်မထားခဲ့သည့် အိပ်မက်၌သာ မွေ့ပျော်ကျေနပ်ခဲ့သည်ပဲ။

အသစ်တစ်ဖန် ပြန်လည်ပြုပြင်ပြောင်းလဲ၍ မရနိုင်သည့် ဘဝမှာ သူ့ကို မရှာဖွေခဲ့တာ အမှန်။ မရှာဖွေမိအောင်လည်း ကြိုးစားနေခဲ့သည်။

△

ပိုးမိုး - တလ

လင်းလင်းတို့ အဖေအစိုးရဝန်ထမ်း မလုပ်မီ နိုင်ငံခြားမှာ အလုပ်လုပ်စဉ်ကလည်း နိုင်ငံခြားကို လိုက်သွားခဲ့သည်။ သူနှင့်ပတ်သက်သမျှ သတင်းတွေကို ဘာတစ်ခုမှ မစုံစမ်းခဲ့။

သူ့ကို အိပ်မက်ထဲမှာ အမြဲတမ်းတွေ့နိုင်သည်ပဲလေ။ သို့ပေမယ့် သူနှင့်ပြန်တွေ့ခွင့် ကြုံမည်ဆိုလျှင် သူ့ရင်ထဲမှာ အနှစ်နှစ်အလလ သိမ်းဆည်းထားရသည့် မေးခွန်းကို မေးလိုက် ချင်သည်။

သူ့ဆီက အကြောင်းပြချက် အဖြေစကားတစ်ခုခုကို မျှော်လင့် တောင့်တခဲ့ရိုးအမှန်ပါ။

"မိုး" ကို မောင် ဘာကြောင့် ထားခဲ့ရတာတဲ့လဲကွယ်။ စာမေးပွဲနောက်ဆုံးရက်မှာ မိုး ချိန်းတဲ့ဆီ ဘာကြောင့် ရောက်မလာခဲ့တာလဲကွယ်။

အဲဒီနေ့က မောင့်ကို မိုး တစ်နေ့လုံးစောင့်ခဲ့ပါတယ်လေ။ မောင် ရောက်မလာတဲ့အဆုံးမှာတော့ မိုးရဲ့ မာနတရားနဲ့





မိုးရဲ့နာကြည်းမှုတွေက အနိုင်ယူသွားခဲ့တာမို့ မောင့်ကို ဆက်မစောင့်တော့ဘူး။

နောက်တစ်နေ့ မနက်အစောကြီး မိုးကိုလာခေါ်တဲ့ မေမေ့နောက်ကို လိုက်သွားခဲ့တယ်။

မေမေက မိုးနဲ့ ကိုကိုအောင် တို့ရဲ့ စေ့စပ်ပွဲအတွက် လာခေါ်တာလေ။

မိုးကို မေမေရဲ့ တူနှစ်ဝမ်းကွဲ ကိုကိုအောင်နဲ့ သဘောတူထားတာ ကြာပြီပဲ။ မောင် စိတ်ဆင်းရဲမှာစိုးလို့ မိုး ဖွင့်မပြောခဲ့တာပါ။

နိုင်ငံခြားကို ထွက်တော့မယ့် ကိုကိုအောင်နဲ့ မိုးကို အမြန်ဆုံးစေ့စပ်ကြောင်းလမ်းပြီး မကြာခင်လက်ထပ်ဖို့ အခြေအနေ ရှိနေတယ်ဆိုတာ မောင်သိမထားခဲ့ဘူး။

စာမေးပွဲနောက်ဆုံးရက်မှာ စာမေးပွဲခန်းထဲက ထွက်ထွက်ချင်း မိုးဆီလာခဲ့ဖို့ အတန်တန်မှာခဲ့တယ်လေ။

လက်ထပ် စာချုပ်ပါ အသင့်ယူလာဖို့ မှာထားခဲ့

သေးတယ်။

မေမေတို့ စေ့စပ်ပွဲ ကျင်းပဖို့ လိုက်လာရင် မိုးတို့နှစ်ယောက် လက်ထပ်ဖို့ပါပဲ။ ဒါပေမယ့် မောင် ရောက်မလာခဲ့ပါဘူး။

မိုးနဲ့ ပတ်သက်လာရင် အရာရာမှာ ပေါ့ပေါ့တန်တန် သဘောထားတတ်တဲ့ မောင့်စိတ်ကိုတော့ မိုး နားကြည်းလို့ မဆုံးပါဘူး။

ဒါပေမယ့် ...

မောင့်ကို မိုး မေ့လို့မရဘူး။ ဒါကြောင့် မိုး အိပ်မက်ထဲမှာပဲ နေခဲ့ရတာပေါ့။

မောင့်ဖိတ်စာကိုရတော့ မိုး စိတ်တွေလှုပ်ရှားလွန်းလို့ အိပ်ရာထဲမှာ သုံးရက်လောက် လဲသွားခဲ့တယ်။

မိုးကို သောကတွေ ပေးခဲ့သလို မောင့်သားကလည်း မိုးရဲ့သမီးလေးကို သောကတွေပေးပြီး အိပ်မက်ထဲမှာထားခဲ့ဦးမယ်လို့ မိုးခံစားရတယ်။





မိုးသမီးကိုတော့ အိပ်မက်ထဲမှာ မနေစေရဘူးမောင်။ အိပ်မက်ထဲမှာ နေမိတာနဲ့ တကယ့်ဘဝ၊ တကယ့်လောကကို ကျော်ခိုင်းရတာ။

မိုးရဲ့ အိမ်ထောင်ရေးဘဝဟာ ရေခဲတုံးလို အေးစက်နေခဲ့တာ။ အမြဲစိမ်းသစ်တောလို အမြဲစိမ်းနေခဲ့တာ။

ကိုကိုအောင်က မသိဟန်ဆောင်နိုင်ခဲ့ပေမယ့် မိုးကိုယ်မိုး သိနေတယ်။ ကိုယ့်ကိုယ်ကို ခွင့်မလွှတ်နိုင်ဘူး။ မုန်းလည်းမုန်းမိတယ်။

အင်းလေ ... အနုပညာစင်တင်ပွဲမှာ ပါဝင်ကပြမယ့် သမီးကို တားမြစ်ဖို့ ကြိုးစားကြည့်တယ်။

မောင် ကြိုးစားထားတဲ့ အနုပညာဖန်တီးမှု ပျက်စီးသွားမှာ မိုးစိုးရိမ်တယ်။ မိုးမလုပ် ရက်နိုင်ပြန်ဘူး။ ဒါဟာ အချစ်ပဲပေါ့။

မောင်ဟာ မိုးရဲ့ နှလုံးသားကို လွှမ်းမိုး ထားဆဲပါပဲလား။

မောင့်ရဲ့ ဖိတ်စာရတော့ မိုး မသွားဖို့ ဆုံးဖြတ်တယ်။ ဒါပေမယ့် နောက်ဆုံးတော့ ထိန်းချုပ်တားဆီးလို့ မရဘူးလေ။

မောင်တို့ရဲ့ ပြဇာတ်ကို ကြည့်ဖို့ မိုးလာခဲ့ပြီပဲ။ မိုး ရင်ထဲမှာ အနှစ်နှစ်အလလ မြှုံသိပ်ထားခဲ့ရတဲ့ မောင့်ကို မေးချင်တဲ့ မေးခွန်းတွေ ရှိနေခဲ့သည်ပဲ။

မောင့်ဆီက အဖြေ တစ်ခုခုကိုရရင် မိုးလည်း အိပ်မက်က လွတ်မြောက်သွားမယ် ထင်ပါရဲ့။

"ဒီမှာ ကိုလင်းထွဋ်၊ မိုး ရောက်လာပြီ၊ တို့ ကလေးတွေ ကတဲ့ဇာတ်ခုံနားမှာသွားပြီး စီစဉ်ပေးလိုက်ဦးမယ်"

ဒေါ်ဇင်မာထွန်းက မိုးကို သူရှိရာသို့ ခေါ်သွားပြီး ထားခဲ့သည်။ မိုးတို့နှစ်ယောက်ကို လွတ်လွတ်လပ်လပ် ရှိနေစေလိုသည့်အတွက် ဇင်မာ ထွက်သွားမှန်းသိလိုက်သည်။

"မိုးကို စောင့်နေပါတယ်"

အနှစ်နှစ်ဆယ်ကျော် မကြားခဲ့ရသည့် သူ့အသံကြောင့် မိုးရင်ထဲမှာ နွေးခနဲဖြစ်သွားရသည်။ ရင်ခုန်ခြင်းများ

△

ပိုမို - တယ



စွာကို ခံစားနေရသော်လည်း အသက်အရွယ်နှင့် ဂုဏ်သိက္ခာအရ ရင့်ကျက်အောင် ကြိုးစားပြီး ဟန်ဆောင်နေရသည်။

"မိုး လာမယ်လို့ ထင်သလားဟင်"

"အို ...မိုး လာရမှာပေါ့ ... မိုးရဲ့ သမီးကိုအားပေးရမှာပေါ့၊ မိုးရဲ့ အိပ်မက်ကို ပြန်ခံစားရမှာပေါ့"

"မိုးက အမြဲအိပ်မက် မက်နေတာပဲ"

"မောင်လည်း အမြဲအိပ်မက်မက်နေတာပဲ၊ မောင်နဲ့ မိုးတို့ရဲ့ အိပ်မက်ကို အတူတူခံစားကြရအောင်နော်၊ မောင့်အိပ်မက်ကို ကြည့်ပြီးရင် မောင့်ကို မိုး ခွင့်လွှတ်နိုင်မှာပါ"

သူတို့နှစ်ယောက်သည် ထိုင်ခုံမှာ ဝင်မထိုင်သေးဘဲ ထိုင်ခုံတွေ စီထားသည့် ပွဲခင်း၏ ဘေးမှာရပ်ပြီး စကားပြောနေကြသည်။

မောင့်မျက်ဝန်းအကြည့်က နွေးထွေးနေသလိုပါပဲ။ အနှစ်နှစ်ဆယ်ကျော် ခံစားခဲ့ရသည့် နာကြည်းမုန်းတီးမှုတွေကို မိုး မေ့နေသည်။

△

ပိုမို - တယ

ချစ်သူဘဝမှာတုန်းက သူ မလာလျှင် စိတ်ဆိုးစိတ်ကောက်နေမိသော်လည်း သူနှင့် တွေ့လိုက်ရလျှင် အမုန်းစိတ်တွေ ပြေလျော့သွားသလိုပါပဲလား။

သူတို့နှစ်ယောက်ကြားတွင် နှစ်ပေါင်းများစွာ ရှိခဲ့သော ဝေးကွာခြင်းတို့ကို အမှတ်မရကြတော့။

မနေ့က ခွဲခွာခဲ့သော ချစ်သူတွေ ယနေ့ပြန်ဆုံရသကဲ့သို့ ထင်မှတ်နေမိသည်။

"မိုးရင်ထဲမှာ အနှစ်နှစ်အလလ မျိုသိပ်ထားခဲ့ရတဲ့ မေးခွန်းကိုတော့ မေးပါရစေ"

"မိုးရဲ့ မေးခွန်းကို မောင်ဖြေထားပါတယ် …မကြာခင် မိုးသိရတော့မှာပါ"

ဆောင်းလေနှင့်အတူ မွှေးပျံ့သော ပန်းနံ့များကို ခံစား ရသည်။ တက္ကသိုလ်သည် လှပမြဲ၊ မွှေးပျံ့မြဲပါပဲ။

သူ နေရာချပေးသည့် နေရာမှာ ထိုင်လိုက်သည်။ သူက မိုး ဘေးကခုံမှာ ဝင်ထိုင်သည်။





သမီးလေး ပါဝင်သော တက္ကသိုလ်အိပ်မက်ပြဇာတ်တစ်ဇာတ်လုံးက သူ့ကို အတိတ်ဆီသို့ ဆွဲဆောင်ခေါ်ယူသွားသည့်အတွက် မိုးရော မောင်ပါ စကားမပြောနိုင်ကြ။

"နောက်ဆုံးနှစ် စာမေးပွဲရဲ့ နောက်ဆုံးနေ့မှာ ဇင်မာဟာ မိုးအေးကို အဖြေပေးဖို့ စောင့်နေခဲ့ပါတယ်။ ဒါပေမယ့် ဇင်မာရဲ့ အဖြေစကားကို ကြားနိုင်စွမ်း မရှိလောက်အောင် စိတ်လှုပ်ရှားခဲ့တဲ့ မိုးအေးတစ်ယောက် ရောက်မလာခဲ့ပါဘူး"

"မိုးအေးတစ်ယောက် ယနေ့တိုင် ဇင်မာရဲ့ အဖြေကို မကြားခဲ့ရသေးပါဘူး။ ဒါပေမယ့် မိုးအေးရော ဇင်မာပါ တစ်ခါတစ်ရံမှာ တက္ကသိုလ်အိပ်မက်ကလေးတွေကို မက်ရင်း ရင်ခုန်လွမ်းမောမိကြမှာပါ"

ဇာတ်လမ်းနောက်ခံစကားပြောပေးသူ ဆရာမ ဒေါ်ဇင်မာမြင့်အသံ သာယာငြိမ့်ညောင်းလှသည်။

"တို့လေ သူ့ကို အဖြေပေးဖို့ အချိန်ဆွဲထားခဲ့မိတာကို နောင်တရတယ်။ အားကစားသမားလေးတွေကို တွေ့တိုင်း

မိုးအေးကို သတိရတယ်၊ သူ ဘယ်ဘဝ ဘယ်ကမ္ဘာမှာ ရောက် နေသလဲ မသိဘူးနော်''

ညနေက သူ့ကို ဆီးကြိုရင်း အတိတ်က အကြောင်းတွေကို အဆက်မပြတ် ပြောနေသည့် ဇင်မာ့စကားသံကို ကြား ယောင်သည်။

တက္ကသိုလ်မြေဟာ အချစ်နတ်ကြီးလေသလား၊ ကြုံခဲ့ဆုံခဲ့ရသည့် ချစ်သူတိုင်းဘဝချင်းဆုံစည်းခဲ့သည်။ ဇင်မာ့ဘဝမှာ တွဲဖက်ပါမောက္ခ၊ ဆရာမကြီးဖြစ်သော်လည်း အတိတ် ၏ အကျဉ်းသားဖြစ်နေခဲ့ရသည်။

ပြဇာတ်၏ ဇာတ်သိမ်းပိုင်းရောက်တော့မည်။ အနှစ်နှစ်ဆယ်ကျော်ကြာပြီးမှ သားသမီးကို တက္ကသိုလ်သို့ လာပို့သော နိုင်လင်းနှင့် ဝေမာတို့ အတွဲနှင့် သင်းသင်းမိုးတို့ သား အမိ ဆုံတွေ့ခန်းဖြစ်သည်။

သူ့အနေနှင့် မိုးကို သိစေချင်သည့်အတွက် ဇာတ်သိမ်းအဖြစ် ဖြည့်စွက်ထားသောအခန်း ...။



''ရှင် ...ရှင် ... ကိုနိုင်လင်း မဟုတ်လားဟင်''

မိုးကစပြီး နိုင်လင်းကို မှတ်မိသွားသည်။ သမီးလေး လင်းလင်းက အသက်ကြီးရင့်လာသည့် အမေအခန်းကို သရုပ် ဆောင်နေသည်။

''ခင်ဗျား ... ခင်ဗျား ... သင်းသင်းမိုး မဟုတ်လား''

''ဟုတ်တယ် ... ကျွန်မ သင်းသင်းမိုးလေ''

''ရုတ်တရက်ဆိုတော့ မမှတ်မိဘူးဟယ် ... ဝေမာကိုလည်း ပါတယ်ဟဲ့''

''ဝမ်းသာလိုက်တာ ဝေမာရယ်၊ တို့တစ်တွေ ကွဲသွားကြတာကြာပြီနော်၊ မိုး အခုဘာလာလုပ်တာလဲဟင်''

''မိုးသမီးလေးက ဒီနှစ် ပုသိမ်တက္ကသိုလ်မှာ ပထမနှစ်မှာ တက်မှာလေ၊ သမီးကို ကျောင်းလာပို့တာ''

''တို့လည်း တို့သားကို ကျောင်းလာပို့တာ၊ ဟဲ့ .. ဒါနဲ့ လင်းထွဋ်ရော''

နိုင်လင်းအမေးကြောင့် မိုး ဆတ်ခနဲ တုန်သွားသည်။

"လင်းထွဋ်"

တုန်လှုပ်ချောက်ချားစွာ ရေရွတ်လိုက်သည်။

"လင်းထွဋ် နာမည်ကြားတာနဲ့ ဘာဖြစ်ရတာလဲ မိုးရဲ့၊ နင့်ယောကျ်ားလင်းထွဋ် ပါမလာဘူးလားလို့ မေးတာ"

"မဟုတ်ဘူး နိုင်လင်း ... မဟုတ်ဘူး ... ငါနဲ့ လင်းထွဋ် လက်မထပ်ဖြစ်ဘူး"

မိုးအဖြစ် သရုပ်ဆောင်သည့် မင်းသမီး အမူအရာက ပီပြင်လိုက်သည့်ဖြစ်ခြင်း။ အသံလေးတွေကလည်း တုန်တုန် ခိုက်ခိုက်ဖြစ်နေသည်။

"ဆောရီးပဲ မိုးရယ် ... ငါတို့က နင်တို့နှစ်ယောက် လက်ထပ်ဖြစ်တယ်လို့ပဲ ထင်နေတာ။ စိတ်လည်း မကောင်း ဘူး"

နိုင်လင်းက အားနာစွာနှင့် မိုးကို တောင်းပန်နေသည်။

"ဒါနဲ့ စာမေးပွဲနောက်ဆုံးနေ့တုန်းက မိုးတို့နှစ်





ယောက် ချိန်းထားတယ် မဟုတ်လား"

"ဟုတ်တယ် ... သူ ရောက်မလာခဲ့ပါဘူး"

"အို ... ဟုတ်လား ... ဖြစ်မှဖြစ်ရလေ၊ ဘာဖြစ်လို့ မလာတာတဲ့လဲ"

မိုး ခေါင်းခါယမ်းပြသည်။

"ဒီနေ့အထိ မိုးအဖြေရှာမရသေးဘူး၊ မိုးလည်း မစုံစမ်းတော့ဘူး။ မိုးရဲ့မေမေ လာခေါ်တာနဲ့ မအူပင်ကို ပြန်သွားရတယ်။ မိုး မေမေသဘောတူတဲ့ ကိုကိုအောင်နဲ့ လက်ထပ်ပြီး နိုင်ငံခြားကို လိုက်သွားခဲ့တယ်၊ သမီးလေး သုံးနှစ်သမီးရောက်မှ နိုင်ငံခြားက ပြန်လာဖြစ်တယ်"

"ငါသိသလောက်တော့ မိုးရယ် လင်းထွဋ်ဟာ အရာရာမှာ အလေးအနက်မထားပေမယ့် နင့်ကိုတော့ လေးလေးနက်နက် ချစ်ရှာပါတယ်။ မဆုံစည်းကြတာကတော့ ကံတရားလို့ပဲ ပြောရမှာပေါ့"

ဝေမာက တွေးတွေးဆဆ ပြောသည်။

"မိုးဘဝမှာတော့ ဒီအနှစ်နှစ်ဆယ်အတွင်းမှာ သူ့ကို တစ်နေ့မှ မေ့မရဘူး။ သူကတော့ ဘဝထဲက မိုးပျောက်ကွယ်သွားတာကို နှင်းပွင့်လေးတစ်ပွင့် ပျောက်သွားတာလောက်တောင် အလေးထားမှာ မဟုတ်ဘူး၊ ဟော … သမီးပြန်လာပြီ … မိုး သွားလိုက်ဦးမယ်နော်"

မိုးနှင့်သမီးလေးတို့ ပုသိမ်တက္ကသိုလ်ထဲသို့ ဆက်လျှောက်လာကြသည်။

"ကြည့်စမ်းပါဦး သမီးရယ် … ပုသိမ်တက္ကသိုလ်ကြီးဟာ သာယာလှပနေလိုက်တာ၊ ပညာရည်မြင့်မားရေး အနှစ်သုံးဆယ် စီမံကိန်းနဲ့အညီ ပညာရည်မြင့်မား တိုးတက်အောင် ဆောင်ရွက်နေချိန်ဆိုတော့ ခေတ်မီစာသင်ခန်းတွေ ကွန်ပျူတာတွေနဲ့ ပိုပြီးတိုးတက်ခေတ်မီနေမှာပေါ့ကွယ်၊ ကဲ … ကဲ … သမီး ကျောင်းလခ သွားသွင်းလိုက်ဦးနော်၊ မေမေမောလို့ ဒီနားမှာ ခဏနားနေလိုက်ဦးမယ်"

သမီးထွက်သွားပြီးနောက် တစ်ခါက မောင်နှင်အတူ





လမ်းလျှောက်နေကျဖြစ်သည့် ဇူစပ်ရွှေဝါတွေပွင့်သည့် ကန်စောင်း နားမှာရပ်ရင်း ပုသိမ်တက္ကသိုလ်၏ အလှအပကို ခံစားနေမိသည်။

သည်အခိုက်မှာ ပင်မဆောင်ဘက်ဆီသို့ လမ်းလျှောက်လာသော သူနှင့်ဆုံသည်။

"မိုး … မိုး … မိုး မဟုတ်လားဟင်"

သူ့အသံကြောင့် မိုးရင်တွေ ဆောင့်ခုန်သွားသည်။

"မောင် … မောင်"

"ဟုတ်ပါတယ် … တစ်ခါက မိုးရဲ့မောင်ပါ"

"မိုးတို့ ဝေးခဲ့ကြတာ အကြာကြီးနော်"

"ကမ္ဘာတွေ ခြားခဲ့ကြတာပါမိုး"

"မိုး သမီးကို ကျောင်းလာအပ်တာ၊ ဟောဟိုမှာ လာနေပြီ … သူက မိုးရဲ့သမီးလင်းလင်းမိုး",

"သူက မောင့်ရဲ့ သား မိုးထွင်း"

သူတို့နှစ်ယောက်ရဲ့ ရင်ထဲက ထာဝရသံယောဇဉ်

တွေကို အလိုလို နားလည်လိုက်ကြသည်။

“သားရေ …ညီမလေးကို စာသင်ခန်းတွေ လိုက်ပြလိုက်ပါကွယ်”

ကလေးနှစ်ယောက် စာသင်ဆောင်ဘက်ဆီသို့ ထွက်သွားကြသည်။

“မိုးရဲ့ရင်ထဲမှာ အနှစ်နှစ်အလလ သိမ်းဆည်းထားရတဲ့ မေးခွန်းကို မေးပါရစေမောင်၊ စာမေးပွဲနောက်ဆုံးနေ့က ‘မိုး’ဆီကို မောင် ဘာဖြစ်လို့ မလာတာလဲဟင်”

“မိုးဆီကို မောင်လာပါတယ်၊ စာမေးပွဲဖြေပြီးလို့ စာသင်ခန်းထဲကအထွက်မှာ ဆရာမဒေါ်မိုးမိုးမြင့် ဆိုင်ကယ်အက်ဆီးဒင့်ဖြစ်လို့ ဆေးရုံပို့ရတယ်၊ ကားနဲ့ဝင်တိုက်မိတာဆိုတော့ ဒဏ်ရာပြင်းလို့ အရေးပေါ်ခွဲစိတ်ရတယ်၊ မောင်နဲ့ဆရာမတစ်ယောက်နဲ့ ထိုင်စောင့်ပြီးလိုတာတွေ ဆောင်ရွက်ပေးရတယ်။ ခွဲစိတ်ရာမှာ သွေးလိုလို့ မောင့်ရဲ့သွေးကို လှူခဲ့ရသေးတယ်၊ ခွဲစိတ်မှုတွေအားလုံးပြီးလို့ စိတ်ချရတဲ့ အခြေအနေ





ရောက်မှ ‘မိုး’ဆီကို လာနိုင်ခဲ့တယ်၊ အဲဒီအချိန်မှာ မိုးကို မတွေ့ရတော့ဘူးလေ”

ပြင်၍မရသော အမှားအတွက် နောင်တတရားတို့ဖြင့် မိုးရင်ထဲမှာ တင်းကျပ်နေသည်။ သမီးလေးက သရုပ်ဆောင်ပိုင်လိုက်သည်ဖြစ်ခြင်း။

မောင့်နေရာမှာ သရုပ်ဆောင်သည့် မိုးထွန့်ကလည်း သရုပ်ဆောင်ပီပြင်သည်။

“နောက်ဆုံးတော့ မောင့်ကို ဌာနကပဲပိုင်သွားတာပဲနော်၊ ဌာနက ဆရာမရဲ့ကိစ္စကိုပဲ ဦးစားပေးလိုက်ရတာပဲနော်”

“ဟုတ်ပါတယ်မိုး …မောင့်ကို ဌာနကပဲပိုင်သွားတာပါပဲ၊ အခု ပုသိမ်တက္ကသိုလ်မြန်မာစာဌာနမှာ မောင်ပါမောက္ခဖြစ်နေပြီလေ”

“မိုး ဝမ်းသာပါတယ်မောင်၊ မောင်ဟာ ဘာသာရပ်နဲ့ ဌာနအပေါ်မှာ စေတနာအပြည့်အဝ ရှိခဲ့တဲ့သူပဲ၊

ပါမောက္ခဖြစ်ထိုက်ပါတယ်”

ထိုအခိုက်မှာ မိုးထွဋ်နှင့် လင်းလင်းမိုးတို့ ပြန်လာကြသည်။

“သမီးပြန်လာပြီမောင်၊ မိုး သွားတော့မယ်နော်”

ထာဝရချစ်ပါသော်လည်း ကံကြမ္မာ၏လှည့်စားမှုကြောင့် ထာဝရ ဝေးကွာကြရပေဦးမည်ဆိုသော အသိများနှင့် ကျောခိုင်းလျှောက်လှမ်းခဲ့ကြရသည်။

သို့ရာတွင် သမုဒယပွင့် များကတော့ ကြွေလွင့်ဆဲ …

စာတ်သိမ်းပြီး ချစ်သူနှစ်ဦး ပြန်လှည့်ကာ ပြန်ကြည့်ကာနှင့် ခွဲခွာခန်းတွင် နောက်ခံတေးသံက ပွဲခင်းတစ်ခုလုံးကို လွှမ်းသွားသည်။

တက္ကသိုလ် ××× မြကျွန်းသာသည် ××× အချစ်တို့၏ ဆုံဆည်းရာ×××သစ္စာတရားတို့၏ ဖြစ်တည် မွေးဖွားရာ ချစ်သူ့မြို့တော် ××× ချစ်

△

မိုးမိုး - တယ



သူ့မြို့တော်ပါ ××× ကြိုဆိုခြင်းနဲ့ နှုတ်ဆက်ခြင်းသည် ××× မြကျွန်းညို့ရဲ့ ယဉ်ကျေးမှုပါ ××× ဒီတော့လည်း ဆုံဆည်းမှုအဆုံးမှာ ××× ချစ်သူတို့များ ××× ခွဲခွာနှုတ်ဆက် ××× ဘဝခရီးဆက်ခဲ့တာ ××× ကုသိုလ် ကြမ္မာမမီပါခဲ့ ×××တက္ကသိုလ်ရဲ့ ဟိုမှာဘက်ကမ်းနဲ့ ဒီမှာ ဘက်ကမ်းပမာ ×××ဝေးကွာလှမ်းလို့ ×××ဘဝခြား ××× ကမ္ဘာခြင်းခြားခဲ့ကြတာ ×××

သို့ပါသော်လည်း ××× အတိတ်ကချစ်ခြင်းကြင်နာ ခြင်းတွေသည် ×××တက္ကသိုလ်တို့ကျောင်း ×××ချစ်သူမြို့ ပေါင်းမှာ ×××ကျန်နေဆဲပါ ×××ရှိနေဆဲပါ ×××ချစ်သူ့ ခြေရာ ×××ထင်နေဆဲပါ ×××ချစ်သူ့ပြုံးပန်း ပွင့်လန်းနေဆဲ ပါ ××× ကံ့ကော်ရနံ့ ×××သင့်ပျံ့ပျံ့မှာ ချစ်သူကိုယ်နံ့ ××× သင်းပျံ့ပျံ့မှာ ×××လွင့်မျောနေဆဲ မွှေးနေဆဲပါ ×××

△

မိုးမိုး - တယ

သီချင်းထဲမှာ နစ်မျောနေသည့်အတွက် ပွဲပြီးသွားသည်အထိ မိုး ငြိမ်သက်နေဆဲ။

"မောင့်ကိုခွင့်လွှတ်ပါမိုး၊ ကလေးတွေရဲ့ဘဝမှာ မေတ္တာကမ္ဘာ မခြားပါရစေနဲ့ မိုးရယ်၊ မောင့်ကို မိုးအနေနဲ့ ချစ်ကြွေးတင်နေတယ်လို့ ယူဆရင် မောင့်သားကို အကြွေးနဲ့ သိမ်းလိုက်ပါနော်"

မိုး ပြုံးလိုက်သည်။ ခွင့်လွှတ်ခြင်းအပြုံးနှင့်အတူ တက္ကသိုလ်အိပ်မက်မှ နိုးထလွတ်မြောက်သွားပြီဟု ခံစားလိုက်ရပါသည်။

မိုးနှင့် မောင်တို့၏ ပုသိမ်တက္ကသိုလ်ကြီးသည် ရွှန်းလဲ့ ထွန်းပနေသော လပြည့်ည၏ အရိပ်အောက်မှာ သာယာလှပ နေဆဲပါ

**မိုမို(ဆေးတက္ကသိုလ်)**

ပိုမိုး - တယ